သမဏာနဉ္စ ဒဿနံ ဧတံ မင်္ဂလ မုတ္တမံ၊ ရဟန်းတော်များကို ဖူးမြော်ရခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၂ ရက်၊ ၂၀၀၄ ခုနှစ်၊ ဇွန် ၁၆ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၀)၊ အမှတ်(၂၅၇)

လမ်းတံတားများဖွင့်လှစ်ပေးနိုင်၍ဒေသခံများ များစွာအကျိုးဖြစ်ထွန်းလာမည်

မွန်ပြည်နယ် ဘီးလင်းမြို့နယ်နှင့် ကျိုက်ထိုမြို့နယ်အတွင်းရှိ လမ်းနှင့်တံတားများကို အသစ်တည်ဆောက် ဖွင့်လှစ်ပေးခြင်းကြောင့် ဘီးလင်းမြို့နယ် ကေလာသတောင်အရှေ့ခြမ်းနှင့် အနောက်ခြမ်းရှိ ကျောက်ရေတွင်း၊ အနိုင်းပွန်၊ ကော့ကဒွတ်၊ သစ်တိုကျွန်း၊ ဇုတ်သုတ်၊ ယွန်ဒလင်းကုန်း၊ တောင်ဇွန်း၊ ပေါက်တော၊ ကင်းရွာ၊ တောင်ကြီးဝင်းက၊ ယက္ကန်းသည်မ၊ သိမ်ငူနှင့် ကျိုက်ပိစသည့် ကျေးရွာများမှ ဒေသခံပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်မှုတို့အတွက် များစွာအကျိုးဖြစ်ထွန်းလာမည်ဖြစ်သည်။

မွန်ပြည်နယ် ဘီးလင်းမြို့နယ်အတွင်းရှိ ချိန်းချောင်းတံတား၊ အနိုင်းပွန်တံတားဖွင့်ပွဲအခမ်းအနားနှင့် ရွှေဝါရောင်လမ်းမကြီးအပိုင်း(၄)ဖွင့်ပွဲအခမ်းအနားများ အတွင်းရေးမှူး(၁)တက်ရောက်ချီးမြှင့်

ရန်ကုန် ဇွန် ၁၅

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ယနေ့ နံနက်ပိုင်းတွင် ရဟတ်ယာဉ်ဖြင့် ရန်ကုန်မြို့မှ ထွက်ခွာရာ မွန်ပြည်နယ် သထုံခရိုင် ဘီးလင်းမြို့သို့ နံနက် ၇ နာရီ ၄၅ မိနစ်တွင် ရောက်ရှိသည်။

ကြိုဆို

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ အမှတ်(၄၄) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်၊ သထုံတပ်နယ်မှူး ဗိုလ်မှူးချုပ်မြင့်စိုး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဘီးလင်းမြို့နယ် ဇုတ်သုတ်ကျေးရွာ ချိန်းချောင်းတံတားနှင့် အနိုင်းပွန်ကျေးရွာတံတား ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါ တံတားဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် *စာမျက်နှာ ၃ ကော်လံ ၁* ●

ရွှေဝါရောင်လမ်းမကြီးအပိုင်း(၄) ကတ္တရာလမ်းသစ်

မွန်ပြည်နယ် ဘီးလင်းမြို့နယ်နှင့် ကျိုက်ထိုမြို့နယ်ချင်း ဆက်သွယ်သည့် ရွှေဝါရောင်လမ်းမကြီး အပိုင်း(၄) ကတ္တရာလမ်းသစ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ချိန်းချောင်းတံတား

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဇုတ်သုတ်ကျေးရွာ ချိန်းချောင်းတံတားကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့်တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၃ ခုနှစ်၊ ဇွန်လ ၁၆ ရက်)

နိုင်ငံတော်အမြန်ဖွံ့ဖြိုးတိုးတက်ရေးလက်တွဲကြိုးပမ်း ခေတ်မီပုစွန်မွေးမြူရေးသိသာစွာဖွံ့ဖြိုးလာရန်ဖိဖိစီးစီးဆောင်ရွက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အဖွဲ့ဝင်များနှင့်အတူ ဇွန်လ ၈ ရက်နေ့ နံနက်ပိုင်းတွင် ပုသိမ်မြို့နယ် ငွေဆောင်ကမ်းခြေ အပန်းဖြေစခန်းသို့ သွားရောက်ပြီး Myanmar Treasure Beach Resort, နှင့် Sunny Paradise Resort ရှိ တည်းခိုဆောင်များ၊ ကမ်းခြေဝန်းကျင် စိမ်းလန်းသာယာလှပရေး ဆောင်ရွက်ထားမှုများ၊ ငွေဆောင်ကမ်းခြေ အပန်းဖြေစခန်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ရေအရင်းအမြစ် အခြေအနေများ၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးအခြေအနေများ၊ ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင်–

"နိုင်ငံတော်၏ အရေးပါသော စီးပွားရေးကဏ္ဍများဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် သစ်တောကဏ္ဍတို့အနက် သစ်တောကဏ္ဍမှာ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရန် အကန့်အသတ်များ ရှိသော်လည်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတို့မှာမူ နိုင်ငံတော်၏ ရေမြေရာသီဥတုအခြေအနေအရ အရှိန်အဟုန်မြှင့်တင်၍ ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် လုပ်ကိုင်ဆောင်ရွက်၍ရသော အခြေခံရှိသော ကဏ္ဍများဖြစ်ကြောင်း၊ ယင်းကဏ္ဍများတစ်ဆင့်မြင့်မားတိုးတက်လာအောင်၊ မွေးမြူရေး လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်ဆောင်ရွက်နိုင်အောင် စီမံအားပေးရမည်ဖြစ်ကြောင်း"
ပြောကြားသွားသည်။

နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ထူထောင်ရာ၌ တိုင်းရင်းသားလုပ်ငန်းရှင်များနှင့်အတူ လက်တွဲထူထောင်သွားမည်ဟူသည့် ယုံကြည်ချက်ဖြင့် နိုင်ငံတော်အစိုးရက တိုင်းရင်းသားလုပ်ငန်းရှင်များအား ထိထိရောက်ရောက် အားပေးကူညီလျက်ရှိသည်။ နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များ လက်တွဲပူးပေါင်း၍ နိုင်ငံတော်ကို တည်ဆောက်မှသာ နိုင်ငံတော်ကြီး အမြန်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

နိုင်ငံတော်ကို စက်မှုနိုင်ငံဖြစ်ရေးအတွက် ထူထောင်နေဆဲကာလတွင် အခြေခံရှိပြီးဖြစ်သော စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောစသည့် ကဏ္ဍသုံးရပ်ကိုအခြေပြုပြီး လိုအပ်သောအရင်းအနှီးများကို စုဆောင်း၍ ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းသွားကြရမည်ဖြစ်သည်။ ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းစုံမှ ယခုအခါ နှစ်စဉ်ဒေါ်လာသန်း ၃၀၀ ကျော်ရရှိနေရာ ယခုထက်ပိုမိုတိုးတက်ရရှိအောင် အားပေးဆောင်ရွက်ကြရမည်ဖြစ်သည်။

ငါးမွေးမြူရေးလုပ်ငန်းကို လုပ်ငန်းရှင်များကျွမ်းကျင်စွာ ဆောင်ရွက်နိုင်ပြီဖြစ်သကဲ့သို့ ခေတ်မီပုစွန်မွေးမြူရေးလုပ်ငန်းကိုလည်း စတင်မွေးမြူလာတတ်ပြီဖြစ်ရာ ယခုထက်ပိုမို တိုးချဲ့လုပ်ကိုင်သွားကြရန် လိုအပ်ပေသည်။

ပုစွန်မွေးမြူရန် ရေ၊ မြေအခြေအနေပေးသည့် မြန်မာနိုင်ငံ၌ ပုစွန်လုပ်ငန်းမှပင် ဒေါ်လာသန်း ၄၀၀ ကျော် ၅၀၀ ခန့်ရရှိအောင်လုပ်နိုင်မှသာ သားငါးကဏ္ဍအနေဖြင့် နိုင်ငံတော်၏ စီးပွားရေးကို ထိထိရောက်ရောက် အထောက်အကူ ပြုလာနိုင်မည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် နှစ်တိုစီမံကိန်းတစ်ရပ်ချမှတ်၍ ခေတ်မီပုစွန်မွေးမြူရေးလုပ်ငန်းကို သိသာစွာ ဖွံ့ဖြိုးတိုးတက်လာအောင် ဖိဖိစီးစီးအားပေးပျိုးထောင်သွားရန် လိုအပ်သကဲ့သို့ ပုစွန်မွေးမြူသူများကိုလည်း စည်းရုံးစုစည်းသွားရမည်ဖြစ်သည်။

ငွေဆောင်ဒေသ၌ ယုဇနကုမ္ပဏီကပုစွန်ကန် ၂၂၆ ကန်၊ ရွှေခရကုမ္ပဏီလီမိတက်က ပုစွန်ကန် ၃၂ ကန်၊ ရွှေမိသားစုကုမ္ပဏီလီမိတက်က ၃၄ ကန်၊ Max Myanmar ကုမ္ပဏီလီမိတက်က ၁၆ကန် တူးဖော်၍ ရေငန်ပုစွန်များ အောင်မြင်စွာမွေးမြူကာ ပြည်ပဝင်ငွေရရှိလျက်ရှိသည်။

ယုဇနကုမ္ပဏီလီမိတက်အနေဖြင့် မြစ်တွင်းငါးမွေးမြူခြင်းလုပ်ငန်းကို ဝေန်မြစ်၌ဆောင်ရွက်လျက်ရှိရာ ငါးမွေးသည့် သံလှောင်အိမ်များမှာ အလျား ၅၉ ပေ၊ အနံ ၂၈ ပေ၊ အနက် ၁၈ ပေ၊ အလျားပေ ၆၀၊ အနံ ၂၈ ပေ၊ အနက် ၁၈ ပေ၊ အလျားပေ ၇၀၊ အနံပေ ၃၀၊ အနက် ၁၈ ပေ စသည်ဖြင့် အရွယ်အစားအမျိုးမျိုးရှိကြသည်။

သံလှောင်အိမ်တစ်ခုလျှင် ပျမ်းမျှငါးတန်ကောင်ရေတစ်သိန်း မွေးမြူထားပြီး စုစုပေါင်းသံလှောင်အိမ် ၁၂ ခုဖြင့် ငါးတန်များ မွေးမြူပြီးဖြစ်သည်။ သံလှောင်အိမ်ဘေးတွင် အလျားပေ ၂၀၊ အနံပေ ၂၀၊ အနက် ၆ ပေအကျယ်အဝန်းရှိ လှောင်အိမ်များဖြင့်လည်း လှောင်အိမ်တစ်ခုလျှင် တီလားပီးယား ငါးကောင်ရေ တစ်သောင်းစီ မွေးမြူထားကြောင်း သိရှိရသည်။

ငါး၊ပုစွန်အပါအဝင်ရေထွက်ပစ္စည်းများကို ပြည်ပသို့တင်ပို့ရောင်းချရာ၌ ဈေးကွက်ကိုတိုးချဲ့နိုင်အောင် ကြိုးပမ်းထိုးဖောက်ကြရန် အရေးကြီးသည်။ ရေထွက်ပစ္စည်းများကို ပုံမှန်ကုန်သွယ်ရေးလမ်းကြောင်းမှသာမက နယ်စပ်ဒေသ ကုန်သွယ်မှုလမ်းကြောင်းကပါ တင်ပို့ရောင်းချလျက်ရှိနေရာ နယ်စပ်ကုန်သွယ်မှုစနစ်ကိုလည်း ပုံမှန်ကုန်သွယ်မှုစနစ်သို့ ကူးပြောင်းနိုင်အောင် ကြိုးစားသွားကြရန် လိုအပ်သည်။ ဈေးကွက်ကကြိုက်နှစ်သက်မည့် အရည်အသွေးအဆင့်အတန်းရှိသော ရေထွက်ပစ္စည်းများကို ထုတ်လုပ်နိုင်မှသာ ဈေးကွက်ကို ပိုမိုထိုးဖောက်နိုင်မည်ဖြစ်သည်။

နိုင်ငံတော်က တိုင်းရင်းသားလုပ်ငန်းရှင်များအား ထိထိရောက်ရောက် အားပေးကူညီလျက်ရှိသည့်အလျောက် နိုင်ငံတော်ကြီး အမြန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတော်အစိုးရနှင့် လက်တွဲ ပူးပေါင်း ကြိုးပမ်းတည်ဆောက် ကြရမည်ဖြစ်သည်။ စက်မှုနိုင်ငံဖြစ်ပေါ်ရေးအတွက် အခြေခံရှိပြီးဖြစ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောကဏ္ဍသုံးရပ်ကို အခြေပြုပြီး ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် ခေတ်မီပုစွန်မွေးမြူရေး သိသာစွာ ဖွံ့ဖြိုးတိုးတက်လာစေရန် ဖိဖိစီးစီးအားပေးစည်းရုံး ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်နှင့် ကျန်းမာရေးဒုတိယဝန်ကြီး လားရှိုးမြို့အထွေထွေရောဂါကုဆေးရုံကြီး ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၁၅

ရှမ်းပြည်နယ်(မြောက်ပိုင်း)အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် လားရှိုးမြို့သို့ ရောက်ရှိနေသော ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးတို့သည် ဇွန် ၁၀ရက်တွင် ရှမ်းပြည်နယ် လားရှိုးမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး SARS ရောဂါကုသရေးအတွက် သီးသန့်ဆောင် ဖွဲ့စည်းဆောင်ရွက်ရန် အခြေအနေများကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် ပြည်နယ်ဆေးရုံကြီးခန်းမ၌ SARS ရောဂါ ထောက်လှမ်းကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေ၊ အကာအကွယ်ဝတ်စုံများ ရရှိဝတ်ဆင်ရေး၊ ပြုစုကုသသူများကို ရောဂါပြန့်ပွားမှု မရှိရေး၊ အသုံးပြုပြီး ပစ္စည်းများကို ပိုးသန့်စင်ခြင်းနှင့် စနစ်တကျ စွန့်ပစ်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာလှဖေနှင့် ညွှန်ကြားရေးမှူး ဒေါက်တာစံရွှေဝင်းတို့က ဖြည့်စွက်ဆွေးနွေးကြပြီး ဆေးရုံအုပ်ကြီး ဒေါက်တာ ခင်မောင်ဝါက SARS ရောဂါ ထောက်လှမ်းကာကွယ်ကုသရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို တင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ပေးသည်။

ထို့နောက် ပြည်နယ်ဆေးရုံကြီးတွင် SARS ရောဂါကုသရေးအတွက် သီးသန့်ဆောင်ဖွဲ့စည်းဆောင်ရွက်ရေးအတွက် အခန်းရွေးချယ်ခြင်း၊ ပြင်ဆင်ဖွဲ့စည်းခြင်းများကို မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒလမြို့နယ်ကမာအောင် ချောင်းကူးတံတားကြီးတည် ဆောက်ရန် ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲကို ဇွန် ၇ ရက်က မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအစည်း အဝေးခန်းမ၌ ပြုလုပ်ရာ မြို့မ(၁) ရပ်ကွက် ဥက္ကဋ္ဌ ဦးဘခိုင်နှင့် ကမာအောင် စက်တပ်ရေယာဉ်ကြီးကြပ်ရေးအဖွဲ့မှ ဦးတင်ရီတို့က အလှူငွေကျပ် ၁၀သိန်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ကျေးလက်အိမ်ရာပန္နက်တင်

ရန်ကုန် ဇွန် ၁၅

ကျေးလက်အိမ်ရာစီမံကိန်းအရ ကျေးလက်နေပြည်သူများ လူနေမှုအဆင့်အတန်း မြင့်မားရေးအတွက် မှော်ဘီမြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးထွန်းမြိုင် ဦးစီးသည့် ကျေးလက်အိမ်ရာစီမံကိန်းအကောင်အထည်ဖော်ရေးအဖွဲ့ဝင်များ၊ ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အိမ်ဆောက်လုပ်မည့်သူများက အိမ်ငါးအိမ် ပန္နက်ရိုက်ပွဲအခမ်းအနား ကို ဇွန် ၇ ရက် နံနက်၌ ညောင်နှစ်ပင်ကျေးရွာတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ရန်ကုန်မြောက်ပိုင်းခရိုင် ပြန်/ဆက်ရုံးနှင့် အင်းစိန်မြို့နယ် ဈေးကုန်းအရှေ့ရပ်ကွက်တို့ ပူးပေါင်းပြုလုပ်သည့် နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲနှင့် မှူခင်းကျဆင်းရေးဟောပြောပွဲကို ဇွန် ၁၃ ရက်က သုခမိန် စာကြည့်တိုက်တွင်ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးညီညီ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ခင်မောင်သန်းနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးတင်မောင်လွင်တို့က ဖဲကြိုးဖြတ်ဖွင့်ပေးစဉ်။ (ခရိုင် ပြန်/ဆက်)

တရားစခန်းဖွင့်လှစ်

ရန်ကုန် ဇွန် ၁၅

ဓမ္မရသရိပ်သာ ကမ္မဋ္ဌာန်းနည်းပြ ဆရာကြီးဦးသန်းရွှေ(ဒလ–အံ့ကြီး)က မန္တလေးတိုင်းဝမ်းတွင်းမြို့နယ် မဟာဇောတိကရာမသိမ်တောင် တောရကျောင်းတိုက်တွင် ဇွန် ၁၇ ရက် နံနက် ၇ နာရီမှစတင်၍ ဇွန် ၂၃ ရက် အထိ ၇ ရက်တရားစခန်း ဖွင့်လှစ်မည်ဖြစ်ရာ ဖုန်း ၀၆၄–၅၀၂၃၁ နှင့် ၅၀၂၃၂ သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်သည်ဟုသိရသည်။ **(က–ပ)**

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ



စက်ခလုတ်နှိပ် ဖွင့်လှစ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် မွန်ပြည်နယ်ဘီးလင်းမြို့နယ်ဇုတ်သုတ်ကျေးရွာ ချိန်းချောင်း တံတားနှင့် အနိုင်းပွန်ကျေးရွာ တံတားဖွင့်ပွဲအထိမ်းအမှတ် မော်ကွန်းကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

● မွန်ပြည်နယ်မှ

အဖွဲ့ဝင်များ၊ မွန်ပြည်နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ မွန်ပြည်နယ် သထုံခရိုင်နှင့် ဘီးလင်းမြို့နယ်တို့မှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဘီးလင်းမြို့နယ် ဇုတ်သုတ်ကျေးရွာ၊ အနိုင်းပွန်ကျေးရွာတို့မှ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဖွင့်လှစ်

အစီအစဉ်အရ သထုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အောင်၊ ကျိုက်ထီးဆောင်း သာသနာ ဆောက်လုပ်ရေးအဖွဲ့မှ လူမှုထုံးချွန်ဒုတိယဆင့် ဦးမြင့်ရီနှင့် ဦးစံတိုးတို့က ဇုတ်သုတ်ကျေးရွာ ချိန်းချောင်းတံတားနှင့် အနိုင်းပွန်ကျေးရွာတံတားတို့ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က ဇုတ်သုတ်ကျေးရွာ ချိန်းချောင်းတံတားနှင့် အနိုင်းပွန်ကျေးရွာ တံတားဖွင့်ပွဲအထိမ်းအမှတ် မော်ကွန်းကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ယင်းနောက် ကျိုက်ထီးဆောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တပညာဒီပနှင့် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်တို့က တံတားဖွင့်ပွဲအထိမ်းအမှတ် မော်ကွန်းကမ္ပည်းကျောက်စာကို အမွှေးနံ့သာရည်တို့ဖြင့် ပက်ဖျန်းပေးကြသည်။

ချိန်းချောင်းတံတား

ယနေ့ဖွင့်လှစ်သည့် ဇုတ်သုတ်ကျေးရွာ ချိန်းချောင်းတံတားမှာ အရှည်ပေ ၉၀၊ အကျယ် ၁၆ ပေရှိ သံကူကွန်ကရစ် တံတားအမျိုးအစား ဖြစ်သည်။ အနိုင်းပွန်ကျေးရွာတံတားမှာ အရှည် ၄၆ ပေ၊ အကျယ် ၁၆ ပေရှိ သံကူကွန်ကရစ်တံတားအမျိုးအစား ဖြစ်သည်။

အဆိုပါတံတားများကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၏ ပံ့ပိုးမှု၊ ကျိုက်ထီးဆောင်း သာသနာဆောက်လုပ်ရေးအဖွဲ့နှင့် ပြည်သူလူထု ပူးပေါင်းမှုတို့ဖြင့် ပြုပြင်တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

မွန်းလွဲပိုင်းတွင် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဘီးလင်းမြို့နယ် ယက္ကန်းသည်မကျေးရွာထိပ်မုခ်ဦး၌ကျင်းပသည့် ဘီးလင်းမြို့နယ် ကျိုက်ထီးဆောင်း ဆံတော်ရှင်နှင့် ကျိုက်ထိုမြို့နယ် ကျိုက်ထီးရိုး ဆံတော်ရှင်သို့ ဆက်သွယ်သည့် ဒေသဖွံ့ဖြိုးရေး ရွှေဝါရောင်လမ်းမကြီး အပိုင်း(၄) ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဖွင့်လှစ်

အခမ်းအနားသို့ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များ၊ မွန်ပြည်နယ် သထုံခရိုင် ဘီးလင်းမြို့နယ်၊ ကျိုက်ထိုမြို့နယ်၊ သထုံမြို့နယ်တို့မှ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဘင်ခရာ၊ ပန်းဖွားအဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများ၊ ကျေးရွာအုပ်စုတို့မှ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အစီအစဉ်အရ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်တို့က ရွှေဝါရောင်လမ်းမကြီးအပိုင်း(၄) ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က ရွှေဝါရောင်လမ်းမကြီး အပိုင်း(၄) ကတ္တရာလမ်းသစ်ဖွင့်ပွဲ အထိမ်းအမှတ် မော်ကွန်းကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ကျိုက်ထီးဆောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တပညာဒီပနှင့် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်တို့က ရွှေဝါရောင်လမ်းမကြီးအပိုင်း(၄) ကတ္တရာလမ်းသစ် ဖွင့်ပွဲအထိမ်းအမှတ် မော်ကွန်းကမ္ပည်းကျောက်စာကို အမွှေးနံ့သာရည်တို့ ဖြင့်ပက်ဖျန်းပေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ရွှေဝါရောင်လမ်းမကြီး အပိုင်း(၄) ကတ္တရာလမ်းသစ်ကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုကြပြီး ကျိုက်ထိုမြို့သို့ ရောက်ရှိကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကျိုက်ထိုမြို့မှ ရန်ကုန်မြို့သို့ ရဟတ်ယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် ရောက်ရှိကြသည်။

ဖွင့်လှစ်ခဲ့

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာနက ကျိုက်ထီးဆောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တပညာဒီပအား အမှူးထားလျက် ဘီးလင်းမြို့နယ်နှင့် ကျိုက်ထိုမြို့နယ်ကျေးရွာချင်း ဆက်သွယ်သည့် အရှည်မိုင်၂၀ ရှိ ရွှေဝါရောင်လမ်းမကြီးအပိုင်း(၁)၊ အပိုင်း(၂)နှင့် အပိုင်း(၃)တို့ကို ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ဖွင့်လှစ်ခဲ့ပြီး ဖြစ်သည်။

ယနေ့ဖွင့်လှစ်သည့် ချိန်းချောင်းတံတားနှင့် အနိုင်းပွန်ကျေးရွာတံတားသည် ရွှေဝါရောင်လမ်းမကြီးအပိုင်း(၁) ပေါ်တွင်ရှိပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနက ကျိုက်ထီးဆောင်းဆရာတော်အား အမှူးထားလျက် ကျိုက်ထီးဆောင်းသာသနာဆောက်လုပ်ရေးအဖွဲ့နှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ပြုပြင်တည်ဆောက်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ရွှေဝါရောင်လမ်းမကြီးအပိုင်း(၄)မှာ ဘီးလင်းမြို့နယ် ယက္ကန်းသည်မကျေးရွာ၊ သိမ်ငူကျေးရွာနှင့်ကျိုက်ထိုမြို့နယ် ကျိုက်ပိကျေးရွာချင်းဆက် ၃ မိုင် ၁ ဒသမ ၅ ဖာလုံရှည်ရှိ ကတ္တရာလမ်းဖြစ်ကာ အကျယ် ၁၂ ပေ ရှိသည်။ ကျိုက်ထီးဆောင်းဆရာတော်နှင့် တပည့် ဒါယကာ ဒါယိကာမများက လှူဒါန်းငွေကျပ် ၁၂၈ ဒသမ ၂ သိန်း၊ နိုင်ငံတော်၏ ပံ့ပိုး ငွေကျပ် ၁၄၁ ဒသမ ၈ သိန်း စုစုပေါင်း သိန်း ၂၇၀ အကုန်အကျခံကာ တည်ဆောက်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

အကျိုးဖြစ်ထွန်းလာ

မွန်ပြည်နယ် ဘီးလင်းမြို့နယ်နှင့် ကျိုက်ထိုမြို့နယ်အတွင်းရှိ ရွှေဝါရောင်လမ်းမကြီးအပိုင်း(၁)၊ အပိုင်း(၂)၊ အပိုင်း(၃)နှင့် အပိုင်း(၄)တို့ကို ဖွင့်လှစ်နိုင်ခြင်းနှင့် ယင်းလမ်းမကြီးပေါ်ရှိ သုဝဏ္ဏရတနာတံတား၊ ဇုတ်သုတ် တံတား၊ ချိန်းချောင်းတံတားနှင့် အနိုင်းပွန်တံတားများကို အသစ်တည်ဆောက် ဖွင့်လှစ်ပေးခြင်းကြောင့် ဆံတော်ရှင်စေတီတော်များဖြစ်ကြသည့် ကျိုက်ထီးဆောင်း၊ ကျိုက်ဒေးယုံ၊ ကေလာသ၊ မြသပိတ်၊ ကျိုက်ပေါလောနှင့် ကျိုက်ထီးရိုးစေတီတော်များသို့ ဘုရားဖူးများ လျင်မြန်လွယ်ကူစွာ သွားလာကြည်ညိုဖူးမြော်နိုင်မည့်အပြင် ဘီးလင်းမြို့နယ် ကေလာသတောင် အရှေ့ခြမ်းနှင့် အနောက်ခြမ်းရှိ ကျောက်ရေတွင်း၊ အနိုင်းပွန်၊ ကော့ကဒွတ်၊ သစ်တိုကျွန်း၊ ဇုတ်သုတ်၊ ယွန်ဒလင်းကုန်း၊ တောင်ဇွန်း၊ ပေါက်တော၊ ကင်းရွာ၊ တောင်ကြီးဝင်းက၊ ယက္ကန်းသည်မ၊ သိမ်ငူနှင့် ကျိုက်ပိ စသည့် ကျေးရွာများမှ ဒေသခံပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်မှုတို့အတွက် များစွာအကျိုးဖြစ်ထွန်းလာမည်ဖြစ်သည်။

ဘီးလင်းမြို့နယ်ရှိ ကေလာသပတ်ဝန်းကျင် ကျေးရွာဒေသများနှင့် ကျိုက်ထိုမြို့နယ် ကျိုက်ထိုမြို့တို့ ဆက်သွယ်သွားလာရာတွင် ယခင်က ၃၇ မိုင်ကျော် ခရီးလမ်းကိုအသုံးပြု၍ သွားလာခဲ့ကြရသည်။ ယခု ရွှေဝါရောင်လမ်းအပိုင်း ၁၊ ၂၊ ၃ နှင့် ၄ တို့ကို ဖောက်လုပ်ဖွင့်လှစ်နိုင်သဖြင့် ခရီးတိုသွားပြီး ခုနစ်မိုင်ခန့်သာ ကွာဝေးသည့်လမ်းအတိုင်း လွယ်ကူစွာ သွားလာဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ အလှူငွေနှင့် အလှူပစ္စည်း ပေးအပ်လှူဒါန်းပွဲတွင် အလှူရှင် စာရေးဆရာ မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)က အလှူငွေကျပ် ၆၀၀၀၀ ကို အဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)ထံ ပေးအပ်လှူဒါန်းရာ ဂုဏ်ပြုလွှာပေးအပ်စဉ်။ (သတင်း–၁၂) (သတင်းစဉ်)

လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းသင်တန်းဖွင့်

ရန်ကုန် ဇွန် ၁၅

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနနှင့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့တို့ပူးပေါင်းဖွင့်လှစ်သော ၂၀၀၃ ခုနှစ် မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်းကောက်ယူရေးအတွက် လုပ်ငန်းသင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မြေစာရင်းဦးစီးဌာန(အင်းစိန်မြို့)တွင် ကျင်းပသည်။

အခမ်းအနားတွင် တိုင်းမြေစာရင်းဦးစီးဌာနမှူး ဦးနိုင်ဝင်းက လယ်ယာကဏ္ဍစာရင်းဇယားမှန်ကန်ရေးအတွက် အလေးထား ဆောင်ရွက်ကောက်ယူကြရန် မှာကြားသည်။ **(က–ပ)**

ဝါဆိုသင်္ကန်းလှူဒါန်းနိုင်

ရန်ကုန် ဇွန် ၁၅

အလျားအနံပြည့် ပိတ်အုပ်အသစ်များဖြင့် အထူးချုပ်လုပ်ထားသော သမ္မတဝါဆိုသင်္ကန်းများကို ရုံး၊ စက်ရုံ၊ အလုပ်ရုံ၊ ကုမ္ပဏီများမှ စုပေါင်းလှူဒါန်းကြမည့်သူများနှင့် မိသားစုတစ်ဦးချင်း ဝါဆိုသင်္ကန်း ကပ်လှူကြမည့်သူများအတွက် အလွယ်တကူဝယ်ယူနိုင်ရန် အထူးစီစဉ်ထားသည်။

ဝါဆိုသင်္ကန်းလှူဒါန်းကြမည့်သူများ သီဟသုခမ္မ မဏိဇောတဓရ ဦးသန်းနိုင်၊ သီဟသုခမ္မသိင်္ဂီဒေါ်ကြည်ကြည်ဆွေ သမ္မတသင်္ကန်းတိုက် အမှတ်၁၁၈ (စီ)၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်၊ ဖုန်း–၅၄၅၃၈၅၊ ၅၄၅၃၈၆၊ အမှတ်၂၃(ဘီ)၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်၊ ဖုန်း–၅၄၄၈၅၄သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရှိရသည်။ **(က–ပ)**

ရေကြည်မြို့နယ်အသင်း(ရန်ကုန်)ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇွန် ၁၅

ရေကြည်မြို့နယ်အသင်း(ရန်ကုန်)က (၁၃)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇွန် ၂၉ ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကြည့်မြင်တိုင်မြို့နယ် ပိဋကတ်တိုက်ကျောင်း စလင်းကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများနှင့် ရေကြည် မြို့နယ်သူမြို့နယ်သားများ ကြွရောက်ကြည်ညိုကြပါရန်နှင့် ဥက္ကဋ္ဌ ဦးဝင်းကြည် ဖုန်း–၂၈၃၈၆၂၊ အတွင်းရေးမှူး ဦးသန့်ဇင် ဖုန်း–၅၃၆၀၁၆၊ ဘဏ္ဍာရေးမှူး ဦးကြည်ဝင်း ဖုန်း–၂၂၅၇၉၀ တို့ထံ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ



အီရတ်နိုင်ငံအား အမေရိကန်ဦးဆောင်သောတပ်ဖွဲ့များကျူးကျော်သိမ်းပိုက်နိုင်သော်လည်း အမေရိကန်တပ်ဖွဲ့ဝင်များသည် အီရတ်ပြည်သူများ၏ ခုခံတိုက်ခိုက်မှုများနှင့် ရင်ဆိုင်နေရသည်။

အီရတ်နိုင်ငံတွင် မကြာသေးမီရက်ပိုင်းအတွင်း အမေရိကန်နှင့် အီရတ်တို့ တိုက်ခိုက်မှုများ ဖြစ်ပွားရာ နေရာပြ မြေပုံ။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်၌လုံခြုံမှုမရှိ၊ ရာဇဝတ်မှုများထူပြောနေဆဲ အန္တရာယ်ကိုစိုးရိမ်၍ အမျိုးသမီးများအပြင်မထွက်ရဲ

ဘဂ္ဂဒက် ဇွန် ၁၄

အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များက ဆက်ဒမ်ဟူစိန်၏အစိုးရကို ဖယ်ရှားခဲ့သည်မှာ နှစ်လရှိသွားပြီဖြစ်သည့်တိုင်အောင် အီရတ်နိုင်ငံတွင် လုံခြုံမှုမရှိဘဲဖြစ်နေပြီး ရာဇဝတ်မှုများလည်း ထူပြောလျက်ရှိနေဆဲပင်ဖြစ်သည်။ တစ်ချိန်တည်း၌ပင် အခြေခံဝါဒီများ၏ ဖိအားပေးမှုများလည်း တိုး၍ဖြစ်ပေါ်လာလျက်ရှိသည်ဟု ယူနီဆက်နှင့် ကုလသမဂ္ဂ ကယ်ဆယ်ရေးအရာရှိများက ပြောကြားသည်။

ကျောင်းသူကလေးများ၊ အလုပ်သွားသူ အမျိုးသမီးများ၊ အပြင်ထွက်သူ အမျိုးသမီးများကို ရှေးထုံးစံအတိုင်း မျက်နှာကို ပဝါခြုံ၍သွားရန် ဖိအားပေးခံနေရသည်။ ခြိမ်းခြောက်ခံနေရသည်။ ထိုအခြေအနေများကြောင့် အမျိုးသမီးများ၏ လွတ်လပ်ခွင့်များဆုံးရှုံးနေရသည်။ အန္တရာယ်ကို စိုးရိမ်၍ ညပိုင်း၊ ညနေပိုင်းများ မသွားရဲ မလာရဲဘဲ ဖြစ်နေသည်။ အချို့ အပြင်ပင် မထွက်ရဲအောင် ဖြစ်နေကြသည်ဟုဆိုသည်။

ကြေညာ

အမည်နာမ တိတိကျကျမသိနိုင်သော ဘာသာရေးအခြေခံပါတီများက အီရတ်နိုင်ငံကို သိမ်းပိုက်ထိန်းချုပ်ထားသော အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များကို ဘာသာရေးစစ်ပွဲဆင်နွှဲရန် ကြေညာထားပြီး ဖြစ်သည်ဟု ဆိုသည်။

ယခုအတောအတွင်း အီရတ်နိုင်ငံ၌ အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များနှင့် ပုလိပ်စခန်းများအား အစုအဖွဲ့ဖြင့် စနစ်ရှိရှိ တိုက်ခိုက်မှုများတိုး၍ ဖြစ်ပေါ်လာနေသည်။

ခြိမ်းခြောက်ခံနေရ

အမေရိကန်များနှင့်ပူးပေါင်းဆောင်ရွက်နေကြသော ဒေသခံ အာဏာပိုင်များမှာလည်း အခြိမ်းအခြောက် ခံနေကြရသည်။ ထို့အပြင် စစ်အပြီးတွင် ကျန်ရစ်သော ပြန့်ကျဲနေသေးသည့် စစ်ကျန် မပေါက်ကွဲသေးသည့် လက်နက်ခဲယမ်းများ၏ အန္တရာယ်ကလည်း အီရတ်လူထုအား ခြောက်လှန့်လျက်ရှိသည်ဟု ဆိုသည်။

(အင်တာနက်)

အီရတ်နိုင်ငံအနှံ့ တင်းမာမှုများ ပိုမိုပြင်းထန်လာ အမေရိကန်တို့အား အုပ်စုလိုက်ခုခံတိုက်ခိုက်လျက်ရှိ

ဘဂ္ဂဒက် ဇွန် ၁၄

လွန်ခဲ့သည့်နှစ်ရက်အတွင်း အီရတ်နိုင်ငံ၌ တင်းမာမှုများ ပိုမိုမြင့်တက် ပြင်းထန်လာသည်။ ဘဂ္ဂဒက်မြို့ အရှေ့မြောက်ဘက် ဘောလ်ဂျဒ်၌ အမေရိကန်တင့်ကားကို အာပီဂျီခေါ် တင့်ကားဖျက်ဒုံးကျည်ဖြင့် ဇွန် ၁၃ ရက်က တိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီးနောက် အမေရိကန်တပ်ဖွဲ့က အီရတ် ၂၇ ဦးကို သတ်ဖြတ်ခဲ့သည်။ အမေရိကန်တို့သည် အီရတ်စစ်ပွဲပြီးနောက် အကြီးကျယ်ဆုံး စစ်ဆင်ရေးကို ကြာသပတေးနေ့က စတင်ခဲ့ပြီး လူပေါင်း ၄၀၀ ခန့်ကို ဖမ်းဆီးခဲ့သည်။

အီရတ်စစ်ပွဲပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင် ၃၀ သေဆုံးခဲ့ရမှုကြောင့် အီရတ်နိုင်ငံတွင်း၌ အုပ်စုလိုက် ခုခံတိုက်ခိုက်မှုများဖြင့် ကြုံတွေ့နေရကြောင်း အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့က ဝန်ခံပြောကြားခဲ့သည်။

အပါချီရဟတ်ယာဉ်တစ်စင်း ကြာသပတေးနေ့တွင် ပစ်ချခံခဲ့ရပြီး ထိုနေ့မှာပင် ရေနံပိုက်လိုင်းတစ်ခု မီးတင်ရှို့ခြင်းလည်း ခံခဲ့ရသည်။ ဘောလ်ဂျဒ်၌ ကြာသပတေးနေ့က ဖမ်းဆီးခဲ့မှုများကြောင့် အီရတ်ပြည်သူများ၏ ဒေါသပိုမိုကြီးမားလာပြီး ဘဂ္ဂဒက်မြို့၌ ဆန္ဒပြခဲ့ကြသည်။

အလားတူ မိုဆိုးလ်မြို့၌ ပြင်းထန်သည့်ဆန္ဒပြမှုအတွင်း အီရတ်နှစ်ဦးသေဆုံးခဲ့ကာ သောကြာနေ့က လမ်းမပေါ်၌ တိုက်ခိုက်ပစ်ခတ်မှုကြောင့် ပြည်သူအတော်များများ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ **(စီအက်ဖ်အိုင်)**

အီရတ်ကြွေးမြီသက်သာခွင့် ရုရှားပေးမည် အားလုံးလျှော်ပစ်ရန်မဖြစ်ဟု ပြောဆို

မော်စကို ဇွန် ၁၄

အီရတ်စစ်ပွဲမတိုင်မီက ရုရှားနှင့် အီရတ်နိုင်ငံတို့သည် စီးပွားရေးအရ ဆက်ဆံမှုရှိခဲ့သည်။ အီရတ်စစ်ပွဲပြီးနောက် နိုင်ငံတကာအသိုင်းအဝိုင်းတွင် စိတ်ဝမ်းကွဲပြားမှုများဖြစ်ပေါ်ခဲ့ရာ ရုရှားနိုင်ငံက ကုန်သွယ်မှုပြုရန် ရွေးချယ်သည့် နိုင်ငံများနှင့်ပတ်သက်ပြီး ရုရှားနိုင်ငံ၏ ဆိုဗလင်းကုမ္ပဏီမှ အဲရစ်ကရော့စ်နှင့် စီအင်န်အင်န်က တွေ့ဆုံမေးမြန်းခဲ့သည်။

ရုရှားနိုင်ငံသည် ကမ္ဘာတွင် အင်အားတောင့်တင်းသော နိုင်ငံများ၌ ပါဝင်ပြီး အနောက်နိုင်ငံများ အထူးသဖြင့် အမေရိကန်နိုင်ငံနှင့် နိုင်ငံရေးအရ ဆက်ဆံမှုရှိကြောင်း၊ သို့ရာတွင် စီးပွားရေးရှုထောင့်မှဆိုလျှင် ဥရောပနိုင်ငံများနှင့် ဆက်ဆံရေးက ပိုအရေးကြီးကြောင်း၊ ဂျာမနီနိုင်ငံသည် ရုရှား စွမ်းအင်ပို့ကုန်အတွက် ကြီးမားသော ဈေးကွက်ဖြစ်ကြောင်း ဖြေကြားသွားသည်။

အီရတ်စစ်ပွဲမတိုင်မီက အီရတ် ရေနံလုပ်ငန်းတွင် ရုရှားကုမ္ပဏီကြီးများက စာချုပ် ချုပ်ဆိုထားခဲ့ကြောင်း၊ အီရတ်တို့က ရုရှားအပေါ် ပေးရန်ကြွေးမြီ ၁၁ ဘီလီယံတင်ရှိနေပြီး ၎င်းကြွေးမြီကို လျှော်ပစ်ရန်မရည်ရွယ်ကြောင်း၊ ပြင်သစ်၊ ဂျာမနီနှင့် အခြားဥရောပနိုင်ငံများက ၎င်းတို့အပေါ်တင်ရှိနေသည့် ကြွေးမြီ များကို ပေးချေရန်တောင်းဆိုနေကြရာ ရုရှားကလည်း ကြွေးမြီအချို့ကို သက်သာခွင့်ပေးမည်ဖြစ်သော်လည်း အားလုံးကို လျှော်ပစ်ရန်မှု မဖြစ်နိုင်ကြောင်းဖြင့် အဲရစ်ကရော့စ်က ပြောကြားခဲ့ကြောင်း သိရသည်။

(စီအင်န်အင်န်)

အီရတ်စစ်ပွဲအတွင်းသေဆုံးသူ အရပ်သား ၁၀၀၀၀ အထိရှိနိုင်ကြောင်း သုတေသနအုပ်စု တစ်စုက လေ့လာပြောဆို

ဘဂ္ဂဒက် ဇွန် ၁၅

အီရတ်နိုင်ငံကို အမေရိကန်ဦးဆောင်တပ်များ ကျူးကျော်တိုက်ခိုက်စဉ်အတွင်း အရပ်သား ၅၀၀၀ ထက်မနည်း သေဆုံးခဲ့ကြောင်း သုတေသနအုပ်စု တစ်စုက အခိုင်အမာပြောဆိုလိုက်သည်။ အထောက်အထားများ ပိုမိုရရှိချိန်တွင် သေဆုံးသူဦးရေ ၁၀၀၀၀ ထိရှိနိုင်သည်ဟု ဆိုသည်။

လူထုဆက်သွယ်ရေးသတင်းများမှရရှိသော အရပ်သား ထိခိုက်သေဆုံးမှု စာရင်းဇယားများကို ဗြိတိသျှနှင့် အမေရိကန် သုတေသနပြုသူများ၏ စေတနာ့ဝန်ထမ်းအုပ်စုက စုဆောင်းပြုစုခဲ့ရာတွင် စစ်ပွဲအတွင်း သေဆုံးသောအရပ်သား ၅၀၀၀ နှင့် ၇၀၀၀ ကြားရှိသည်ဟု ခန့်မှန်းကြသည်။

သုတေသနအုပ်စုအချို့သည် အီရတ်နိုင်ငံရှိ ဆေးရုံနှင့် ရင်ခွဲရုံများသို့ သွားရောက်ကာ စာရင်းယူခဲ့ကြပြီး သေဆုံးသူများ၏ ဆွေမျိုးသားချင်းများကိုလည်း တွေ့ဆုံမေးမြန်းခဲ့ကြသည်။ အချို့သည် အဓိကမြို့ကြီးများတွင် လေ့လာမှုပြုလုပ်ခဲ့ကြသည်။

ပြည့်စုံစွာပြုလုပ်ခဲ့သော လေ့လာမှုသုံးခုတွင် ဘဂ္ဂဒက်မြို့ တစ်မြို့တည်း၌ပင် သေဆုံးသူအရပ်သား ၁၇၀၀ မှ ၂၃၅၆ ဦးအထိ ရှိနိုင်ကြောင်း ဖော်ပြခဲ့သည်။ **(အင်တာနက်)**

SARSရောဂါဖြစ်ပွားမှု သတိပြုကာကွယ်ကြ တရုတ်၌ SARSရောဂါထိန်းချုပ်နိုင်ပြီ

ကုလသမဂ္ဂ ဇွန် ၁၄

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က SARSရောဂါဖြစ်ပွားမှုသည်ပြီးဆုံးပျောက်ကွယ်လုနီးပါးရှိသော်လည်း နိုင်ငံများအနေနှင့် သတိပြု ကာကွယ်ကြရန်လည်း သတိပေးထားသည်။

တရုတ်နိုင်ငံတွင်း SARSရောဂါဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ပြီ ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထောက်ခံ အတည်ပြုပြောကြားလိုက်ပြီ ဖြစ်သည်။ SARSရောဂါကုသရေးအတွက် တရုတ်သုတေသီတစ်ဦး၏ စမ်းသပ်ချက်သည်လည်း အောင်မြင်မှုရနေပြီ ဖြစ်သည်။

အဆိုပါ စမ်းသပ်ချက်မှာ SARS ဗိုင်းရပ်စ်ပိုးက ခန္ဓာကိုယ်အတွင်းဝင်ရောက်လာသည့်အခါ ခန္ဓာကိုယ်က အလိုအလျောက် ထုတ်လုပ်ပေးသော ခုခံစွမ်းအားကို ရှာဖွေဖော်ထုတ်ခြင်း ဖြစ်သည်။

ယခုအထိ SARSရောဂါဖြစ်ပွားမှုကို အဆုတ်များပျက်စီးခြင်းကဲ့သို့သော လက္ခဏာများပြမှသာ သိရှိရခြင်းဖြစ်သည်။ ကနေဒါနိုင်ငံ၌လည်း ˚SARSရောဂါလက္ခဏာများ ပြသသော လူနာများကိုခွဲခြားပြီး ဆေးကုသနေရာ ရောဂါပျောက်ကင်းမှုရှိကြောင်း ပြသခဲ့သည်ဟု ဆိုသည်။ **(စီအင်န်အင်န်)**

ဇွန် ၁၄ ရက်က အီရတ်နိုင်ငံ ကာဘာလာမြို့တွင် အမေရိကန်ဆန့်ကျင်ရေးဆန္ဒပြသူ အီရတ်ပြည်သူများနှင့်အမေရိကန်တပ်ဖွဲ့ဝင်တို့အကြား ရုန်းရင်းဆန်ခတ်ဖြစ်ပွားလျက်ရှိစဉ်။

(ဓာတ်ပုံ-အင်တာနက်)

လုံခြုံရေးစိတ်မချ

ဘဂ္ဂဒက်မြို့ မြောက်ပိုင်း နေရာသုံးခုထက်မနည်းတွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ပြည်သူတို့ တိုက်ခိုက်မှုများဖြစ်ပွားခဲ့ရာ အသေအပျောက်များ ရှိခဲ့၍ အမေရိကန်တပ်ဖွဲ့ဝင်တို့ လုံခြုံရေးအတွက် စိတ်မချဖြစ်နေကြသည်။ ပုံမှာ ကားအသွားအလာထူပြောသည့် လမ်းဆုံတစ်နေရာတွင် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး ကင်းလှည့်လျက်ရှိစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ပြဿနာအားလုံးကယ်တင်ဖြေရှင်းပေးနိုင်မည်ဟုယူဆခဲ့သမျှ နောင်တရ အမေရိကန်တို့အပေါ် အီရတ်ပြည်သူများ စိတ်ပျက်နေကြပြီ

ဘဂ္ဂဒက် ဇွန် ၁၄

အီရတ်စစ်ပွဲပြီးသည့်နောက်ပိုင်း ဘဂ္ဂဒက်မြို့မှ မြို့သူမြို့သားများသည် သောက်သုံးရေပြတ်လပ်မှုအပါအဝင် အခြေခံလိုအပ်ချက်များ ရှားပါးပြတ်လပ်မှုတို့နှင့် နေ့စဉ်ကြုံတွေ့နေကြရသည့်အပြင် ဘဂ္ဂဒက်မြို့တွင်း၌လည်း ရာသီဥတုပူပြင်းကာ အမှိုက်သရိုက်များ မြင်မကောင်းအောင် ပျံ့နှံ့လျက် တစ်မြို့လုံးညစ်ပတ်ပေရေနေသည့် မြင်ကွင်းများကို တွေ့မြင်နေကြရသည်။

ဘဂ္ဂဒက်မြို့သူမြို့သားများအနက် အများအားဖြင့် အမျိုးသမီးများသည် ထမင်းဟင်း ချက်ပြုတ်ရန် လောင်စာဓာတ်ငွေ့ဘူးများကို ဝယ်ယူနိုင်ရေးအတွက် နွေရာသီအပူဒဏ်အောက်တွင် နာရီပေါင်းများစွာ တန်းစီစောင့်ဆိုင်းဝယ်ယူကြရပြီး လမ်းမများပေါ်မှာ ဆူညံညစ်ပေလျက်ရှိနေသည်။

ပြန့်ကျဲနေ

အမေရိကန်တပ်ဖွဲ့ဝင်များက ထိန်းသိမ်းရန် ကြိုးစားသော်လည်း အခြေအနေ ဆိုးရွားမှုများကြောင့် အခက်အခဲများကြုံတွေ့နေရသည်။ ဘဂ္ဂဒက်မြို့ နေရာအနှံ့အပြား လမ်းမများပေါ်၌ မိလ္လာပိုက်လိုင်းများ၊ ရေဆိုးရေညစ်များနှင့် ရေလျှံမှုများ ဖြစ်ပွားနေပြီး အမှိုက်သရိုက်များ ပြန့်ကျဲနေကြောင်း သိရှိရသည်။

အနည်းငယ်သာပေးနိုင်

ဒေသခံ ဘာသာရေးအဖွဲ့ အစည်းတစ်ခုမှ အမှိုက်သိမ်းဆည်းရန်အတွက် တစ်နေ့လျှင် နှစ်ဒေါ်လာ နီးပါးပေးကာ သန့်ရှင်းရေးလုပ်ခိုင်းလျက်ရှိသော်လည်း လူအနည်းငယ်ကိုသာ လုပ်အားခပေးနိုင်သည့်အတွက် အမှိုက်သရိုက်များ ပျံ့နှံ့လျက်ရှိကြောင်း သိရှိရသည်။

စိတ်ပျက်နေကြ

အမေရိကန်တာဝန်ရှိသူများသည် ၎င်းတို့၏ ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းတစ်ခုမှာ အီရတ်ပြည်သူများအတွက် အလုပ်အကိုင်များ ဖန်တီးပေးရန်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ အီရတ်ပြည်သူများကလည်း အမေရိကန်တို့အနေနှင့် ပြဿနာကြီးငယ်များကို ဖြေရှင်းပေးနိုင်လိမ့်မည်ဟု ထင်မြင်ယူဆခဲ့ကြသော်လည်း ယခုအခါ အမေရိကန်များကို စိတ်ပျက်နေကြပြီဖြစ်ကြောင်း သိရသည်။ **(စီအင်န်အင်န်)**

အီရတ်စီးပွားရေးကို ပုဂ္ဂလိကပိုင်ပြုလုပ်ရေး အမေရိကန်တို့ အစီအစဉ်များချမှတ်လုပ်ဆောင်နေ

ဝါရှင်တန် ဇွန် ၁၄

အမေရိကန်တို့သည် အီရတ်နိုင်ငံစီးပွားရေးကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိကပိုင်ပြုလုပ်ရေး အစီအစဉ်များ ချမှတ်လုပ်ဆောင်နေသည်ဟု ဆိုသည်။ ထိုအစီအစဉ်အရ အမေရိကန်ကုမ္ပဏီ ၁၀ခုကို ကန်ထရိုက်လုပ်ငန်း ဝင်ရောက်လုပ်ကိုင်ရန် ဖိတ်ခေါ်ထားသည်။

ထိုဖိတ်ခေါ်ခံရသော ကုမ္ပဏီများမှာ ဘယ်ရာရင်ပွိုင့်၊ ဘူဇ်၊ အယ်လင်နှင့်ဟာမလ်တန်၊ နာသန်အဆိုဆီရိတ်၊ အိုင်ဘီအမ်၊ ဂလိုဘယ်ဆားဗစ်၊ ဒီဘယ်လုပ်မင့်အော်တာနေးတစ်၊ ကာရာနာကော်ပိုရိတ်၊ အဗ်အဆိုဆီရိတ်၊ ကီမိုးနစ်၊ ဒီလိုတီနှင့် ကွီချ်နှင့် ဖိုင်နင်ရှယ်မားကက်အင်တာနေရှင်နယ် ကုမ္ပဏီများဖြစ်ကြသည်။

ထိုကုမ္ပဏီများ၏ အမည်များကို အမေရိကန်အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအေဂျင်စီ(ယူအက်စ်အိပ်ချ်)သည် အီရတ်နိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲရေးနှင့် ပြန်လည်ထူထောင်ရေးစီမံချက်အရ ရွေးချယ်ခေါ်ယူခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

ထိုကုမ္ပဏီများသည် နိုင်ငံ၏ မိုက်ခရိုစီးပွားရေးပြုပြင်ပြောင်းလဲရာ၌ အကြံပေးခြင်း၊ အကောက်ခွန်၊ ငွေလဲလှယ်နှုန်း၊ ဘဏ္ဍာရေးမူဝါဒနှင့် ငွေကြေးနှင့်ဘဏ်လုပ်ငန်းများ ပြုပြင်ပြောင်းလဲခြင်း၊ ပုဂ္ဂလိက ကဏ္ဍာကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများဆိုင်ရာစသည်တို့တွင် ပါဝင်လုပ်ဆောင်ကြမည်ဟုဆိုသည်။ ဘယ်ရာရင်ပွိုင့် ကုမ္ပဏီသည် အလားတူကန်ထရိုက်မျိုးကို အာဖဂန်နိုင်ငံ၌ လုပ်ကိုင်လျက်ရှိကြောင်း ဝေါလ်စထရိဂျာနယ် သတင်းတွင် ဖော်ပြထားသည်။ **(အင်တာနက်)**

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

အမေရိကန်ဦးဆောင်သည့်တပ်ဖွဲ့မှ စစ်သားနှစ်ဦး အီရတ်၌ တစ်နေ့တည်းသေဆုံး

ဘဂ္ဂဒက် ဇွန် ၁၄

အမေရိကန်ဦးဆောင်သည့်တပ်ဖွဲ့မှ စစ်သားတစ်ဦးသည် ဖော်လူဂျာမြို့အနီး စစ်စခန်းဝင်း တစ်ခုအတွင်းရှိ ရေကန်တစ်ခုတွင် သေဆုံးနေသည်ကို သောကြာနေ့က တွေ့ရှိခဲ့ရသည်ဟု အမေရိကန်စစ်ဘက်က ပြောသည်။

ယင်းသေဆုံးနေသည့် စစ်သား၏ အမျိုးအမည်နှင့်နာမည်ကို အနီးစပ်ဆုံး မိသားစုဝင်များအား အကြောင်းမကြားရသေးမီ ထုတ်ဖော် ပြောဆိုမည်မဟုတ်ဟု အမေရိကန်စစ်ဘက်က ပြောဆိုခဲ့ပြီး ယင်းသေဆုံးသူ စစ်သားမှာ ရေကန်အတွင်း၌ ရေကူးနေပြီးနောက် ကြာသပတေးနေ့က ပျောက်ဆုံးနေခဲ့သူဖြစ်သည်ဟုဆိုသည်။

ဖော်လူဂျာမြို့မှာ ဆွန်နီမွတ်စလင်အများဆုံးနေထိုင်ကြရာ မြို့ဖြစ်ပြီး ဘဂ္ဂဒက်မြို့ အနောက်ဘက် မိုင် ၃၀ အကွာ အရပ်တွင် တည်ရှိသည်။

ယင်းမြို့သည် ဖြုတ်ချခံရသော ဆက်ဒမ်ဟူစိန်အပေါ် သစ္စာခံကြသူများက အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့မှ စစ်သားများကို မကြာခဏ တိုက်ခိုက်လျက်ရှိသည့် မြို့ဖြစ်သည်။

အီရတ်တောင်ပိုင်း ၁၂ မိုင်အကွာရှိ အယ်လ်ဘာဆတ်လေတပ်စခန်းတစ်ခု အနီးတွင် အမေရိကန် ဦးဆောင်သည့် တပ်ဖွဲ့မှ သံချပ်ကာကားတစ်စီး တိမ်းမှောက်ခဲ့ရာ စစ်သားတစ်ဦး သေဆုံးခဲ့ပြီး ရှစ်ဦး ဒဏ်ရာရခဲ့သည်။ **(အင်တာနက်)**

တရုတ်၏ သမုဒ္ဒရာဆိုင်ရာလေ့လာရေးဂြိုဟ်တု လုပ်ငန်းများကောင်းစွာလုပ်ကိုင်လျက်ရှိ

ဘေဂျင်း ဇွန် ၁၄

တရုတ်နိုင်ငံ၏ ပထမဆုံးသမုဒ္ဒရာဆိုင်ရာလေ့လာရေးဂြိုဟ်တု အိုးရှင်း(၁) အေသည် လွန်ခဲ့သောတစ်နှစ်ကျော်က လွှတ်တင်ပြီးချိန်မှစပြီး ၎င်းလုပ်ငန်းများကို ကောင်းမွန်စွာလုပ်ကိုင်လည်ပတ်လျက်ရှိသည်။အဆိုပါဂြိုဟ်တုသည် မြေပြင်မှ ထိန်းချုပ်ရေးစနစ်တို့နှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး သဘာဝဘေးအန္တရာယ်များကြိုတင်ခန့်မှန်းရေးအတွက် သမုဒ္ဒရာဆိုင်ရာ သဘာဝပတ်ဝန်းကျင်ကိုလေ့လာစောင့်ကြည့်ပြီး အချက်အလက်ပေါင်း ၁၀၀၀ကျော်ကို စုဆောင်းခဲ့သည်။ အဆိုပါ အချက်အလက်များကိုတရုတ်နိုင်ငံ ရေပိုင်နက် အတ္တလန္တိတ်သမုဒ္ဒရာ၊ တောင်ပစိဖိတ်သမုဒ္ဒရာ၊ အိန္ဒိယသမုဒ္ဒရာတို့မှစုဆောင်းခဲ့ခြင်းဖြစ်သည်။ ထိုစုဆောင်း ရရှိချက်များကြောင့် ဘိုဟိုင်းပင်လယ်၊ တရုတ်နိုင်ငံ အရှေ့ဘက် ကမ်းရိုးတန်းနှင့် ပင်လယ်ဝါတို့တွင် ဒီရေနီကျရောက်မှုကို ကြိုတင်သိရှိနိုင်ခဲ့သည်။ ထို့အပြင် ရေခဲများဖွဲ့စည်းပုံကိုလည်း ခန့်မှန်းထားခဲ့ကာ အန္တာတိကဒေသနှင့်အဓိကမြစ်ဝများကို လေ့လာစောင့်ကြည့်မည်ဖြစ်သည်။

အိုးရှင်း(၁)အေဂြိုဟ်တုသည်တရုတ်နိုင်ငံ၏ အကျိုးစီးပွားနှင့် သမုဒ္ဒရာများဆိုင်ရာ ဆောင်ရွက်လုပ်ပိုင်ခွင့်ကိုလည်း ကာကွယ်ပေးနိုင်ရန် ပိုမို အရေးပါသောကဏ္ဍာကဆောင်ရွက်လာနိုင်မည်ဖြစ်သည့်အပြင် သမုဒ္ဒရာဆိုင်ရာသယံဇာတများ ရှာဖွေရေးမှာလည်း အထောက်အကူပြုနိုင်မည်ဖြစ်သည်။ **(စီစီတီဗွီ)**

ပေါက်ကွဲမီးလောင်

ဘဂ္ဂဒက်မြို့ အရှေ့မြောက်ပိုင်း ဘာလက်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်တို့ တိုက်ခိုက်မှုကြောင့် အီရတ် ကတုတ်ကျင်းတစ်ခု ပေါက်ကွဲမီးလောင်နေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ကမ္ဘာ့စီးပွားရေးဖိုရမ် တောင်အာဖရိက၌ကျင်းပ အာဖရိကစီးပွားရေးတိုးတက်မှု အဓိကထားဆွေးနွေးမည်

ဂျိုဟန်နစ္စဘတ် ဇွန် ၁၄

အာဖရိကနိုင်ငံများဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ်ကို တောင်အာဖရိကနိုင်ငံ၌ ယခုသီတင်းပတ်အတွင်း ကျင်းပလျက်ရှိရာ အာဖရိကစီးပွားရေးတိုးတက်မှုနှင့် ပတ်သက်ပြီး အဓိကထားဆွေးနွေးကြမည်ဖြစ်သည်။ အာဖရိကနိုင်ငံများအတွင်း အလုပ်လုပ်နိုင်စွမ်းရှိသော အင်အားစု၏ လေးပုံတစ်ပုံသည် အေအိုင်ဒီအက်စ်ရောဂါကြောင့် သေဆုံးရမည့် အန္တရာယ်နှင့်ရင်ဆိုင်နေရကြောင်း၊ အာဖရိက၏ စီးပွားရေးသည် အာဖရိကနိုင်ငံများအတွင်း၌ပင် တိုးတက်သင့်ကြောင်း အစည်းအဝေး၌ဖော်ပြခဲ့သည်။

တောင်အာဖရိကသမ္မတ သာဘိုးအမ်ဘီကီကလည်း စီးပွားရေးတိုးတက်မှုနှင့် လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားစေရန် အာဖရိက စီးပွားရေးအဖွဲ့အစည်းများက အားထုတ်ဆောင်ရွက်ကြရန် တိုက်တွန်းခဲ့သည်။ (စီအင်န်အင်န်)

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

ဘဂ္ဂဒက်အနီးရှိ အမေရိကန်စစ်ဌာနချုပ်ကို အီရတ်တို့တိုက်ခိုက် အီရတ်နိုင်ငံ၌အမေရိကန်တို့သွေးချောင်းစီးတိုက်ပွဲများကြုံတွေ့နေရ

ဘဂ္ဂဒက် ဇွန် ၁၅

အမည်မသိရသော အီရတ်လက်နက်ကိုင်များသည် အီရတ်မြို့တော် ဘဂ္ဂဒက်အနောက်ဘက်ရှိ ရာမာဒီအမေရိကန်စစ်ဌာနချုပ်တစ်ခုကို တိုက်ခိုက်ခဲ့ရာ ယင်းအဆောက်အအုံမှာ စိန်ပြောင်းဒဏ်ကြောင့် မီးလောင်ပြာကျသွားသည်ဟု အာရပ်ရုပ်မြင်သံကြားဌာနတစ်ခုက တနင်္ဂနွေနေ့တွင် သတင်းပေးသည်။

ယင်း အာရပ်ရုပ်မြင်သံကြားဌာနသည် ကာတာနိုင်ငံအခြေစိုက် အယ်လ်ဂျာဇီယာ ရုပ်မြင်သံကြားဖြစ်ပြီး ဘဂ္ဂဒက်ရှိ သတင်းထောက်က လူနာတင်ယာဉ်များကို ရာမာဒီအမေရိကန်စစ်စခန်းတည်ရှိရာသို့ ဦးတည်မောင်းနှင် သွားနေကြသည်ဟု ဖော်ပြသည်။ ယင်းစစ်စခန်းမှာ ဆက်ဒမ်ဟူစိန် ပြုတ်မကျမီက အီရတ် ထောက်လှမ်းရေးဌာနချုပ်အဖြစ် အသုံးပြုခဲ့သော အဆောက်အအုံဖြစ်သည်။

အပြစ်ဆို

လွန်ခဲ့သည့်နှစ်ပတ်အတွင်းက ဘဂ္ဂဒက်အနောက်ဘက်ရှိ ရာမာဒီနှင့် ဖော်လူဂျာမြို့များ၏ ပတ်ဝန်းကျင်တစ်ဝိုက်တွင်လည်းကောင်း ဘားလက်၊ ဘာကူဆာနှင့် ဆက်ဒမ်၏ဇာတိမြို့ တီကရစ်မြို့တစ်ဝိုက်၌လည်းကောင်း ဆက်ဒမ်ဟူစိန်၏သစ္စာခံများက အမေရိကန်တပ်သားများကို ချုံခိုတိုက်ခိုက်ခဲ့ရာတွင် အမေရိကန်စစ်သား အတော်များများ သေဆုံးခဲ့ရသည်ဟု ဝါရှင်တန်က အပြစ်ဆိုထားသည်။

တိုက်ပွဲများဆင်နွှဲ

မေလ ၁ ရက်တွင် အမေရိကန်သမ္မတ ဂျော့ဘုရှ်က အီရတ်နိုင်ငံတွင် အဓိကတိုက်ပွဲများ ပြီးဆုံးသွားပြီဟု ကြေညာချိန်မှစ၍ အမေရိကန်တပ်များသည် ယခုအပတ်အတွင်း အီရတ်နိုင်ငံတွင် သွေးချောင်းအစီးဆုံး တိုက်ပွဲများကို ဆင်နွှဲခဲ့ရသည်ဟု ရိုက်တာက သတင်းပေးသည်။

(အင်တာနက်)

ဘာ့သ်ပါတီဝင်များ၏ တိုက်ခိုက်မှုများ တိုးလာ အီရတ်ကိုထိန်းချုပ်နိုင်ရေးကြိုးပမ်းမှုပိုကြာသွားနိုင်

ဝါရှင်တန် ဇွန် ၁၄

အီရတ်နိုင်ငံကို အမေရိကန် ဦးဆောင်ပြီး အခိုင်အမာ ထိန်းချုပ်နိုင်ရန် ကြိုးပမ်းအားထုတ်မှုများသည် မျှော်လင့်သည်ထက် ပိုကြာသွားနိုင်ကြောင်း၊ ဘာ့သ်ပါတီအစိုးရ အကြွင်းအကျန်များ၏ လက်နက်ကိုင်ခုခံမှုများ တိုးလာကာ ထိခိုက် သေဆုံးသော အမေရိကန်စစ်သားများလည်း တိုးလာနိုင်ကြောင်း စူးစမ်းလေ့လာသူများက သတိပေးထားသည်။

သိမ်းပိုက် တပ်များအတွက် တိုးလာသော ထိခိုက်အန္တရာယ်ဖြစ်မှုသည် ရှေ့တွင် လများကြာအောင် အခက်အခဲရှိမည့် လက္ခဏာနှင့် ပဋိပက္ခမှုဖြစ်မည့် လက္ခဏာတို့ဖြစ်သည်ဟု လေ့လာသူများက ပြောဆိုကြသည်။

မေလ ၁ ရက်၌ စစ်ပွဲပြီးဆုံးကြောင်း သမ္မတ ဂျော့ဒဗလျူဘုရှ်က ကြေညာခဲ့ချိန်ကစပြီး အီရတ်၌ သေဆုံးသော အမေရိကန်စစ်သား ၄၅ယောက် ရှိရာ ၁၃ ယောက်မှာ တိုက်ပွဲဖြစ်၍လည်းကောင်း၊ ၃၂ ဦးမှာ မတော်တဆမှုကြောင့်လည်းကောင်း သေဆုံးခဲ့ကြသည်။

(အင်တာနက်)

အီရတ်နိုင်ငံ မိုဆိုးလ်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်သေနတ်သမားတို့အကြား ပဋိပက္ခဖြစ်ပွားရာ အမေရိကန်စစ်ကားတစ်စီးအနီး လက်ပစ်ဗုံးပေါက်ကွဲမှု ဖြစ်ပွားစဉ်။ အဆိုပါ ပေါက်ကွဲမှုကြောင့် အမေရိကန်စစ်သားတစ်ဦး ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သည်။

(ဓာတ်ပုံ-အင်တာနက်)

ကျန်ဇီမင်းနှင့် လာအိုသမ္မတ ဆွေးနွေး လာအိုစီးပွားရေးတိုးတက်ရန် တရုတ်ကူညီမည်

ဘေဂျင်း ဇွန် ၁၅

တရုတ်နိုင်ငံသို့ သုံးရက်ကြာ အလည်အပတ်ရောက်ရှိနေသော လာအိုပြည်သူ့သမ္မတနိုင်ငံ သမ္မတခမ်တေးဆီဖန်ဒုံသည် တရုတ်နိုင်ငံ ဗဟိုစစ်ကော်မရှင်ဥက္ကဋ္ဌ ကျန်ဇီမင်းနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ပူးပေါင်းဆောင်ရွက်

ထိုသို့တွေ့ဆုံ ဆွေးနွေးရာတွင် ကျန်ဇီမင်းက လာအိုနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၌ ပါဝင်ကူညီမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံနှင့် လာအိုနိုင်ငံတို့၏ တရားဥပဒေပြုမှုနှင့် တရားရေးကဏ္ဍများမှ အပြန်အလှန်အတွေ့အကြုံ ဖလှယ်ရန်နှင့် ပူးပေါင်းဆောင်ရွက်ရန်တို့ကို ပြောကြားခဲ့သည်။

ရည်ရွယ်

ထို့အပြင် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးမြှင့်ရန် လိုလားကြောင်းလည်း ပြောကြားခဲ့သည်။ လာအိုသမ္မတကလည်း နှစ်နိုင်ငံအရှည်သဖြင့် ချစ်ကြည်ရင်းနှီးမှု တိုးတက်ရေးအတွက် ဗဟိုစစ်ကော်မရှင်ဥက္ကဋ္ဌ ကျန်ဇီမင်း၏ ဆောင်ရွက်ချက်များအား ကျေးဇူးတင်ကြောင်းနှင့် တရုတ်နိုင်ငံနှင့် ကဏ္ဍများစွာတွင် ပူးပေါင်းလုပ်ဆောင်ရန် ရည်ရွယ်ကြောင်း ပြောကြားခဲ့သည်။

ဆွေးနွေး

လာအိုသမ္မတသည် တရုတ်ဥပဒေပြုခေါင်းဆောင် ဝူဘန်ဂေါနှင့် တရုတ်ဝန်ကြီးချုပ် ဝမ်ကျားပေါင်တို့နှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

(စီစီတီဗွီ)

ပထမသုတ် ရေနံရောင်းချမှု အီရတ်၌ပြီးဆုံး အမေရိကန် ကုမ္ပဏီများသာ လေလံရရှိ

ဘဂ္ဂဒက် ဇွန် ၁၄

မတ်လလယ်တွင် အမေရိကန်ဦးဆောင်ပြီး အီရတ်ကို ကျူးကျော်တိုက်ခိုက်မှုကြောင့် အီရတ်၏ရေနံတင်ပို့ရောင်းချမှု ရပ်ဆိုင်းခဲ့ရချိန်မှစပြီး အီရတ်နိုင်ငံသည် ယခုအခါပထမအသုတ်ရေနံရောင်းချပြီးဆုံးသွားပြီဖြစ်သည်။

ကြာသပတေးနေ့က အီရတ်၏ ရေနံစည်၁၀သန်းကို လေလံတင်ရောင်းချခဲ့ရာ အမေရိကန် ပြည်ထောင်စု မှ ချက်ဗ်ရွန်တက်စ်ဇာကို ကုမ္ပဏီအပါအဝင် ကုမ္ပဏီခြောက်ခုက လေလံရရှိသွားသည်။

အီရတ်နိုင်ငံ ရေနံပြန်လည်စတင်ရောင်းချမှုကြောင့် နယူးယောက်တွင် ရေနံဈေးနှုန်းများကျရန် အထောက်အကူရခဲ့ပြီး ကြိုရောင်းရေနံစိမ်းဈေးနှုန်းသည် ၈၅ ဆင့်ကျဆင်းကာ ဒေါ်လာ ၃၁ ဒသမ ၅၁ သန်း၌ ရှိသည်။

စစ်မဖြစ်မီက အီရတ်သည် တစ်နေ့လျှင် ရေနံစည် ၁ ဒသမ ၇ သန်းခန့် တင်ပို့ခဲ့ရာ အကြမ်းအားဖြင့် ကမ္ဘာ့ရေနံတင်ပို့မှု၏ လေးရာခိုင်နှုန်းဖြစ်သည်။

ထိုသို့ဆိုသော်လည်း အီရတ်၏ ရေနံ အဆောက်အအုံများ ဖျက်ဆီးခံရမှုနှင့် လုယက်ခံရမှုတို့ကြောင့် ရေနံတင်ပို့နိုင်မှုစွမ်းအားသည် စစ်မဖြစ်မီက အဆင့်အောက် သုံးလေးလကြာမျှ ကျဆင်းဖွယ်ရှိသည်ဟုဆိုသည်။

လေလံကို အစုရှယ်ယာလုပ်ပြီး ဆွဲကြသော အခြားကုမ္ပဏီ ငါးခုမှာ စပိန်မှ ရက်ပ်ဆိုလ်နှင့် ဆက်ပ်ဆာ၊ တူရကီမှ တူပရာ့စ်၊ ပြင်သစ်မှ တိုတယ်နှင့် အီတလီမှ အီးအင်အိုင်တို့ဖြစ်ကြသည်။

(အင်တာနက်)

ဘဂ္ဂဒက်မြို့မြောက်ဘက် မိုင် ၆၀ အကွာရှိ ဘာလက်မြို့အနီး ကားလမ်းတစ်နေရာတွင် အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်ကားများကို ရပ်တန့်ပြီး စစ်ဆေးမှုများ ပြုလုပ်နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အာဆီယံအဆင့်မြင့်အရာရှိများ အစည်းအဝေးကျင်းပပြီးစီး အဆိုပြုထားသော အာဆီယံစီးပွားရေးအစုအဖွဲ့ကိစ္စ ထပ်ဆွေးနွေးမည်

ဖနွမ်းပင် ဇွန် ၁၅

အာဆီယံအဆင့်မြင့်အရာရှိများ၏ အစည်းအဝေးသည် စနေနေ့က ကျင်းပပြီးစီးသွားခဲ့သည်။ မကြာမီကျင်းပမည့် အာဆီယံအစည်းအဝေးအတွက် ပြင်ဆင်မှုများပြုလုပ်ပြီးစီးသွားပြီးနောက် အဆင့်မြင့်အရာရှိများ၏ အစည်းအဝေးသည် စနေနေ့က ပြီးဆုံးသွားခဲ့ခြင်း ဖြစ်သည်။

အစည်းအဝေးသို့ တက်ရောက်ကြသော အာဆီယံအဆင့်မြင့်အရာရှိများသည် အာဆီယံစီးပွားရေးအစုအဖွဲ့၊ အာဆီယံဝင်နိုင်ငံများအတွင်း စီးပွားရေးဆက်ဆံမှု တိုးတက်စေမည့် ဖွဲ့စည်းမှုအခြေခံ တောင့်တင်းခိုင်မာရေးတို့ကို နောက်ထပ်ဆွေးနွေးရန် သဘောတူကြသည်။

ထို့ပြင် သတ်မှတ်လျာထားချက် ပြည့်မီအောင်ကြိုးပမ်းရာတွင် ကွဲလွဲသော စီးပွားရေးဖွံ့ဖြိုးမှု အဆင့်များကို ထည့်တွက်ရန် အာဆီယံဝင်နိုင်ငံများ သဘောတူကြောင်း အာဆီယံအတွင်းရေးမှူးအဖွဲ့ ပြည်သူ့ရေးရာ အကြီးအကဲ အမ်စီအာဘက်ဒ်က ပြောဆိုသည်။

စီးပွားရေးပူးပေါင်းမှုသည် အာဆီယံ၏ အဓိကဆွေးနွေးမည့် ခေါင်းစဉ်ဖြစ်ပြီး သောကြာနေ့၌ အာဆီယံနိုင်ငံများကြား စီးပွားရေးပေါင်းဆက်ပေးမည့် ခြောက်နှစ်လုပ်ငန်းစီမံချက်ကို အရှိန်အဟုန်မြှင့်ရန် အဆင့်မြင့်အရာရှိများ အစည်းအဝေးတက်ရောက်သူများက သဘောတူခဲ့ကြသည်။

အာဆီယံ၌ လုပ်ဆောင်ရန် လုပ်ငန်းဆောင်တာ အများအပြားရှိရာတွင် စီးပွားရေးကဏ္ဍဟချက် လျှော့ချရေးသည် အရေးတကြီးကိစ္စ ဖြစ်သည်ဟု အာဆီယံပေါင်းစည်းရေးယူနစ် လက်ထောက်ညွှန်ကြားရေးမှူး ပိုလာဆင်းက သောကြာနေ့၌ ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ

အမေရိကန်တို့က အီရတ်အရပ်သားများကိုအစုလိုက်သတ်ဖြတ် အမေရိကန်တို့အတွက် ငရဲတံခါးများဖွင့်ထားပြီဟုဆို

ရာဝါ ဇွန် ၁၅

အမေရိကန်စစ်သားများသည် သောကြာနေ့အစောပိုင်းတွင် အီရတ်အရပ်သား ၁၀၀ ကျော်ကို အစုအပြုံလိုက် သတ်ဖြတ်ခဲ့ကြသည်ဟု မျက်မြင်တွေ့ရှိသူများက ပြောဆိုကြသည်။ အများစုမှာ အိပ်ပျော်နေခိုက်သတ်ဖြတ်ခံရခြင်း ဖြစ်သည်။

အမေရိကန်တပ်များသည်တင့်ကားများ၊ တိုက်ခိုက်ရေးရဟတ်ယာဉ်များမှနေ၍ ရာဝါမြို့ရှိ အီရတ်အရပ်သားများ၏ အိမ်များကို ပရမ်းပတာ ပစ်ခတ်ခဲ့ကြရာ လူအမြောက်အမြား သေဆုံးကြောင်းကို မျက်မြင်တွေ့ရှိသူများက ပြောဆိုကြသည်။ ရာဝါမြို့မှာ ဘဂ္ဂဒက်အနောက်မြောက်ဘက် ကီလိုမီတာ၄၀၀၌ ရှိသည်။

အမေရိကန်တို့က ဗုံးကြဲတိုက်ခိုက်မှုကြောင့် ၎င်းတို့၏ နေအိမ်များမှ ကတိုက်ကရိုက်ထွက်ပြေးကြရသည်။ အရပ်သားအချို့သည် ၎င်းတို့၏လက်နက်ငယ်များဖြင့် ထွက်လာကြပြီး အမေရိကန်တပ်များကို တိုက်ခိုက်ခဲ့ကြသည်။သေဆုံးသောဒဏ်ရာရသော အမေရိကန်စစ်သားအရေအတွက် အတိအကျမသိရကြောင်း မျက်မြင်များက ပြောဆိုသည်။

အမေရိကန်တို့သတ်ဖြတ်မှုကြောင့် သေဆုံးခဲ့ရသော ယောကျ်ားလေး ၁၂ ဦး၏ အလောင်းများကို ရှာဖွေတွေ့ရှိခဲ့ရာ ၎င်းတို့ကိုကြိုးများဖြင့်တုပ်နှောင်ထားပြီး ဦးခေါင်း၌ အသီးသီး သေနတ်ကျည် ထိမှန်ထားသည်ကို တွေ့ရသည်။

ယခုအခါမိမိတို့သည် မိမိတို့နိုင်ငံကို သိမ်းပိုက်သူများအား တုံ့ပြန်တိုက်ခိုက်ရုံသာမကဘဲ မိမိတို့လူငယ်ယောကျ်ားလေးများကို သတ်ဖြတ်သည့်အတွက်လည်း တုံ့ပြန်ကလဲ့စားချေရတော့မည်၊ အမေရိကန်အားလုံးအတွက်ငရဲတံခါးများအားလုံးကိုဖွင့်ပေးထားသည်ဟု လူမျိုးစုခေါင်းဆောင်တစ်ဦးဖြစ်သူ အဘူဆာဒွန်းက ပြောကြားသည်။ **(အင်တာနက်)**

ဇွန် ၁၄ ရက်က အီရတ်နိုင်ငံ ကာဘာလာမြို့၌ အီရတ်ပြည်သူများက အမေရိကန်စစ်သားကို ဝိုင်းအုံကာ ယင်းတို့၏ပြည်သူများအား ဖမ်းဆီးသတ်ဖြတ်နေမှုများကို ကန့်ကွက်ဆန္ဒပြနေကြစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အမေရိကန်၏ကျွန်းဆွယ်စစ်ဆင်ရေးကြောင့် အီရတ်တို့မခံမရပ်နိုင်ဖြစ် အိုးအိမ်များပျက်စီး၊ အရပ်သားများအရိုက်ခံနေရပြီး ထိန်းသိမ်းခံရ

ဘဂ္ဂဒက် ဇွန် ၁၅

ဆက်ဒမ်ဟူစိန်၏ အမာခံဒေသမှ ၎င်းအားထောက်ခံသူတိုက်ခိုက်ရေးသမားများကိုဖယ်ရှားပစ်ရန် အမေရိကန်တပ်များက စစ်ဆင်နေကြသည်။ ထိုလုပ်ရပ်ကြောင့် အမေရိကန်သိမ်းပိုက်ရေးတပ်များကို ဒေသခံများက မကျေမနပ်ဖြစ်ကာ ဒေါသထွက်နေကြသည်။

အီရတ်နိုင်ငံတွင် အဓိကစစ်ပွဲများပြီးသွားပြီဟု ကြေညာခဲ့ပြီးနောက်ပိုင်းတွင် ယခုပြုလုပ်သော ကျွန်းဆွယ်စစ်ဆင်ရေးသည် အမေရိကန်တပ်ဖွဲ့ဝင်အင်အား ထောင်နှင့်ချီ၍ ပါဝင်သော စစ်ဆင်ရေးဖြစ်သည်။ ၎င်းတို့သည် ဆက်ဒမ်သစ္စာခံများအဖြစ် မသင်္ကာနေသူများရှိရာ ဘာလဒ်မြို့တွင် စစ်ဆင်နေခြင်းဖြစ်သည်။

ထိုသွေးထွက်သံယိုမှုများသော စစ်ဆင်ရေးတွင် တင့်ကားတိုက်ကင်းအဖွဲ့ကို ချောင်းမြောင်းပစ်ခတ်သူ ၂၇ ဦး သေဆုံးသွားပြီဟု ဆိုသည်။

ပြီးခဲ့သောဧပြီလ ဆက်ဒမ်အစိုးရ မရှိတော့သည့်နောက်ပိုင်း၌ ရိက္ခာဖြန့်ဝေမှုအစီအစဉ် ရပ်ဆိုင်းသွားပြီး ဘာလဒ်မြို့တွင် အလုပ်လက်မဲ့တိုးပွားလာသည်။ ထိုမြို့သည် အလုပ်အကိုင်အတွက် စိုက်ပျိုးရေးလုပ်ငန်းနှင့် စစ်ဘက်ကို အားထားနေရသည်။

ယခုပြုလုပ်သော စစ်ဆင်ရေးကြောင့် ဘာလဒ်မြို့သားများ၏ နေအိမ်များနှင့် ပစ္စည်းများ ပျက်စီးကြရသည်ဟုဆိုသည်။ မြို့သားအများစုမှာ အရိုက်အနှက်ခံရသည်။ လက်ထိပ်ခတ်ခံရပြီးအကြောင်းပြချက်မရှိဘဲ နာရီများစွာ အထိန်းသိမ်းခံကြရသည်ဟုဆိုသည်။

အမေရိကန်တပ်ဖွဲ့များသည် စစ်ဆေးရေး ကင်းစခန်းများထူထောင်ပြီး လယ်သမားများ အလုပ်မဆင်းနိုင်အောင်ဟန့်တားထားကြသည်။ဈေးသွားရောင်းသူများကိုလမ်းတွင် ထိန်းသိမ်းထားသည်။ဆွန်နီမွတ်စလင်များ ကြီးစိုးသောထိုဒေသသည်အမေရိကန် စစ်သည်များ သေကျေစေရန် အကြိမ်ကြိမ် တိုက်ခိုက်ခဲ့သည်။ **(အင်တာနက်)**

ဟောက်သည့်ကလေး ပညာရေးညံ့ဖွယ်

ဘာလင် ဇွန် ၁၅

ဟောက်တတ်သည့်ကလေးများသည် ကျောင်းပညာရေး၌ ညံ့တတ်ကြသည်ဟု ဂျာမန်သိပ္ပံပညာရှင်များ၏ လေ့လာချက်သစ်တစ်ရပ်တွင် ဖော်ပြထားသည်။

မိမိတို့၏ လေ့လာချက်က ဟောက်ခြင်းသည် ကလေးတို့၏ ကျောင်းသင်ခန်းစာများအတွက် စွမ်းဆောင်ရည်တွင် ချို့တဲ့မှုရှိတတ်ကြောင်း ရှင်းရှင်းလင်းလင်း ဖော်ပြနေသည်ဟု တီဘင်ဂျင်တက္ကသိုလ်နှင့် ဟာနိုဗား ဆေးတက္ကသိုလ်တို့၏ ပူးတွဲလေ့လာချက်တစ်ရပ်တွင် သောကြာနေ့က ဖော်ပြသည်။

အမ်အင်အေ၊ ရိုက်တာ

စက်မှုစွမ်းအား ခေတ်ကျော်လွှား

ဆက်ဒမ်ဟူစိန်၏လက်နက်များရှာဖွေရေး အမေရိကန်အထူးတပ်ဖွဲ့ အီရတ်စစ်မဖြစ်မီကတည်းကရှာဖွေခဲ့ရာ ယခုတိုင်မတွေ့ရှိရသေး

ဝါရှင်တန် ဇွန် ၁၅

အထူးတာဝန်တပ်ဖွဲ့ မတ် ၂၀ ဟု လျှို့ဝှက်အမည်ပေးထားသည့် အမေရိကန်အထူးတပ်ဖွဲ့တစ်ဖွဲ့သည် ဆက်ဒမ်ဟူစိန်၏ အစုလိုက်အပြုံလိုက် သေကျေပျက်စီးနိုင်သည့်လက်နက်များကို ပင်လယ်ကွေ့စစ်ပွဲစတင်ခြင်း မပြုမီကတည်းက ရှာဖွေခဲ့ရာ ယခုချိန်အထိ ရှာဖွေမတွေ့ရှိရသေးကြောင်း ဝါရှင်တန်ပို့စ်သတင်းစာက သောကြာနေ့က သတင်းပေးသည်။

ယင်းအထူးတပ်ဖွဲ့ ၂၀ မှာ ဆက်ဒမ်ဟူစိန်၏ အစုလိုက်အပြုံလိုက် သေကျေပျက်စီးစေနိုင်သည့် လက်နက်များကိုရှာဖွေရန် အထူးလျှို့ဝှက်ဖွဲ့စည်းထားသည့် အမေရိကန်ကြည်းတပ်၏ ဒယ်လ်တာတပ်ဖွဲ့မှ လက်ရွေးစင်များကို ရွေးထုတ်ဖွဲ့စည်းခဲ့သည့် တပ်ဖွဲ့ဖြစ်သည်။ မတ် ၂၀ ရက်တွင် စတင်သည့် အီရတ်စစ်ပွဲမတိုင်မီကတည်းက အီရတ်လက်နက်များကို ရှာဖွေရာတွင် အဓိကကျသော အခန်းမှ ပါဝင်ခဲ့သော်လည်း ယင်းလက်နက်များကို ယခုတိုင် ရှာဖွေမတွေ့ရှိခဲ့သည့် အထူးတပ်ဖွဲ့ဖြစ်သည်။

ယင်းအထူးတပ်ဖွဲ့သည် စောစောပိုင်းက ဆက်ဒမ်ဟူစိန်၏ လက်နက်များကို ရှာဖွေတွေ့ရှိနိုင်မည့် အလားအလာများရှိကြောင်း ကနဦးသတင်းများကို ပေးပို့ခဲ့ရာမှ အမေရိကန်သမ္မတ ဂျော့ဘုရှ်နှင့် အမျိုးသားလုံခြုံရေး အတိုင်ပင်ခံပုဂ္ဂိုလ်တို့က ယင်းလက်နက်များတွေ့ရှိမည်ဟုအကောင်းဘက်က ရှုမြင်ခဲ့သည်။ သို့ရာတွင် ယင်းအထူးတပ်ဖွဲ့က တာဝေးပစ်ဒုံးပျံများကိုသော်လည်းကောင်း၊ ဒုံးပျံအစိတ်အပိုင်းများကိုသော်လည်းကောင်း၊ ဓာတုဗေဒနှင့် ဇီဝဗေဒစစ်ဆင်ရေးလက်နက်များကိုသော်လည်းကောင်း၊ နျူကလီးယားလက်နက်နည်းပညာနှင့်ပတ်သက်သည့် အထောက်အထားများကို လည်းကောင်း တွေ့ရှိကြောင်း အစီရင်ခံခြင်း မပြုခဲ့ဟု ဝါရှင်တန်ပို့စ်သတင်းစာက သတင်းပေးသည်။

အမ်အင်အေ၊ဆင်ဟွာ

လာမည့်နှစ် အမေရိကန်သမ္မတရွေးကောက်ပွဲတွင် အမေရိကန်မွတ်စလင်များ ဘုရှ်ကို မဲမပေးတော့

ဝါရှင်တန် ဇွန် ၁၅

၂၀၀၀ပြည့်နှစ် အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင် အမေရိကန်သမ္မတ ဂျော့ဘုရှ် အရွေးခံခဲ့ရာတွင် အလွန်သြဇာကြီးခဲ့သည့် အမေရိကန် မွတ်စလင်အသိုင်းအဝိုင်းသည် လာမည့်နှစ် သမ္မတရွေးကောက်ပွဲ၌ ဘုရှ်ကို စွန့်ခွာကြမည်ဟု ခြိမ်းခြောက်နေကြောင်း ရောဂျာမစ်တန်းဆိုသည့် ဆောင်းပါးရှင်တစ်ဦးက တနင်္ဂနွေနေ့တွင် သတင်းပေးသည်။

စက်တင်ဘာ ၁၁ ရက် နယူးယောက်နှင့် ဝါရှင်တန်မြို့တို့ကို အတိုက်ခံရပြီးနောက် စတင်ကျင့်သုံးသည့် မှတ်ပုံတင်ရေးအစီအစဉ်တစ်ရပ်အတွက် အမေရိကန်မွတ်စလင်များနှင့် အာရပ်အမေရိကန်တို့ ကျွဲမြီးတိုနေခဲ့ရာမှ အမေရိကန်မွတ်စလင်များက ဘုရှ်အပေါ် ထောက်ခံမှုမပေးသည့် ဆန္ဒသဘောထားများ တိုးလာခဲ့ခြင်းဖြစ်သည်။ ယင်းမှတ်ပုံတင်ရေးအစီအစဉ်အရ ၂၅ နိုင်ငံမှ အမေရိကန်ပြည်ထောင်စုသို့ ပြောင်းရွှေ့ဝင်ရောက်နေထိုင်ကြသူများသည် မှတ်ပုံတင်ကြရန်လိုအပ်မည်ဖြစ်သည်။ ယင်း ၂၅ နိုင်ငံတွင် မြောက်ကိုရီးယားမှအပ အစ္စလာမ်နိုင်ငံအားလုံး ပါဝင်သည်။

ယင်းအစီအစဉ်သည် မွတ်စလင်နိုင်ငံများကိုသာ ပစ်မှတ်ထားသည်ဟု အမေရိကန်မွတ်စလင်ကောင်စီ ဆက်သွယ်ရေးညွှန်ကြားရေးမှူး ဖေဆီရာမန်က ပြောသည်။ **(အင်တာနက်)**

အမေရိကန်တပ်များ စစ်ပွဲနွံနစ်တော့မည်

ဘဂ္ဂဒက် ဇွန် ၁၅

အမေရိကန်ဦးဆောင်သောတပ်များသည် အီရတ်နိုင်ငံကို သိမ်းပိုက်ပြီးနောက် နိုင်ငံကိုကြပ်ကြပ်မတ်မတ်ထိန်းချုပ်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ သို့သော် ယခင်အီရတ်အစိုးရဟောင်း၏ ဘာ့သ်ပါတီဝင်များ၏ ပြန်လည်ခုခံတိုက်ခိုက်မှုများနှင့်ကြုံတွေ့နေရရာ အမေရိကန်တို့ ထိန်းချုပ်နိုင်မည့် အချိန်ကာလသည် ခန့်မှန်းထားသည်ထက် ပိုမိုကြာရှည်နိုင်ကြောင်း အခြေအနေလေ့လာသုံးသပ်မှုများအရ သတိပေးမှုများ ထွက်ပေါ်လာသည်။ ထိုဝေဖန်သုံးသပ်သတိပေးမှုကို ကမ္ဘာ့ဂျိန်းစစ်ဘက်မဂ္ဂဇင်းအယ်ဒီတာ ချားဟေမင်က ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ မေ ၁ ရက်တွင် အမေရိကန်သမ္မတ ဂျော့ဘုရှ်သည် အီရတ်၌ စစ်ပွဲကြီးများပြီးဆုံးသွားပြီဟု ကြေညာခဲ့သည်။ ယင်းသို့ ကြေညာပြီးနောက်ပိုင်းတွင် ထိခိုက်သေကျေမှုများ ဆက်လက်ဖြစ်ပေါ်နေသည်။ **(အင်တာနက်)**

အီရတ်နိုင်ငံအား နိုင်ငံခြားသားများကူညီ အမေရိကန်ကိုတိုက်ခိုက်ကြမည်

ဘဂ္ဂဒက် ဇွန် ၁၅

အီရတ်နိုင်ငံအတွင်းရှိ အမေရိကန်တပ်ဖွဲ့များကို ရင်ဆိုင်တိုက်ခိုက်ရန် နိုင်ငံခြားသားများ ဝင်ရောက်လှုပ်ရှားနေသည်ကို ထောက်လှမ်းရေးအရာရှိများက အတည်ပြုခဲ့ကြသည်ဟု အစိုးရသတင်းရပ်ကွက်များက ဖောက်သတင်းဌာနကို သတင်းပေးသည်။

အမေရိကန်စစ်ဘက်က အကြမ်းဖက်သမား လေ့ကျင့်ရေးစခန်းဟု သမုတ်သော အယ်လ်အဆတ်ရှိ စခန်းကို လေကြောင်းစစ်ဆင်မှုများပြုလုပ်ခဲ့ကြသည်။ နောက်တစ်ရက် အကြာတွင် အထက်ဖော်ပြပါ သတင်းများ ထွက်ပေါ်လာခြင်းဖြစ်သည်။ ထိုလေကြောင်းစစ်ဆင်မှုကြောင့် တိုက်ခိုက်ရေးသမား ၇၀ ခန့် သေဆုံးသွားရာတွင်ဆော်ဒီ၊ယီမင်၊ဂျော်ဒန်၊ ဆီးရီးယားနှင့် အခြားအာရပ်နိုင်ငံများမှ နိုင်ငံသားများ ပါဝင်နေကြောင်း တွေ့ရသည်ဟု ဆိုသည်။

ထိုနိုင်ငံခြားသား တိုက်ခိုက်ရေးသမားများသည် အယ်လ်ခိုင်ဒါ အကြမ်းဖက် တိုက်ခိုက်သမားများနှင့် အဆက်အသွယ် ရှိသည်ဟု အခိုင်အမာ အထောက်အထားမတွေ့ရဟု ဆိုသည်။

(အင်တာနက်)

အီရတ်နိုင်ငံ၌ နိုင်ငံခြားသားများပါဝင်ကူ၍ အမေရိကန်တို့ကို တိုက်ခိုက်နေကြရာ ဇွန် ၁၄ ရက်က အမေရိကန်တပ်များနှင့် အီရတ်တို့အကြား စစ်ပွဲဆင်နွှဲနေမှုမြင်ကွင်းကို တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့



ကျိုက်ထီးဆောင်းဆရာတော်အမှူးပြု၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁)ဗိုလ်ချုပ်ကြီးခင်ညွန့် ဘီးလင်းမြို့နယ် ဝင်းကကျေးရွာ ဝင်းကတောင်ရှိ ကြောင်တစ်ရာစေတီတော် အထွတ်တွင် စိန်ဖူးတော်ကို တင်လှူပူဇော်စဉ်။

(သတင်းစဉ်)

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင် များက သြဝါဒကထာနာယူကြသည်။

ယင်းနောက်ကျိုက်ထီးဆောင်း တိုက်အုပ်ဆရာတော် မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တနာဂိန္ဒထံမှ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များက ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက်ဆရာတော်သံဃာတော် များကပရိတ်တရားတော်များကိုရွတ်ဖွား သရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က သာသနာရေးဆိုင်ရာများကို အမှူးပြုသည့် ဆရာတော်သံဃာတော် အရှင်သူမြတ်တို့အား ဖူးမြော်ခွင့်ရရှိသည့်အတွက် ကြည်ညိုသဒ္ဓါ ကုသိုလ်တရား တိုးပွားရပါကြောင်း ရှေးဦးစွာ လျှောက်ထားအပ်ပါကြောင်း။

နတ်တည်သောဘုရား

သုဝဏ္ဏဘုမ္မိအမည်ရသော ဤနေရာဤဌာနသို့ မြတ်စွာဘုရားရှင် ကိုယ်တိုင်ကြွရောက်ချီးမြှင့်တော်မူစဉ်က ကျိုက်ထီးဆောင်းဘုရားတည်ထားမည့် ဒေသသည် ယက္ခဒီပကျွန်းဟု ခေါ်သော နတ်ဘီလူးကျွန်းဖြစ်ကြောင်း၊ ယင်းနတ်ဘီလူးကျွန်းမှ ကိုလည်း ဇုတ်သုတ်ရွာဟု ခေါ်တွင်ခဲ့ကြောင်းကို သိရှိရပါကြောင်း။

ဌာပနာထည့်သွင်းပူဇော်

တစ်ဖန်သာသနာနှစ် ၂၃၆ ခုနှစ်တွင် သုဝဏ္ဏဘုမ္မိသထုံပြည့်ရှင် စူဠသီရိမာ သောကမင်းသည် အရှင်သောနနှင့် အရှင်ဥတ္တရတို့၏ ညွှန်ပြချက်အရ ကျိုက်ဇုတ်သုတ်စေတီတော်၌ မြတ်စွာဘုရားရှင်၏ သွားတော်ဓာတ်တစ်ဆူကို ဌာပနာထည့်သွင်းပူဇော်ခဲ့ကြောင်း ကိုသိရှိရပါကြောင်း။

နှစ်ကာလကြာရှည်လာသောအခါ ကျိုက်ထီးဆောင်း ဆရာတော်ကြီး ၏ သြဝါဒအရ တပည့်တော်များ ဦးစီးဦးဆောင်ပြုလျက် ကြိုးပမ်းအားထုတ်ဆောင်ရွက်ခဲ့ရာ ဤနေ့ဤရက်ဤအချိန်အခါတွင် ရွှေစင် ရွှေပြား ရွှေသားစစ်စစ်များ၊ အဖိုးထိုက်တန်သည့် ကျောက်မျက်ရတနာမျိုးစုံတို့ဖြင့် တင့်တယ်စွာ မွမ်းမံစီခြယ်အပ်သော ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်အသစ်တင်လှူပူဇော်ပွဲကြီးကို ခြိမ့်ခြိမ့်သဲအောင်မြင်စွာ ကျင်းပနိုင်ပြီဖြစ်ပါ၍ တပည့်တော်များနှင့်တကွ အလှူရှင်များ အားလုံးက အတိုင်းမသိ ဝမ်းမြောက်

▼ *ကျိုက်ထီးဆောင်းမှ*

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီးဒေါက်တာဒေါ်ခင်ဝင်းရွှေတို့က မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဇုတ်သုတ်ကျေးရွာရှိကျိုက်ထီးဆောင်းဆံတော်ရှင်စေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပူဇော်ပွဲ မင်္ဂလာအခမ်းအနားတွင် ကျိုက်ထီးဆောင်းဆံတော်ရှင်စေတီတော်မြတ်ကြီးအားရည်မှန်း၍ စိန်ဖူးတော်ကို ကျိုက်ထီးဆောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဒီပထံ ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ဒုတိယ ဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ် များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ အလှူရှင်များနှင့်ဘီးလင်းမြို့နယ်အတွင်း ရှိ ကျေးရွာအုပ်စုများမှ ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် သာသနာရေး ဦးစီးဌာနမှ ဦးစီးမှူးဦးသူရက အခမ်းအနားမှူးအဖြစ်ဆောင်ရွက်သည်။

သြဝါဒကထာနာယူ

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဒုတိယဥက္ကဋ္ဌအဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သရက်ဆရာတော် ဘဒ္ဒန္တကေသရထံမှ လျှောက်ထားရာတွင် ယနေ့ကျင်းပပြုလုပ်သည့် ကျိုက်ထီးဆောင်း ဆံတော်ရှင်စေတီတော်မြတ်ကြီးအား ရွှေထီးတော်၊ စိန်ဖူးတော် နှင့်ငှက်မြတ်နားတော်တင်လှူပူဇော်ပွဲ မင်္ဂလာအခမ်းအနားသို့ ကြွရောက်ချီးမြှင့်တော်မူကြသော နိုင်ငံတော်သံဃ မဟာနာယက ဆရာတော်ကြီးများ

မဏိကုဏ္ဍလနှင့် ဒေဝကုဏ္ဍလနတ်ဘီလူးညီနောင်တို့သည် မြတ်စွာဘုရားရှင်အားဖူးမြော်ကြည်ညိုခဲ့ကြကြောင်း၊ မြတ်စွာဘုရားရှင်သည် ယင်းနတ်ဘီလူးညီနောင်တို့အား ဆံတော်မြတ်တစ်ဆူချီးမြှင့်ပေးသနားတော်မူခဲ့ကြောင်း၊ နတ်ဘီလူးများသည် မဟာသက္ကရာဇ် ၁၁၁ ခုနှစ်တွင် ယက္ခဒီပကျွန်း မြဦးတောင်ထက်၌ ဂဝံကျောက်များဖြင့်စေတီတော် တည်ထား၍ ဆံတော်ဓာတ်မြတ်ကို ဌာပနာထည့်သွင်းကိုးကွယ်ခဲ့ကြကြောင်း၊ ဥာဏ်တော်အမြင့် ၆၃တောင် ရှိ၍ စေတီတော်မြတ်ကြီးကို (ကျိုက်ကလွတ်ဒက်)နတ်တည်သောဘုရားဟူ၍ ဘွဲ့အမည်တော်ပေးခဲ့ကြောင်း၊ ယင်းစေတီတော်၏ ဂဝံအုတ်ချပ်များမှာ လူ ၇၀-၈၀ ပင့်ချီယူဆောင်ရလောက်အောင်ကြီးမားလှသည့် အတွက် သာမန်လူတို့မစွမ်းဆောင်နိုင်၊ တန်ခိုးရှင်နတ်ဒေဝတာများသာ စွမ်းဆောင်နိုင်သောကြောင့် နတ်တည်သောဘုရားဟုခေါ်ဆိုခဲ့ကြခြင်း ဖြစ်ကြောင်းကိုသိရှိရပါကြောင်း။

ထိုစဉ်က ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ဆံတော်မြတ်ကို ရွှေကြုတ်တွင် ထည့်သွင်း၍ ဌာပနာထားခဲ့ရာ နတ်ဘီလူးညီနောင်တို့၏ သမီးတော်များကလည်း မိမိတို့၏ဆံပင်ကို ဖြတ်၍ ကြိုးကျစ်ပြီး ရွှေကြုတ်ကို လှပသေသပ်စွာရစ်ခွေပူဇော်ခဲ့ကြကြောင်း၊ ယင်းကဲ့သို့ နတ်သမီးတို့၏ ဆံပင်ကြိုးဖြင့် ပူဇော်ထားခြင်းကို အကြောင်းပြု၍ ဤစေတီတော်မြတ်ကြီးအား မွန်ဘာသာဖြင့်(ကျိုက်ဇုတ်သုတ်)ဆံပင်ကြိုးဘုရား အမည်တွင်ခဲ့ကြောင်း၊ ကျိုက်ဇုတ်သုတ်ဘုရားအနီးရှိ ရွာကြီး

ဤစေတီတော်မြတ်ကြီးသည် ထိန်းသိမ်းပြုပြင်စောင့်ရှောက်သူကင်းမဲ့လျက် ထီးတော်ကြီးစောင်းနေသောကြောင့် မူလသမိုင်းဝင်ကျိုက်ဇုတ်သုတ်အမည် ကွယ်ပျောက်လျက် ကျိုက်ထီးစောင်းဘုရားဟု အမည်တွင်လာခဲ့ကြောင်းကို သိရှိရပါကြောင်း။

သာသနာပြုကျိုက်ထီးဆောင်း ဆရာတော်ဘဒ္ဒန္တပညာဒီပ အရှင်မြတ်က ဦးဆောင်လျက် စေတီတော်မြတ်ကြီးအား ဘက်စုံပြုပြင်မွမ်းမံ၍ ၁၃၃၄ ခုနှစ် တပေါင်းလပြည့်နေ့တွင် ရွှေထီးတော်သစ်ကို တည့်မတ်စွာတင်လှူနိုင်ခဲ့သဖြင့်'ကျိုက်ထီးစောင်းဘုရား' ဘွဲ့အမည်မှ 'ကျိုက်ထီးဆောင်းဘုရား' ဘွဲ့တော် အမည်သစ်ဖြင့် ပြောင်းလဲခေါ်ဆိုခဲ့ကြကြောင်းကို သိရှိရပါကြောင်း။

ကုသိုလ်ဇောစိတ်များဖြစ်ရ

တစ်ဖန် ကျိုက်ထီးဆောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဒီပအရှင်မြတ်သည် ၁၃၅၈ ခုနှစ် ကဆုန်လပြည့်နေ့တွင် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို အသစ်ပြုလုပ်၍ တင်လှူပူဇော်ခဲ့ပြန်ကြောင်း၊ ယခုတစ်ဖန် ယင်းရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့သည် ဟောင်းနွမ်းယိုယွင်းလာသဖြင့်သံချေးမတက်နိုင်သည့် နှစ်ရှည်ခံ သံ မဏိ (Stainless Steel)များကို အမာခံထားရှိပြီး ရွှေစင်ရွှေပြားရွှေသားအစစ်တို့ဖြင့် မွမ်းမံခြယ်လှယ်ထားသော ရွှေထီးတော်အသစ်၊ ငှက်မြတ်နားတော် အသစ်၊ စိန်ဖူးတော်အသစ်တို့ကို ကျောက်မျက်ရတနာမျိုးစုံ စီခြယ်ပြီး အသစ်တစ်ဖန်တင်လှူနိုင်ရန် ဝမ်းသာ ပီတိသောမနဿ ကုသိုလ်ဇောစိတ်များ ဖြစ်ရပါကြောင်းကို လျှောက်ထားအပ်ပါကြောင်း။

ထို့အပြင် ဆရာတော်ကြီးသည် ဤသုဝဏ္ဏဘုမ္မိဒေသတစ်ခွင်လုံးတွင် ရှိခဲ့သော ရှေးဟောင်းသမိုင်းဝင်စေတီတော်များ၊ သာသနိက အဆောက်အအုံများကိုလည်း ပြန်လည်ပြုပြင်ခြင်း၊ ထီးတော်အသစ်တင်လှူခြင်း စသည်ဖြင့် သာသနာတော် ထွန်းလင်းတောက်ပရေးအတွက် မနားတမ်း ဦးဆောင်ဦးရွက်ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ဘီးလင်းမြို့နယ်တစ်ခွင်လုံးတွင် သာသနာရောင်ဝါ ထွန်းလင်းတောက်ပနေပြီဖြစ်ပါကြောင်း။

ယနေ့ပင် ဆက်လက်၍ ကြောင်တစ်ရာစေတီတော်နှင့် မြစာရံစေတီတော်နှစ်ဆူတို့ကိုရွှေထီးတော်တင်လှူပူဇော်မှုများပါ ပြုလုပ်သွားရန်ရှိပါသေးကြောင်း။

စိတ်ချမ်းမြေ့မှုဖြစ်ပေါ်

ထိုမျှမကသေးဘဲ ဤဒေသအတွင်းတွင် နေထိုင်ကြသည့် ကျေးလက်နေပြည်သူများအတွက် လူမှုဘဝနှင့် စီးပွားရေးဘဝ တိုးတက်မြင့်မားစေရေးအတွက်လမ်းဖောက်ခြင်း၊ တံတားဆောက်ခြင်း၊ လမ်းများ တိုးတက်ပြုပြင်ခြင်း၊ စာသင်ကျောင်းများ ပြုပြင်မွမ်းမံပေးခြင်း စသည့် လူမှုရေးလုပ်ငန်းများကိုလည်း တရားဘာဝနာပွားများအားထုတ်မှုမအားလပ်သည့်ကြားကပင် အချိန်ပေးဆောင်ရွက်တော်မူခဲ့ခြင်းကြောင့်သုဝဏ္ဏဘုမ္မိဒေသကြီးတွင် ဖွံ့ဖြိုးတိုးတက်စည်ပင်

စီးပွားကူးသန်း ရှေးသို့လှမ်း

လျက်ရှိသည်ကို ယနေ့မျက်မြင်ကိုယ်တွေ့များပင် ဖြစ်ပါကြောင်း၊ သာဓကအနေဖြင့်ပြရလျှင် ယနေ့ရွှေထီးတော်တင်လှူပွဲများ ပြီးမြောက်သည့်အခါ ရွှေဝါရောင်လမ်းမကြီး အပိုင်း(၄) ဖွင့်ပွဲကို ကျင်းပရန် စီစဉ်ထားကြောင်းကို သိရပါကြောင်း၊ ဤလမ်းမကြီးတိုးတက်ဖြစ်ထွန်းလာမှုကြောင့် ဤဒေသတွင် နေထိုင်ကြသည့် ကျေးလက်နေပြည်သူများအတွက် သွားရေး၊ လာရေး၊ ရောင်းဝယ်ဖောက်ကားရေးလုပ်ငန်းကိစ္စများ အလွန်အဆင်ပြေပြီး စိတ်ချမ်းမြေ့မှုဖြစ်ပေါ်နေကြသည်ကို တွေ့ရှိနေရပါကြောင်း၊ တပည့်တော်တို့ဒါယကာဒါယိကာမများအနေဖြင့်လည်း ဆရာဒကာ လက်တွဲညီစွာ သာသနာပြု လုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ လုပ်ကိုင် ဆောင်ရွက်ခွင့်၊ လှူဒါန်းခွင့် ရရှိခဲ့သည်ကိုပင် အလွန်ထူးမြတ်သော အခွင့်အလမ်းကြီးတစ်ရပ်ဟု မှတ်ယူကာ ပီတိသောမနဿဖြစ်ရပါကြောင်း။

ဤသို့ပြုပြုခဲ့သမျှသော ကုသိုလ်ကောင်းမှုအစုစုတို့ကြောင့်ဒုက္ခခပ်သိမ်းချုပ်ငြိမ်းရာအမှန် မြတ်နိဗ္ဗာန်ကို မျက်မှောက်ပြုရပါလိုကြောင်း၊ နိဗ္ဗာန်မရမီ သံသရာ၌ ကျင်လည်ရသည် ရှိသော် ဗုဒ္ဓ သာသနာတော်မြတ်ကြီးအား ချီးမြှောက် ထောက်ပံ့ ကာကွယ်စောင့်ရှောက်နိုင်သော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများ ဖြစ်ကြရပါလိုကြောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို တည်ငြိမ်အေးချမ်းသာယာလျက် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ်သို့ ရောက်ရှိစေရန် စွမ်းစွမ်းတမံ ဆက်လက်ကြိုးပမ်း

ကျိုက်ထီးဆောင်းဆရာတော် ဦးဆောင်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် ဘီးလင်းမြို့နယ် ယက္ကန်းသည်မကျေးရွာရှိ မြစာရံစေတီတော်အထွတ်သို့ တက်ရောက်၍ စိန်ဖူးတော်ကို တင်လှူပူဇော်စဉ်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် ကျိုက်ထီးဆောင်းဆံတော်ရှင် စေတီတော်မြတ်ကြီး ပရဝဏ်ရှိ ကျိုက်ထီးဆောင်းသာသနာ့ရောင်လျှံထီးဒီပံခန္ဓသိမ်တော်ဖွင့်ပွဲ အခမ်းအနားအပြီးတွင် ခန္ဓသိမ်ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ဗန္ဓကသရက်ပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

ဆောင်ရွက်နိုင်ရပါလိုကြောင်း၊ကျိုက်ထီးဆောင်း ဆရာတော်ကြီးသည်လည်း ကျန်းမာစွာ သက်တော် ရာကျော်ရှည်လျက် သာသနာပြု လုပ်ငန်းများကို ဆတက်ထမ်းပိုးတိုးပြီး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ဘုရားတပည့်တော်၏ လျှောက်ထားလွှာကို နိဂုံးချုပ်အပ်ပါကြောင်းဖြင့် လျှောက်ထားသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့က ကျိုက်ထီးဆောင်းဆံတော်ရှင် စေတီတော်မြတ်ကြီးအား ရည်မှန်း၍ စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အားလည်းကောင်း၊ လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ကျိုက်ထီးဆောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပညာဒီပထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်တို့က ရွှေထီးတော်ဘုံအဆင့်ဆင့်နှင့် လှူဖွယ်ပစ္စည်းများကို ကျိုက်ထီးဆောင်း ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ ဒုတိယဝန်ကြီးများနှင့် အလှူရှင်များက ဆရာတော်ကြီးများထံ လှူဖွယ်ပစ္စည်းများကို ဆက်ကပ် လှူဒါန်းကြသည်။

ထို့နောက်အခမ်းအနားမှူးက အလှူရှင်များ စာရင်း အကျဉ်းချုပ်ကို ဖတ်ကြားလျှောက်ထားပြီး ဇေယျမင်္ဂလာအောင်သြဘာ ကေပိုဒ်ရတုကို ဖတ်ကြားပူဇော်သည်။

ယင်းနောက် ကျိုက်ထီးဆောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပညာဒီပထံမှ အနုမောဒနာတရားနာကြားကြပြီး အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ ကျိုက်ထီးဆောင်းဆံတော်ရှင်စေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူ ပူဇော်ပွဲ အစီအစဉ်ကို ကျင်းပသည်။

ရှေးဦးစွာ ဒေဝါဝင်း၊ ရာဇာဝင်းခင်းကာ ကျိုက်ထီးဆောင်း ဆံတော်ရှင် စေတီတော်မြတ်ကြီးတွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို အတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီးဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ ဒုတိယဝန်ကြီးများ၊ တို့ကို လည်းကောင်း တင်လှူပူဇော်ပေးသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များက စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော် ဘုံအဆင့်ဆင့်တို့ကို နှင့်အဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

အစီအစဉ်အရ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ဖွင့်လှစ်ပြီးအတွင်းရေးမှူး(၁) အစရှိသော ပရိက္ခရာရှစ်ပါးနှင့်လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက်ကျိုက်ထီးဆောင်းတိုက်အုပ်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တ နာဂိန္ဒက အနုမောဒနာတရားချီးမြှင့်တော်မူပြီး အတွင်းရေးမှူး(၁)

အလှူရှင်များက ပင့်ဆောင်ကြပြီး စေတီတော်အားလက်ယာရစ်လှည့်လည် အပူဇော်ခံပြီး စေတီတော်အောင်မြေ (တနင်္ဂနွေထောင့်)ရှိ မင်္ဂလာရထားပျံမဏ္ဍပ်သို့ ပင့်ဆောင်ကြသည်။

ထိုအချိန်တွင် မင်းသားမန္တလေးသိန်းဇော်က မင်္ဂလာကေပိုဒ်ရတုဖြင့် သီဆိုပူဇော်သည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်သည် စိန်ဖူးတော်ကို စေတီတော်အထွတ်သို့ ပင့်ဆောင်သည်။ ဆက်လက်၍ ငှက်မြတ်နားတော်နှင့်ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ အစဉ်လိုက်ပင့်ဆောင်ကြသည်။

ဆက်လက်၍ ကျိုက်ထီးဆောင်းဆရာတော်ဦးဆောင်၍အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရွှေထီးတော်ဘုံအဆင့်ဆင့်ကိုလည်းကောင်း၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော် အမွှေးနံ့သာရည်တို့ဖြင့် ရောင်တော်ဖွင့်ပက်ဖျန်းပူဇော်ပေးကြသည်။

ထို့နောက်ကျိုက်ထီးဆောင်းဆရာတော်က မေတ္တာပို့ဆုတောင်းပတ္ထနာပြုရွတ်ဆိုကာ ရွှေထီးတော်တင်မင်္ဂလာအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရွှေမိုးငွေမိုးရွာသွန်း

ရွှေထီးတော်တင်မင်္ဂလာအခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အခမ်းအနားအောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ကျေးငှက်များကို ဇီဝိတဒါနအဖြစ် သက်လွှတ်ပေးပြီး မင်္ဂလာရွှေမိုးငွေမိုးရွာသွန်းဖြိုးပေးသည်။

ကျိုက်ထီးဆောင်း ဆံတော်ရှင် စေတီတော်မြတ်ကြီး ပရဝဏ်ရှိ ကျိုက်ထီးဆောင်း သာသနာ့ရောင်လျှံထီးဒီပံခန္ဓသိမ်တော်ဖွင့်ပွဲ အခမ်းအနားကို မွန်းလွဲ ၁၂ နာရီခွဲတွင် အဆိုပါသိမ်တော်၌ကျင်းပရာ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က မော်ကွန်းကမ္ပည်းကျောက်စာကိုစက်ခလုတ်နှိပ်၍ ကျိုက်ထီးဆောင်း သာသနာ့ ရောင်လျှံထီးဒီပံခန္ဓသိမ်တော်ကိုဖွင့်လှစ်ပေးသည်။

ယင်းနောက် ကျိုက်ထီးဆောင်းဆရာတော်နှင့်အတွင်းရေးမှူး(၁)တို့က ကျိုက်ထီးဆောင်း သာသနာ့ရောင်လျှံထီးဒီပံခန္ဓသိမ်တော်မော်ကွန်းကမ္ပည်းကျောက်စာကို အမွှေးနံ့သာရည်တို့ဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် ကျိုက်ထီးဆောင်းဆရာတော်ထံမှ အတွင်းရေးမှူး(၁) နှင့်ပရိသတ်တို့က သြဝါဒကထာနာယူကြပြီး အတွင်းရေးမှူး(၁)က ဆရာတော် သံဃာတော်တို့အား သင်္ကန်း နှင့်အဖွဲ့ဝင်များက လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)သည် ခန္ဓသိမ်ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ဗန္ဓကသရက်ပင်စိုက်ပျိုးပေးသည်။ ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဘီးလင်းမြို့နယ် တောင်ကြီးကျေးရွာနှင့် ဝင်းကကျေးရွာအကြား မြသပိတ်တောင်ပေါ်ရှိ မြသပိတ်စေတီတော်သို့ ရောက်ရှိကြ၍ အတွင်းရေးမှူး(၁)က စေတီတော်အား ပန်း၊ ဆီမီးတို့ဖြင့် ကပ်လှူပူဇော်ပြီး လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညိုသည်။

စာမျက်နှာ ၁၀ ကော်လံ ၄

သာသနာ့ရောင်လျှံထီးဒီပံခန္ဓသိမ်တော်

ကျိုက်ထီးဆောင်းဆံတော်ရှင် စေတီတော်မြတ်ကြီးပရဝဏ်ရှိ ကျိုက်ထီးဆောင်း သာသနာ့ရောင်လျှံထီး ဒီပံခန္ဓသိမ်တော်ကိုတွေ့ရစဉ်။
(သတင်းစဉ်)

မအူပင်မြို့ ရွှေဘုန်းမြင့်စေတီတော်မြတ်စိန်ဖူးတော်နှင့် ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲမင်္ဂလာအခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၁၅

ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဌေးဦးနှင့် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးသိန်း ညွှန့်တို့သည် ဇွန် ၁၄ ရက်တွင် ဧရာဝတီတိုင်း မအူပင်မြို့ ရွှေဘုန်းမြင့်စေတီတော်မြတ်၏ စိန်ဖူးတော်နှင့်ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲမင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားတော်မူကြ၍ တိုင်းမှူးဗိုလ်ချုပ်ဌေးဦးက စိန်ဖူးတော်နှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွှန့်က ငှက်မြတ်နားတော်နှင့် လှူဖွယ်ပစ္စည်းများကို လည်းကောင်း ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက်တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့သည် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ပင့်ဆောင်၍ ရွှေဘုန်းမြင့်စေတီတော်မြတ်အား လက်ယာရစ်လှည့်လည်ပူဇော်ကာ မင်္ဂလာရထားပျံမဏ္ဍပ်သို့ ပင့်ဆောင်ကြပြီး မင်္ဂလာအချိန်တွင် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို စေတီတော်အထွတ်သို့ တင်လှူပူဇော်၍ အမွှေးနံ့သာရည်တို့ဖြင့် ပက်ဖျန်းကြသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

ကြည့်မြင်တိုင်မြို့နယ် သာခု အနောက် ရပ်ကွက် ပထမ လက်ခုပ် ကျောင်းတိုက်အတွင်း၌ ဇွန်၁၂ရက် မွန်းတည့် ၁၂ နာရီက ဦးနှင်းစိန် – ဒေါ်မြငြိမ်း အောင်သိန်းသစ်ဆိုင်နှင့် အောင်သိန်းဗိုလ်ကုမ္ပဏီ လီမိတက် မိသားစုတို့ ဆောက်လုပ် လှူဒါန်းသော မဟာဝိဇယ ရံသီ မင်္ဂလာသိမ်တော်ကြီး အုတ်မြစ်စီ မင်္ဂလာ အခမ်းအနားကျင်းပစဉ်။

(က–ပ)

မြန်မာ့ရုပ်မြင်သံကြား

၁၆–၆–၂၀၀၃ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိကတောင်တန်းသာသနာပြုဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈:၀၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၈:၁၅ ၇။ မအီချောင်းတံတား
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ English For Everday Use

ညပိုင်း

- ၁၅:၂၀ ၁။ ပထမအကြိမ် အာဆီယံအသက်(၁၈)နှစ်အောက်လူငယ်ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် **(ပထမအကြို ဗိုလ်လုပွဲ) (မြန်မာနှင့်ဗီယက်နမ်)**
- ၁၇:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၇:၃၀ ၃။ Practice In Reading
- ၁၇:၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇:၅၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(ဓာတုဗေဒအထူးပြု)(ဓာတုဗေဒ)
- ၁၈:၀၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအဆိုအကများ
- ၁၈:၁၅ ၇။ Discovery
- ၁၈:၃၀ ၈။ ညနေခင်းသတင်း
- ၁၉:၀၀ ၉။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၀။ အစ်ကျူးစုံ
- ၁၉:၁၅ ၁၁။ ကြံ့ခိုင်ကျန်းမာပြည်မြန်မာ
- ၁၉:၂၅ ၁၂။ တေးဂီတအစီအစဉ်
- ၁၉:၃၅ ၁၃။ သားငါးဖွံ့ဖြိုးပြည့်အကျိုး
- ၁၉:၄၀ ၁၄။ ဝင်ငွေတိုးစေဖို့မက္ကဒေးမီးယားသီးနှံစိုက်ကြစို့
- ၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **"လျှပ်တစ်ပြက်မေတ္တာ"** (အပိုင်း–၂၃)
- ၁၉။ ပထမအကြိမ် အာဆီယံအသက်(၁၈)နှစ်အောက်လူငယ်ဘောလုံးပြိုင်ပွဲထုတ်လွှင့်မှု အစီအစဉ် **(ဒုတိယအကြို ဗိုလ်လုပွဲ) (မလေးရှားနှင့်စင်ကာပူ)**

မင်္ဂလာတောင်ညွန့်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ နှစ်ပတ်လည်အစည်းအဝေးကို ဇွန် ၁၄ ရက်က အထက(၁)ကျောင်းခန်းမတွင် ကျင်းပရာ ရန်ကုန်တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှု ကော်မတီက ချီးမြှင့်သော ပညာရေးလှုပ်ရှားမှု တတိယဆုဖလားကို မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါ်ဌေးဌေးရှိန်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ထွဋ်ထံ လွှဲပြောင်းပေးအပ်စဉ်။ (၂၅၉)

စည်ပင်သာယာလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

ရန်ကုန် ဇွန် ၁၅

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးကြည်ဝင်းအား Japan International Cooperation Agency (JICA)မှ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် Mr. Taka Hiro Sasaki ခေါင်း ဆောင်သောအဖွဲ့သည် ယမန်နေ့က မြို့တော်ခန်းမရှိ ခန်းမ(၁)၌ လာရောက်တွေ့ဆုံ၍ စည်ပင်သာယာလုပ်ငန်းဆိုင်ရာနည်းပညာများ ပူးပေါင်းဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။**(ယာပုံ)**

ယင်းသို့ တွေ့ဆုံရာတွင်ကော်မတီဝင် ဗိုလ်မှူးကြီးတင်စိုး၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာနမှူး ဦးထွန်းသန်းထွန်း၊ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ဒုတိယဌာနမှူးများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(၂၁၀)**

သားငါးဖွံ့ဖြိုး ပြည့်အကျိုး

စာမျက်နှာ ၉ မှ

ထို့နောက် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ဘီးလင်းမြို့နယ် ဝင်းကကျေးရွာ ဝင်းကတောင်ရှိ ကြောင်တစ်ရာစေတီတော်အား ရွှေထီးတော်တင်လှူပူဇော်ပွဲ အခမ်းအနားသို့တက်ရောက်ကြသည်။

အစီအစဉ်အရ ကျိုက်ထီးဆောင်း ဆရာတော် အမှူးပြု၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များက ကြောင်တစ်ရာစေတီတော်တွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော် ဘုံအဆင့်ဆင့်တို့ကို စေတီတော်အား လက်ယာရစ်လှည့်လည်ပူဇော်ကြပြီး စေတီတော်အထွတ်သို့ တင်လှူပူဇော်ပေးကြသည်။

ယင်းနောက်ကျိုက်ထီးဆောင်းဆရာတော်က မေတ္တာပို့ဆုတောင်း ပတ္ထနာပြုပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)ကကြောင်တစ်ရာစေတီတော် ရွှေထီးတော်တင်မင်္ဂလာအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရွှေမိုးငွေမိုး ရွာသွန်းဖြိုးပေးသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဘီးလင်းမြို့နယ် ယက္ကန်းသည်မ ကျေးရွာရှိ မြစာရံစေတီ ရွှေထီးတော်တင် မင်္ဂလာ အခမ်းအနားသို့တက်ရောက်ပြီး ရွှေထီးတော်တင်လှူပူဇော်ပေးသည်။

အခမ်းအနားသို့ အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဘီးလင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများမှ ဒေသခံပြည်သူများ၊ အလှူရှင်များတက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ကျိုက်ထီးဆောင်းဆရာတော်အမှူးပြုသော ဆရာတော် သံဃာတော်များက မြစာရံစေတီတော်မြတ်အား ဗုဒ္ဓါဘိသေကအနေကဇာတင်တော်မူကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်တို့က ဆရာတော် သံဃာတော်တို့အား လှူဖွယ်ပစ္စည်းများကိုဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် မြစာရံစေတီတော်သို့ တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို စေတီတော်အား လက်ယာရစ်လှည့်လည် ပူဇော်ကြပြီး စေတီတော်အထွတ်သို့တင်လှူပူဇော်ပေး၍ အတွင်းရေးမှူး(၁)က စေတီတော် အထက်ဌာပနာ၌ ဗုဒ္ဓဆင်းတုတော် ရုပ်ပွားတော်မြတ်များအား ဌာပနာသွင်းလှူ ပူဇော်ပေးသည်။

ယင်းနောက် ကျိုက်ထီးဆောင်းဆရာတော်က မေတ္တာပို့အမျှပေးဝေပြီး အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များက ရွှေထီးတော်တင်လှူပူဇော်ပွဲ အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် မင်္ဂလာရွှေမိုးငွေမိုး ရွာသွန်းဖြိုးပေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

လယ်တီဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ်၏ ပထမအကြိမ်လယ်တီကမ္မဋ္ဌာနာစရိယသင်တန်းအောင်ပွဲ အခမ်းအနားကို ဇွန်၁၂ရက်က ကျင်းပရာ ဩဝါဒါစရိယ ဆရာတော်ကြီးများက သင်တန်းသားရဟန်းသံဃာတော်အား သင်တန်းအောင်လက်မှတ် ချီးမြှင့်တော်မူစဉ်။ (သတင်းစဉ်)

ဝံသာနုသတင်းလွှာ အတွဲ(၁၂) အမှတ်(၁၂)ထုတ်ဝေ

ရန်ကုန် ဇွန် ၁၅

"ဒီမိုကရေစီ မဆန်သောရမ်းကားမှုများ" မျက်နှာဖုံး သတင်းပုံရိပ်များဖြင့် "ဝံသာနု"သတင်းလွှာ အတွဲ(၁၂) အမှတ်(၁၂)ကို ယနေ့ထုတ်ဝေလိုက် သည်။

"ဝံသာနု" သတင်းလွှာတွင် ကုလသမဂ္ဂ အထူးသံတမန် မစ္စတာရာဇာလီ အစ္စမေးလ်က ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် သတင်းထောက်များနှင့် တွေ့ဆုံ ရှင်းလင်းသော သတင်းနှင့် ဦးခေါင်းပေါ်၌ ခေါင်းအရွယ်တစ်လုံးပါရှိသော ကလေးငယ်အား ပထမအဆင့်ခွဲစိတ်ခြင်း၊ ဖန်ခွက်ထဲ ရွှေရည်စိမ်ခိုင်းသောဘိုးတော်၊ မြန်မာ့ဦးစွန်း မြန်မာ့မော်ကွန်းနှင့် မိတ်ဆက်ခြင်း(စာအုပ်လေ့လာချက် ဆောင်းပါး)၊ ကဗျာဆရာအို၏ ကျဆုံးခန်း(ကဗျာ)တို့အပါအဝင် ပြင်သစ်နိုင်ငံ၌ ကျင်းပသော G-8 ထိပ်သီး ဆွေးနွေးပွဲ၊ မဲလ်ဘုန်းမြို့မှ လေယာဉ်အကြမ်းဖက်သမား၊ အမေရိကန်ဆော့ ဝဲလ်လုပ်ငန်းကို ဒုက္ခပေးသော ယူက ရိန်းနိုင်ငံသား၊ ထိုင်းနိုင်ငံပြိုင်ကား မောင်းသူတစ်ဦးထံမှ လက်နက်မျိုးစုံ သိမ်းဆည်းရမိ၊ ကမ္ဘာ့အလှဆုံးစာရင်းဝင် ဂျိန်းစဘွန်းမင်းသမီးနှင့် ကမ္ဘာကျော်များ၊ ကိန်းရုပ်ရှင်ပွဲတော် စည်ကားအောင်လုပ်သူ မင်းသားကြီး အာနိုးစသော ပြည်တွင်း ပြည်ပနိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမှုရေးသတင်းများကို ဖော်ပြထားပြီး ဆင်တောင်ကြီးစာပေ အမှတ် ၄၁၊ ၂၉ လမ်း၊ ရန်ကုန်မြို့က ဖြန့်ချိကြောင်း သိရသည်။ **(က–ပ)**

ဝါတွင်းသင်တန်းများပို့ချမည်

ရန်ကုန် ဇွန် ၁၅

'ပ'သုံးလုံး ဝိပဿနာအဖွဲ့ချုပ်၌ အခြေခံနှင့် သဂြိုဟ်၊ ဋီကာကျော်နှင့် ဝိသုဒ္ဓိမဂ် စာဖြေလိုသူများအတွက် ဇူလိုင် ၅ ရက် (စနေနေ့) ဝိသုဒ္ဓိမဂ်၊ (တနင်္ဂနွေနေ့) သဂြိုဟ်၊ ဋီကာကျော် သင်တန်းများကို မွန်းလွဲ၁နာရီမှ ၃နာရီအထိ ဝိပဿနာနည်းပြ ဓမ္မာစရိယ ဆရာတော်များဖြစ်ကြသော ဘဒ္ဒန္တ သုန္ဒရ၊ ဘဒ္ဒန္တ ရေဝတ၊ ဘဒ္ဒန္တ ဣန္ဒြိယ၊ ဘဒ္ဒန္တ ဇာနေယျနှင့် 'ပ'သုံးလုံး ပဓာနနာယကဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ဇောတိကတို့က ပို့ချသင်ကြားမည်ဖြစ်သိရသည်။**(က–ပ)**

နိဗ္ဗာန်

ဦးကျော်နိုင်
(ပထမကျော်၊ အဂ္ဂမဟာအကျော်၊ ဝဋံသကာ)

ဆရာဦးချစ်ငယ်(ဒဿန)ဗုဒ္ဓစာပေဆု ရေးသားသော နိဗ္ဗာန်ဆောင်းပါးများကို မြန်မာ့အလင်းသတင်းစာတွင် ဖတ်ရှုရပါသည်။ နိဗ္ဗာန်သည် ဗုဒ္ဓသာသနာတွင် အရေးအကြီးဆုံးသော ပြဿနာဖြစ်သည်။ သာသနာတော်တွင် နေလိုလလို ထင်ရှားသော ဆရာတော်ကြီးများအကြား၌ပင် အယူအဆ မတူညီကြသည်ကို တွေ့ရသည်။ ဤစာရေးသူအနေဖြင့်လည်း နိဗ္ဗာန်ကို များစွာစိတ်ဝင်စားခဲ့သည်။ စိတ်ဝင်စားသည့်အလျောက်လည်း နိဗ္ဗာန်နှင့်ပတ်သက်သည့် အယူအဆများကို လေ့လာခဲ့သည်။ သို့သော်လည်း ယခုအထိ နိဗ္ဗာန်နှင့်ပတ်သက်၍ ပိုင်ပိုင်နိုင်နိုင် မဆုံးဖြတ်နိုင်ခဲ့ပါ။ ဆုံးဖြတ်နိုင်သည့် ဆရာကောင်းကို တွေ့ချင်၊ မြင်ချင်၊ ဖူးမြင်ချင်၊ ဆွေးနွေးမေးမြန်း လျှောက်ထားချင်လှသည်။

ယခု စာရေးသူအနေဖြင့် မိမိလေ့လာခဲ့သော ဆရာတော်ကြီးများ၏ နိဗ္ဗာန်နှင့် ပတ်သက်သော အယူအဆများကို တင်ပြလိုသည်။ ပထမဆုံးအားဖြင့် အုတ်ဖိုဆရာတော်ကြီး၏ နိဗ္ဗာန်အယူအဆဖြစ်သည်။ အုတ်ဖိုဆရာတော်ကြီးသည် ပထမဆုံး အာဒိကမ္မိက ဒွါရသာသနာပိုင် ဖြစ်သည်။ ဆရာတော်ကြီး၏ တပည့်သာဝက အများစုအနေဖြင့် ရဟန္တာဟူ၍ပင် ယူဆယုံကြည်ခဲ့ကြသည်။ မြန်မာသက္ကရာဇ် ၁၁၇၉ မှ ၁၂၆၇ ခု ဖြစ်သည်။ ဆရာတော်သည် 'စန္ဒမဏ္ဍလသုက္က နိဗ္ဗာန်စာတမ်း' ကို ရေးသားခဲ့သည်။ ထိုစာတမ်း၌ဘုရား၊ ရဟန္တာတို့သည် နိဗ္ဗာန်ပြည်မြတ်သို့ ရောက်ကာ ကံစသော အကြောင်းလေးပါးတို့ ပြုပြင်စီရင်ခြင်းကင်းသော အမတနာမ်ဝိသေသ၊ ရုပ်ဝိသေသဖြင့် စံနေတော်မူကြကြောင်း၊ ဤသို့ယူဆပါမှ ဥစ္ဆေဒ၊ နတ္ထိက၊ အကြိယ၊ အဟေတုက၊ သဿတဒိဋ္ဌိတို့မှ ကင်းလွတ်မည် ဖြစ်ကြောင်း၊ နိဗ္ဗာန်သို့ရောက်သော ဘုရားရှင်ကို ပဓာနနည်း အဝုတ္တသိဒ္ဓိနည်းဖြင့် နိဗ္ဗာန်၌သွင်း၍ နိဗ္ဗာန်ဟုပင် ခေါ်ရကြောင်း ရေးသားပြဆိုခဲ့သည်။

ပထမ ရွှေကျင်သာသနာပိုင် ဆရာတော်ကြီးမှာ မြန်မာသက္ကရာဇ် ၁၁၈၄–၁၂၅၅ ဖြစ်သည်။ အကျင့်သီလနှင့်ပြည့်စုံ၍ မြို့၌မနေလို၊ တောအရပ်၌သာ နေလိုသော ဆရာတော်ကြီးဖြစ်သည်။ ဆရာတော်ကြီးအနေဖြင့် ဂမ္ဘီရာ ဂမ္ဘီရ မဟာနိဗ္ဗုတာဒီပနီ ကျမ်းကြီးကို ရေးသားပြုစုခဲ့သည်။ ဆရာတော်ကြီးက– "နိဗ္ဗာန်ဟူသည် ၁၁ ပါးသော မီးအပေါင်းတို့မှ ငြိမ်းအေးခြင်း ဓာတ်အစုကို ခေါ်ခြင်း ဖြစ်သည်။ ယင်းနိဗ္ဗာန်သည် လုံးလုံးချည်း ဘာတစ်ခုမျှမရှိသော အဇာတဘာဝမျိုး မဟုတ်၊ ရုပ်ကြမ်းစွာဖြစ်နေသော ဇာတဘာဝပုံမျိုးမပေါ်ဘဲ နူးညံ့သိမ်မွေ့လှသည်။ နိဗ္ဗာန်ထင်ရှားရှိပုံမှာ ပရိနိဗ္ဗာန်ပြုမည့် ပုဂ္ဂိုလ်မပေါ်မီကပင် ကမ္ဘာကမ္ဘေဖြစ်၍ နေနှင့်သော အရှိမျိုးမဟုတ်။ ပရိနိဗ္ဗုတ္တ ပုဂ္ဂိုလ်တို့၏ ကိုယ် ခန္ဓာကိုစွဲ၍သာ ထိုခန္ဓာကိုယ် ကွယ်လွန်သောအခါ ဖြစ်ပေါ်လာသော တရားထူး ဝိသေသ ဖြစ်သည်။ နိဗ္ဗာန်သည် ခန္ဓာ၌ပင် ဖြစ်သည်။ ခန္ဓာနှင့်စပ်၍ နေသည် ဟူရာ၌ ခန္ဓာနှင့်မုချအားဖြင့် မစပ်၊ ခန္ဓာငြိမ်းခြင်းနှင့်သာ မုချစပ်သည်။ ခန္ဓာ မငြိမ်းမပျောက်လျှင် နိဗ္ဗာန်မပေါ်မရောက်လာပါ။ နိဗ္ဗာန်သို့ ရောက်သွားသူတို့သည် အလုံးစုံပြတ်တောက်သည့်အဖြစ်သို့ ရောက်၍သွားခြင်းမျိုး မဟုတ်၊ မိမိတို့ရောက်ရာ နိဗ္ဗုတာ၌ပင် မအို၊ မသေအမြဲတည်စံနေကြရသည်။ ပရိနိဗ္ဗာန်ပြုသွားသော ဘုရားရဟန္တာဟူသမျှ ပျောက်၍၊ ပြတ်၍မသွား၊ နိဗ္ဗာန်၌ သဿတလည်း မဟုတ်၊ ဥစ္ဆေဒလည်း မကျ၊ မဇ္ဈတ္တာကာရ နက်နဲသော သဘောဖြစ်၍ အမြဲတည်နေတော်မူကြကြောင်း" အကျယ်တဝင့် ဖွင့်ဆိုရေးသားခဲ့သည်။

မြို့ပြင်ကြီးဆရာတော် (မြန်မာသက္ကရာဇ် ၁၁၈၉–၁၂၆၃)သည် အဘိဓမ္မတ္ထသရူပဒီပကကျမ်းကို ပြုစုရေးသားခဲ့သည်။ ရွှေကျင်ဆရာတော်ကြီးနှင့် အုတ်ဖိုဆရာတော်ကြီးတို့၏ နိဗ္ဗာန်အယူအဆ ပေါ်လာပြီးနောက် မန္တလေးမြို့ လေးပြင်လေးရပ် ဆရာတော်ကြီးများ၏ တောင်းပန်လျှောက်ထားချက်အရ ၎င်းတတိယတွဲ နိဗ္ဗာနသရူပဒီပကကဏ္ဍကို အချိန်ယူ၍ ရေးသားခဲ့သည်။

ဆရာတော်ကြီးက အသင်္ခတဓာတ်နိဗ္ဗာန်သည် အကြောင်းနှင့်ကင်း၍ မိမိလျောက်လျားဘာသာဖြစ်ပေါ်လာနိုင်သော တရားမဟုတ်ဟူ၍လည်းကောင်း၊ ရုပ်နာမ်တရားကဲ့သို့ ဥပါဒ်ဌီဘင်ဒြပ်ပေါ်အောင် ရုပ်ရင်းထင်ရှားစွာ ဖြစ်ပေါ်သည် မဟုတ်၊ နူးညံ့သိမ်မွေ့စွာသာ ဖြစ်သည်ဟူ၍လည်းကောင်း၊ ဘုရားရဟန္တာတို့၏ စုတိဘင်္ဂက္ခဏ၏ အခြားမဲ့ကာလသို့ ရောက်မှဖြစ်သည်ဟူ၍ လည်းကောင်း၊ ဖြစ်ပြီးနောက် နိစ္စဓုဝသဿတအားဖြင့် အမြဲတည်သော တရားဖြစ်သောကြောင့် ပျက်စီးခြင်းအဆုံးအပိုင်း အခြားမရှိ ဟူ၍လည်းကောင်း ယူဆကြခြင်းသည် ပိဋကကျမ်းဂန်များနှင့်မညီဟု ပယ်တော်မူသည်။

အရဟတ္တမဂ်အရဟတ္တဖိုလ်ကို 'ခယ'ဟု ဟောသောအရာလည်း ရှိသည်။ အရဟတ္တဖိုလ်ကို နိဗ္ဗာန်ဟုဟောသော အရာလည်းရှိသည်။ အရိယာမဂ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုမှသာ ရာဂစသည်တို့ ချုပ်ခြင်းသို့ ရောက်ခြင်းဖြစ်ရသောကြောင့် အရိယာမဂ်က ရာဂစသည်ကို ကုန်စေသည်ဟု ဆိုရသည်။ ဤ၌ ချုပ်ခြင်းသို့ ရောက်ခြင်းဟူသည် 'ဘင်'သဘောမျှဖြင့် ချုပ်ခြင်းသို့ ရောက်ခြင်းမဟုတ်၊ တစ်ဖန် အသစ်မဖြစ်သောအားဖြင့် မဖြစ်ခြင်းဟူသော ချုပ်ခြင်းသို့ရောက်ခြင်းကိုသာ ယူရမည်။ နိဗ္ဗာန်သည် အရိယာမဂ်အား အာရမ္မဏပစ္စည်း၊ အာရမ္မဏာဓိပတိပစ္စည်းတို့ဖြင့် ကျေးဇူးပြုတတ်သည်။ (နိဗ္ဗာန်သည် အကြောင်းပစ္စည်းတရား၊ မဂ်ဖိုလ်သည် အကျိုးပစ္စယုပ္ပန်တရားဟု ဆိုလိုသည်။)

နိဗ္ဗာန်ရမည့် ပုဂ္ဂိုလ်တို့ စုတိမကျမီ နိဗ္ဗာန်မဖြစ်သေး၊ မရှိသေး။ စုတိဘင်္ဂက္ခဏ၏ အခြားမဲ့သို့ရောက်မှ ဖြစ်ပေါ်လာသည်။ နိဗ္ဗာန် ရံခါသာရှိသည်။ ရံခါမရှိဟူသော အယူသည် မမှန်။ ဘုရားရှင်၏ အလိုတော်တိုင်း မဟုတ်ပေ။ နိဗ္ဗာန်သည် မည်သည့်ကာလကစ၍ ဖြစ်သည်ဟု ဆိုရအောင် စ၍ဖြစ်ခြင်း အစွန်းအပိုင်း အခြားမရှိပေ။ နိဗ္ဗာန်ကို ပစ္စုပ္ပန်အတိတ်အနာဂတ်ဟူ၍ မဆိုအပ်၊ မဆိုထိုက်။ ကာလသုံးပါးမှလွတ်သော ကာလဝိမုတ်တရားသာ ဖြစ်သည်။ ဥပါဒ်ဌီဘင်မရှိ။ အမြဲရှိနေ၊ တည်နေသော တရားသာ ဖြစ်သည်။

ကိလေသပရိနိဗ္ဗာန် ကိလေသာတို့ ထက်ဝန်းကျင် အကြွင်းမဲ့ချုပ်ငြိမ်းခြင်း၊ ခန္ဓပရိနိဗ္ဗာန် ခန္ဓာငါးပါးတို့ တစ်ဖန်အသစ်မဖြစ်ခြင်း ဟူသော ထက်ဝန်းကျင် အကြွင်းမဲ့ချုပ်ငြိမ်းခြင်း၊ ဓာတုပရိနိဗ္ဗာန် ဓာတ်တော်တို့ ထက်ဝန်းကျင်အကြွင်းမဲ့ ချုပ်ငြိမ်းခြင်းဟူသော ပရိနိဗ္ဗာန် သုံးမျိုးအကြောင်း အဂုံတ္တိုရ် အဋ္ဌကထာ စသောကျမ်းဂန်များ၌ ပြဆိုသည်။ ထိုသုံးမျိုးလုံးပင် အသင်္ခတဓာတ် ပရမတ်နိဗ္ဗာန်မဟုတ်။ တဏှာနိရောဓ၊ ကိလေသနိရောဓ၊ ကိလေသပရိနိဗ္ဗာန်၊ သပါဒိသေသနိဗ္ဗာန် စသည်ဖြင့် ခေါ်ဝေါ်ကြသည်။ တစ်ဖန် မဖြစ်ခြင်းဟူသော ချုပ်ပြတ်ကုန်ငြိမ်းခြင်း ဟူသမျှသည် အသင်္ခတဓာတ် ပရမတ်နိဗ္ဗာန် မဟုတ်။ အနုပါဒိသေသ နိဗ္ဗာန်၊သမ္ပရာယိကနိဗ္ဗာန်ဟု ဆိုခြင်းသည်လည်း သဘာဝပညတ်မျှသာဖြစ်သည်။ အသင်္ခတဓာတ် ပရမတ်နိဗ္ဗာန်မဟုတ်ပေ။

မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော ပရမတ်နိဗ္ဗာန်အစစ်သည် ဖြစ်ခြင်း၊ ပျက်ခြင်းမရှိသောကြောင့် မြဲသောသဘော ရှိသည်။ မြဲသောသဘောရှိသောကြောင့် အစဉ်မပြတ် အခါခပ်သိမ်း ထင်ရှားရှိသည်။ အစဉ်မပြတ် အမြဲထင်ရှားရှိသောအားဖြင့် တည်နေသည်စသည်ဖြင့် ရေးသားတော်မူခဲ့သည်။

လယ်တီဆရာတော်ကြီးသည်လည်း (ဘီအီး ၁၂၀၈–၁၂၈၅)နိဗ္ဗာန်နှင့် ပတ်သက်၍ နိဗ္ဗာနဒီပနီကျမ်းကို ရေးသားခဲ့သည်။ ဆရာတော်ကြီးက ရဟန္တာတို့ စုတိကမ္မဇရုပ်ချုပ်ပြီးနောက် ထိုရဟန္တာတို့၏ ခန္ဓာမှနိဗ္ဗာန်သို့ ကူးတတ်ဆက်နွယ်၍ သွားသောတရားဟူ၍ အမြွက်လေသံမျှမရှိ၊ ပညတ်တရားဟူ၍လည်း အမြွက်လေသံမျှမရှိ။ သေခြင်းသို့ ရောက်လေ၏၊ သေလေ၏၊ အိုခြင်းသို့ ရောက်လေ၏၊ အိုလေ၏ဟုဆိုသည်မှာ အတူတူပင်ဖြစ်သကဲ့သို့ နိဗ္ဗာန်ရောက်လေ၏ ဆိုသည်နှင့် ချုပ်ငြိမ်း၏ဆိုသည်မှာ အတူတူပင် ဖြစ်သည်။ နိဗ္ဗာန်သို့ဆိုသည်နှင့် ချုပ်ငြိမ်းခြင်းသို့၊ ကွယ်ပခြင်းသို့ဟု ဆိုခြင်းမှာလည်း အတူတူပင် ဖြစ်သည်။ နိဗ္ဗာန်ဟူသည် အစဉ်ဖြစ်ပေါ်နေသော စိတ်စေတသိက် ရုပ်တရားတို့၏ အဖြစ် ငြိမ်းမှုပေတည်း။ ထိုအဖြစ်ငြိမ်းမှုအား ကျေးဇူးပြုနေသော ဓာတ်သဘာဝကြီး သီးခြားရှိသည်။ နိဗ္ဗာန်ကြီးအစစ်ဖြစ်သည်။ ကိလေသာခန္ဓာတို့၏ အဖြစ် ငြိမ်းမှုသည် ထိုနိဗ္ဗာန်ကြီး၏ အကျိုးတရားမျှသာ ဖြစ်သည်ဟု အချို့ဆရာတော်တို့က(မြို့ပြင်ကြီး)ယူဆကြသည်။ ဤအယူအဆသည် ပါဠိတော် အရပ်ရပ်တို့နှင့်မညီပေဟု စသည်ဖြင့် ရေးသားခဲ့သည်။

ဒုတိယရွှေကျင်သာသနာပိုင်ဆရာတော် ဖြစ်တော်မူသည့် မဟာဝိသုဒ္ဓါရာမဆရာတော်(ဘီအီး၁၂၀၀–၁၂၇၈)သည်လည်း ဆိဒ္ဓါဆိဒ္ဓပိဓာနနီကျမ်းကို ရေးသားခဲ့သည်။ ဆရာတော်ကြီးအနေဖြင့် နိဗ္ဗာန်နှင့်ပတ်သက်၍ လယ်တီဆရာတော်၏ နိဗ္ဗာန်အယူအဆကိုပင် ထောက်ခံရေးသားခဲ့သည်။ လယ်တီဆရာတော်၏ အယူအဆနှင့် အတူတူပင် ဖြစ်သည်။

အမရပူရ မဟာဂန္ဓာရုံ ဆရာတော်သည် ဤစာရေးသူ၏ ဘထွေးတော်ဖြစ်သည်။ ဆရာတော်သည် ကျမ်းပေါင်းမြောက်မြားစွာကို ရေးသားတော်မူခဲ့သည်။ ဆရာတော်ရေးသားခဲ့သည့် သဂြိုဟ်ဘာသာဋီကာကျမ်းတွင် "နိဗ္ဗာန်ဟူသည် စိတ်စေတသိက် ရုပ်ပရမတ်တို့မှ သီးခြားဖြစ်သော ပရမတ္ထတရားတည်း။ ထို့ကြောင့် ရုပ် နာမ် သင်္ခါရတို့နှင့် လုံးဝဆက်သွယ်ခြင်း မရှိရကား ရုပ်ဝိသေသ၊ နာမ်ဝိသေသ မဟုတ်နိုင်။ အဇ္ဈတ္တဗဟိဒ္ဓနှစ်မျိုးတွင် ဗဟိဒ္ဓါဓမ္မာဟူသော မာတိကာပုဒ်အရတွင် ပါဝင်သည့် ဗဟိဒ္ဓတရားဖြစ်သောကြောင့် ခန္ဓာကိုယ်တွင်း၌ အနှစ်အမြုတေအဖြစ်ဖြင့် တည်ရှိသော ဓာတ်တစ်မျိုးလည်း မဟုတ်နိုင်။ နိဗ္ဗာန်သည် ပုဂ္ဂိုလ်သတ္တဝါကဲ့သို့ ခံစားတတ်သော တရားလည်း မဟုတ်၊ ရူပသဒ္ဒစသည့် ကာမဂုဏ်အာရုံကဲ့သို့ ခံစားအပ်သော တရားလည်း မဟုတ်ရကား နိဗ္ဗာန်၌ ဝေဒယိတသုခ မရှိသည်မှာ အမှန်ပင်တည်း။ သို့သော် ဝေဒယိတသုခထက် အဆပေါင်းများစွာ သာလွန်သည့် သန္တိသုခအေးမြငြိမ်းချမ်းသော သဘောကား ဧကန်ရှိပေသည်ဟု ရေးသားခဲ့သည်။ ဤအထိ ဆရာတော်၏ အယူအဆသည် ထူးခြားမှုမရှိပါ။ သို့သော် ဆရာတော်က နိဗ္ဗာန်သည် သန္တိသဘောအားဖြင့် တစ်မျိုးတည်းသာရှိ၏ ဟူသော စကားအရ အရိယာပုဂ္ဂိုလ်ဟူသမျှ၏ နိဗ္ဗာန်သည် အများဆိုင်ပစ္စည်း တစ်ခုကဲ့သို့ တစ်ပါးတည်းသာရှိသည်ဟု မှတ်မှားတတ်သည်။ ထိုကဲ့သို့ ဆိုလို ရင်းမဟုတ်၊ စိတ်မှန်လျှင် အာရုံကိုသိခြင်းသဘောအားဖြင့် တစ်မျိုးတည်းသာရှိသကဲ့သို့ နိဗ္ဗာန်မှန်လျှင် သန္တိသဘောအားဖြင့် တစ်မျိုးတည်းသာရှိသည်ဟု ဆိုလိုသည်။ ပုဂ္ဂိုလ်တိုင်း၌ ကိုယ့်စိတ်နှင့် ကိုယ်ရှိသကဲ့သို့ အရိယာပုဂ္ဂိုလ်တိုင်းမှာလည်း ကိုယ့်နိဗ္ဗာန်နှင့် ကိုယ်ရှိကြသည်"ဟုလည်း ရေးသားခဲ့သည်။

နိဗ္ဗာန်နှင့် ပတ်သက်၍ ရာဟုလာသံကစ္စည်း၏ အရေးအသားကိုလည်း လေ့လာသင့်သည်။ ရာဟုလာသံကစ္စည်းက– " နိဗ္ဗာန်၏ ဆိုရင်းအနက်သဘောကား ချုပ်ငြိမ်းခြင်းပေတည်း။ ဆီမီး သို့မဟုတ် မီး၏ တောက်ရင်းတောက်ရင်း ချုပ်ငြိမ်းသွားပုံမျိုးဖြစ်ပေသည်။ ရုပ်နာမ်တရားသည် တဏှာ၏အစေးဖြင့် ရောနှောပူးပေါင်း၍ တစ်ခုသောသက်ရှိဘဝ၏ အနေအထားမျိုးကို ဆောင်ပြီးကာ အလျင်သဘောမျိုး ဖြစ်နေပေသည်။ ဤ အလျင်သဘော လက်စသတ်ချုပ်ငြိမ်းသွားခြင်းသည်ပင် နိဗ္ဗာန်ဖြစ်သည်။ ဆီနှင့်မီးစာ သို့မဟုတ် ထင်းမီးစာလောင်ကျွမ်းသွားပြီးနောက် လောင်စာအသစ် ထပ်မထည့်သောကြောင့် ဆီမီးသို့မဟုတ် မီးတောက်ချုပ်ငြိမ်းသွားရသကဲ့သို့ အာသဝများ ကုန်စင်သွားပြီးနောက် ဘဝအဖြစ် ချုပ်ငြိမ်းသွားလေတော့သည်။ နိဗ္ဗာန်ဟူသည် ချုပ်ငြိမ်းခြင်းပင်ဖြစ်သည်ဟူသော သဘောအဓိပ္ပာယ်ကို နိဗ္ဗာန်ဟူသောပုဒ်၏ အနက်ကပင် ပြဆိုလေသည်။ ဗုဒ္ဓသည် မိမိ၏ထူးခြားသော အခေါ်အဝေါ်ကို ဤအနက်သဘောကို ထွန်းပြစေရန် ရွေးချယ်တော်မူခြင်းဖြစ်သည်။ သို့ရာတွင် ဤအချက်နှင့်အတူ(တွဲ၍) သာလျှင် နိဗ္ဗာန်ကိုရသော ပုဂ္ဂိုလ် ပရိနိဗ္ဗာန်ပြုပြီးနောက် ဘယ်ပုံဖြစ်ပါသနည်း" ဟူသောအမေးကို ဖြေဆိုရန် ငြင်းပယ်တော်မူခဲ့သည်။

အနတ္တဝါဒီ အဘိဓမ္မာ၌ ယင်းအမေး၏ သဘောအရ ဘယ်ပုံဖြစ်နိုင်သည် ဟူသောအချက်ကို အလွယ်ကလေးနှင့် သိနိုင်စရာရှိပေသည်။ သို့သော် ဗာလာနံ တသဇနကံ ပညာမဲ့သူတို့အား ထိတ်လန့်သွားစေနိုင်သည့် အရေးကို ထောက်ထားကာ ယင်းနိဗ္ဗာန်၏ သဘောကို အထင်အရှား ဟောကြားဖြေဆိုတော်မမူလိုပေဟု ရေးသားခဲ့သည်။ **(ဆက်လက်ဖော်ပြပါမည်)**

၂၀၀၃ခုနှစ် (၁၁)ကြိမ်မြောက် နိကာယ်စာမေးပွဲကို စမ်းချောင်းမြို့နယ် မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌရုံး နေနတ်သားစာသင်တိုက်တွင် ဇွန် ၁၂ရက်က ပြုလုပ်ရာ(ဂိုဏ်းပေါင်းစုံ)ဆရာတော်ကြီးများနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမျိုးတင့်တို့က ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (၁၂၉)

အင်းစိန် ဈေးကြီးရုံအမှတ် (၂)၊ ဆိုင်အမှတ် ၁/၃၂ မြရွှေဆိုင်မှ ကာလတန်ဖိုး ကျပ်လေးသိန်းကျော်ဖိုးရှိ ရွှေဆွဲကြိုး ခြောက်ကုံးကို ဈေးကြီးလုံခြုံရေးမှူး ဦးတိုးမြင့်က တွေ့ရှိသဖြင့် ဈေးတာဝန်ခံရုံး၌ ဈေးတာဝန်ခံ ဦးခင်မောင်အေး၊ ဒုတိယဈေးတာဝန်ခံ ဦးသန်းထိုက်စိုးရှေ့တွင် မေ ၉ရက်က ပြန်လည်ပေးအပ်ရာ ရွှေဆိုင်ပိုင်ရှင် ဦးတင်ဝင်းက ရိုးသားသည့် ဈေးလုံခြုံရေးမှူးအား ငွေကျပ် တစ်သိန်း ဂုဏ်ပြုပေးအပ်စဉ်။ (၀၄၆)

မြဝတီရုပ်မြင်သံကြား

၁၆–၆–၂၀၀၃ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၃၅ ၆။ မျိုးချစ်တပ်မတော်
- ၄:၄၅ ၇။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
- ၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
  - (က) ဒုတိယနှစ် (ဒဿနိကဗေဒ)
  - (ခ) ဒုတိယနှစ်(ဘောဂဗေဒ)
- ၅:၃၀ ၉။ မြဝတီမင်္ဂလာဇင်းကဏ္ဍ
- ၅:၄၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ မိုးလေဝသသတင်း
- ၆:၂၅ ၁၄။ မြန်မာ့ရှုခင်း
- ၆:၃၅ ၁၅။ လျှပ်တစ်ပြက်
- ၆:၄၅ ၁၆။ မြန်မာ့လက်သီး
- ၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အဖြူရောင်လွင်ပြင်"** အပိုင်း(၇)
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ လျှပ်တစ်ပြက်
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဂုဏ်တန်းသိုင်းဆိုတာဒီလို"** အပိုင်း(၃၇)

မိုးရာသီ ရေစီးရေလာကောင်းမွန်ရေးအတွက် အောင်လံမြို့ ကန်ကြီးရပ်ကွက် မြို့တွင်း လမ်းဘေးဝဲယာ ရေနုတ်မြောင်းများ ရှင်းလင်းတူးဖော်ခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ပြည်သူများ စုပေါင်းဆောင်ရွက်ကြရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်မောင်နှင့် တာဝန်ရှိသူများ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးစဉ်။ (က–ပ)

ရန်ကုန်မြို့တော် ရေစီးရေလာကောင်းမွန်ရန် ရေနုတ်မြောင်းများဆယ်ယူလျက်ရှိခရိုင်၊ မြို့နယ်နှင့်ရပ်ကွက်များတွင်ဆောင်ရွက်မှု တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေကြည့်ရှုအားပေး

ရန်ကုန် ဇွန် ၁၅

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ယမန်နေ့ နံနက်ပိုင်းတွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ ကြက်ခြေနီနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာလုပ်ငန်း ကော်မတီဝင်များ၊ ပြည်သူများ စုပေါင်း၍ ရန်ကုန်မြို့တော်တွင် ရေစီးရေလာကောင်းမွန်ရန်အတွက် ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်များအလိုက် အမှိုက်နှင့် ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ ဆယ်ယူခြင်းလုပ်ငန်းများကို လိုက်လံကြည့်ရှုအားပေးသည်။

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေသည် နံနက် ၆နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် မြဝတီရိပ်သာသို့ ရောက်ရှိလာပြီး ရိပ်သာအတွင်း အမှိုက်နှင့်ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ ဆယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် စံပြဖဆပလရပ်ကွက်အတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့သည် သာကေတမြို့နယ် အောင်ဇေယျလမ်းသို့ ရောက်ရှိလာပြီးအောင်ဇေယျလမ်းနှင့် အောင်ရတနာလမ်းများအတွင်း အမှိုက်များ ရှင်းလင်းခြင်း၊ လမ်းဘေးဝဲယာရေနုတ်မြောင်းများ ဆယ်ယူခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ အမှတ် ၄/တောင် ရပ်ကွက် ရေကန်အခြေအနေကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ နှင့် အဖွဲ့သည် သာကေတမြို့နယ် အမှတ် ၁၀/တောင်ရပ်ကွက် ဓမ္မာရုံလမ်းနှင့် သလ္လာဝတီ ၆ လမ်းဘေးဝဲယာ ရေနုတ်မြောင်းများဆယ်ယူနေမှုအခြေအနေများကို ကြည့်ရှုအားပေးပြီးတိုင်းမှူးက မိုးရာသီကာလ၌ ရပ်ကွက်များအတွင်း ရေမတင်ကျန်စေရေး ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းမှာကြားသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့်အဖွဲ့သည် တာမွေမြို့နယ်၊ ရန်ကင်းမြို့နယ်နှင့် ဗဟန်းမြို့နယ် အစပ်ရှိ အနောက်မြင်းပြိုင်ကွင်းလမ်း၊ မြောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းဆုံသို့ရောက်ရှိပြီး အနောက်မြင်းပြိုင်ကွင်းလမ်း၊ မြောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းဆုံရှိ ခုနစ်ပင်လိမ်ချောင်းအတွင်း စီးဝင်သည့် မြေအောက်မြောင်းမကြီးအခြေအနေကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ခုနစ်ပင်လိမ်ချောင်းအတွင်းစီးဝင်သည့် မြောင်းများအခြေအနေကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့်အဖွဲ့သည် ဗဟန်းမြို့နယ် အရှေ့မြို့ပတ်လမ်း လမ်းဘေးဝဲယာရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေး၊ အမှိုက်နှင့်နုန်းများ ဆယ်ယူနေမှုအခြေအနေများကို ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် အဖွဲ့သည် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် လှိုင်သာယာချောင်း ရေထိန်းတံခါး ပြုပြင်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ **(ဝဲအပေါ်ပုံ)**

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ပြည်သူများကျန်းမာရေးနှင့် ညီညွတ်စေရန် ရပ်ကွက်များနှင့်လမ်းများ အစဉ်သန့်ရှင်းသပ်ရပ်စေရေး လုပ်ငန်းများ စနစ်တကျဆောင်ရွက်ရေး၊ ရပ်ကွက်များနှင့်လမ်းများပေါ်၌ ရေမလျှံစေရေးအတွက် ရေနုတ်မြောင်းများ၊ ပင်မရေမြောင်းကြီးများ၊ ချောင်းများနှင့် မြစ်ထွက်ပေါက်များ၌ အမှိုက်နှင့်နုန်းများပိတ်ဆို့မနေစေရေး တာဝန်ရှိသူများက အမြဲမပြတ်လိုက်လံကြည့်ရှုစစ်ဆေးပြီး ပိတ်ဆို့မှုများတွေ့ရှိပါက ချက်ချင်းဖယ်ရှားဆောင်ရွက်ကြရေးနှင့် တာဝန်ရှိသူများက အမှိုက်များစနစ်တကျ သိမ်းဆည်းရေး၊ ပြည်သူများက အမှိုက်များ စနစ်တကျ စွန့်ပစ်ရေး ကြပ်မတ်ဆောင်ရွက်ကြရန် မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၀၃ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် အပြည်ပြည်ဆိုင်ရာ ပိုစတာပြိုင်ပွဲကျင်းပ

ရန်ကုန် ဇွန် ၁၅

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ လူဦးရေ ရန်ပုံငွေအဖွဲ့တို့ ပူးပေါင်း၍ ၂၀၀၃ ခုနှစ် ဇူလိုင် ၁၁ရက်တွင် ကျရောက်မည့် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပိုစတာပြိုင်ပွဲကို ယမန်နေ့ နံနက်ပိုင်းတွင် ပြည်နယ်နှင့်တိုင်းများရှိ မြို့ကြီးများ၌ ကျင်းပကြသည်။

ယင်းပိုစတာပြိုင်ပွဲကို အသက်အလိုက် အဆင့်များခွဲ၍ ကျင်းပရာ ပထမအဆင့်တွင် အသက်(၆)နှစ်မှ (၈)နှစ်၊ ဒုတိယအဆင့်တွင် အသက်(၉)နှစ်မှ (၁၂)နှစ်၊ တတိယအဆင့်တွင် အသက်(၁၃)နှစ်မှ (၁၅)နှစ်၊ စတုတ္ထအဆင့်တွင် အသက်(၁၆)နှစ်မှ (၁၈)နှစ်အထိ အဆင့်များအလိုက် ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြသည်။

ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပိုစတာပြိုင်ပွဲကို ယမန်နေ့နံနက် ၈နာရီတွင် ရန်ကုန်တိုင်း အလုံမြို့နယ်ခန်းမ၌ကျင်းပရာ ပြိုင်ပွဲသို့ ၂၀၀၃ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ကျင်းပရေးကော်မတီဥက္ကဋ္ဌ ပြည်သူ့အင်အား ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးတင်ရီနှင့် ကော်မတီဝင်များက ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ အလှူငွေပေးအပ်

ရန်ကုန် ဇွန် ၁၅

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ အလှူရှင်များက အလှူငွေများပေးအပ် လှူဒါန်းပွဲကို ယမန်နေ့ မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့ ကုန်လည်လမ်း စာပေဗိမာန်အဆောက်အအုံ (ဒုတိယထပ်)ရှိ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အလှူငွေပေးအပ်လှူဒါန်းပွဲတွင် အလှူရှင်များဖြစ်ကြသော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း စာတည်းမှူးချုပ် ဒုတိယဗိုလ်မှူးကြီးအုန်းမောင်(ငြိမ်း) (မြင်းမူမောင်နိုင်မိုး)က ငွေကျပ်ငါးသိန်း၊ ဦးမြသိန်း(စာရေးဆရာ မိုးထက်မြင့်-မြစ်ဝကျွန်းပေါ်)က ငွေကျပ်ခြောက်သောင်းနှင့် အောင်တမန်ဆေးတိုက် ဆရာကြီးဦးဝင်းမောင်-ဆရာမကြီးဒေါ်ရင်ရင်မြင့်၊ သား မောင်ဇွဲညဏ်ရဲလင်းတို့က ငွေကျပ် တစ်သိန်းနှစ်သောင်းတန်ဖိုးရှိ တိုင်းရင်းဆေးဝါးမျိုးတို့ကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။ **(သတင်းစဉ်)**

အင်းစိန်မြို့နယ်တွင် ၁၅ရက်တိုင်တိုင် ဝေဒနာရှင်များအား တိုင်းရင်းဆေးဖြင့် ကုသပေးခြင်းအတွက် တိုင်းရင်းဆေးသမားတော်များ ဂုဏ်ပြုပွဲကို ဇွန် ၁၄ရက် နံနက် ၉နာရီတွင် အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးညီညီက ဦးမင်းထွန်း (မြန်အောင်)အား ဂုဏ်ပြုလွှာများပေးအပ်စဉ်။ (က-ပ)

ပို့ဆောင်ရေးဝန်ကြီးဌာနလေးလပတ်လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် ဇွန် ၁၅

ပို့ဆောင်ရေးဝန်ကြီးဌာန၏ ၂၀၀၃ ခုနှစ် ပထမလေးလပတ် လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက် ၇နာရီခွဲတွင် ကုန်သည်လမ်းရှိ ပို့ဆောင်ရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ တက်ရောက် အဖွင့်အမှာစကား ပြောကြားသည်။ (အပေါ်ပုံ)

အခမ်းအနားသို့ ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်မှူးချုပ်ကျော်မြင့်နှင့် ဦးဖေသန်း၊ အထူးအရာရှိ ဗိုလ်မှူးချုပ်မျိုးတင်၊ အကြံပေးပုဂ္ဂိုလ်များ၊ ဦးစီးဌာနနှင့် လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံရေကြောင်းပညာ တက္ကသိုလ်နှင့် ရေကြောင်းပညာသိပ္ပံတို့မှ ပါမောက္ခချုပ်နှင့် ကျောင်းအုပ်ကြီး၊ တာဝန်ရှိသူများ၊ ဒေသဆိုင်ရာ လုပ်ငန်းတာဝန်ခံများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒေသဆိုင်ရာ လုပ်ငန်းတာဝန်ခံများက ၂၀၀၃ခုနှစ် ပထမလေးလပတ်အတွင်း လုပ်ငန်းများ ဆောင်ရွက်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပါမောက္ခချုပ်နှင့်ကျောင်းအုပ်ကြီးတို့က ဌာနအလိုက် လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်မှူးကြီးမောင်ထွန်းနှင့် ဒုတိယဗိုလ်မှူးကြီးခင်မောင်ကြည်တို့က လုပ်ငန်းဆိုင်ရာများကို သုံးသပ်တင်ပြကြပြီး အစည်းအဝေးကို ရပ်နားလိုက်သည်။

(သတင်းစဉ်)

ဇွန် ၇ ရက်က တောင်ငူမြို့ မြို့မဈေးကြီး သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာ ကောင်းမွန်ရေးအတွက် စည်ပင်ဝန်ထမ်းများ၊ ဈေးသူ ဈေးသားများ ပူးပေါင်း၍ ရေမြောင်းတူးဖော်ဆောင်ရွက်ရာ မြို့နယ်အမှုဆောင်အရာရှိ ဦးမြင့်ဇော် ကြီးကြပ်ပေးစဉ်။ (က-ပ)

အာဆီယံ(ယူ-၁၈)ဘောလုံးပွဲ ပထမအကြိုဗိုလ်လုပွဲစဉ် မြန်မာလူငယ်နှင့် ဗီယက်နမ်လူငယ် ယနေ့ယှဉ်ပြိုင်မည်

ပထမအကြိမ်အာဆီယံ အသက်(၁၈)နှစ်အောက်လူငယ်ဘောလုံးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲစဉ်အဖြစ် ဇွန် ၁၆ ရက် (ယနေ့)ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်း၌ မြန်မာလူငယ်အသင်းနှင့် ဗီယက်နမ်လူငယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

မြန်မာလူငယ်

မြန်မာလူငယ်အသင်းသည် အုပ်စု(က)၌ ပါဝင်ခဲ့ပြီး ထိုင်းလူငယ်ကို ငါးဂိုး-နှစ်ဂိုး၊ လာအိုလူငယ်ကို ရှစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ကာ စင်ကာပူလူငယ်နှင့် တစ်ဂိုးစီသရေကျခဲ့သည်။ သုံးပွဲကစား၊ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ (၇)မှတ်ဖြင့် အုပ်စုပထမရကာ အကြိုဗိုလ်လုပွဲ တက်ရောက်လာခြင်းဖြစ်သည်။ သုံးပွဲကစားရာတွင် ၁၄ ဂိုးသွင်းပြီး သုံးဂိုးသာ အသွင်းခံခဲ့ရသည်။

ဗီယက်နမ်လူငယ်

ဗီယက်နမ်လူငယ် အသင်းသည် အုပ်စု(ခ)၌ပါဝင်ခဲ့ပြီး ဖိလစ်ပိုင်ကို ခြောက်ဂိုး-တစ်ဂိုး၊ ကမ္ဘောဒီးယားကို ငါးဂိုး-ဂိုးမရှိ၊ အင်ဒိုနီးရှားကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး မလေးရှားကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ လေးပွဲကစား သုံးပွဲနိုင်၊တစ်ပွဲရှုံး (၉) မှတ်ဖြင့် အုပ်စု ဒုတိယရရှိကာ အကြိုဗိုလ်လုပွဲတက်ရောက်လာခြင်းဖြစ်သည်။ လေးပွဲတွင် ၁၅ ဂိုးသွင်းပြီး သုံးဂိုး အသွင်းခံခဲ့ရသည်။

ယှဉ်ပြိုင်မှုမှတ်တမ်း

မြန်မာနှင့် ဗီယက်နမ်တို့၏ ဘောလုံးယှဉ်ပြိုင်မှု မှတ်တမ်းကို ပြန်ပြောင်း ကြည့်မည်ဆိုပါက ၁၉၉၅ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ မြန်မာ့လက်ရွေးစင်အသင်းနှင့် ဗီယက်နမ်လက်ရွေးစင်အသင်းတို့ လေးကြိမ်ဆုံတွေ့ခဲ့ရာ လေးကြိမ်စလုံး ဗီယက်နမ် လက်ရွေးစင်အသင်းက အနိုင်ရသွားခဲ့သည်။ ၁၉၉၅ ခုနှစ် ထိုင်းနိုင်ငံ၌ ကျင်းပသည့် (၁၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနှင့်ဗီယက်နမ်တို့ အကြိုဗိုလ်လုပွဲ၌ ဆုံတွေ့ခဲ့ရာ ဗီယက်နမ်က နှစ်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ထိုပွဲတွင် ပုံမှန်ပွဲကစားချိန် မိနစ် ၉၀ ၌ တစ်ဖက် တစ်ဂိုးစီ သရေဖြစ်နေ၍ အချိန်ပိုကစားရာ ဗီယက်နမ်က ရွှေဂိုးဖြင့် အနိုင်ရရှိသွားခြင်းဖြစ်သည်။

မြန်မာအသင်းမှ ဂိုးသမား အောင်ကျော်ကျော် ဘောလုံးဖမ်းမိပြီးမှ ကြမ်းတမ်းစွာ ကစားသည့် ဗီယက်နမ်ကစားသမားကို ခြေထောက်နှင့် သွားကန်မလို လုပ်မိ၍ တိုက်ရိုက်အနီကတ်ဖြင့်ထုတ်ပယ် ခြင်းခံခဲ့ရသည်။ အောင်ကျော်ကျော် အထုတ်ခံရသဖြင့် ဂိုးသမားဇော်ဝင်းနိုင်ကို မောင်မောင်ဦးနှင့် လူစားလဲပြီး ထည့်ခဲ့ရသည်။ မြန်မာအသင်းက ၁၀ယောက်ဖြင့် ကစားရင်း ဒုတိယပိုင်းတွင် အေးနိုင် နှစ်ဝါအနီကတ်ဖြင့် ထပ်မံအထုတ်ခံရပြန်ရာ ပွဲပြီးသည်အထိ ၁၁ယောက် ကိုးယောက်ဖြင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး ရွှေဂိုးဖြင့်ရှုံးခဲ့ရသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ဗီယက်နမ် လက်ရွေးစင်အသင်းကို ထိုအချိန်မှစ၍ ရှုံးကြွေးတင်ခဲ့ရာ ယခုအချိန်အထိ ပင်ဖြစ်သည်။ ၁၉၉၆ ခုနှစ် ပထမအကြိမ် တိုက်ဂါးဖလားဘောလုံး ပြိုင်ပွဲတွင် မြန်မာနှင့် ဗီယက်နမ်တို့ အုပ်စုပွဲစဉ်၌ ပြန်လည် ဆုံတွေ့သောအခါ ဗီယက်နမ် လက်ရွေးစင်အသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ၁၉၉၉ခုနှစ် ဘရူနိုင်းနိုင်ငံ၌ကျင်းပသည့်အကြိမ်(၂၀)မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် တစ်အုပ်စုတည်း ကျခဲ့ပြန်ရာ ဗီယက်နမ်လက်ရွေးစင် အသင်းက မြန်မာလက်ရွေးစင်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ကိုတွေး

မြန်မာ့လက်ရွေးစင်အသင်းနှင့် ဗီယက်နမ်လက်ရွေးစင်အသင်းတို့ နောက်ဆုံး ဆုံတွေ့ခဲ့ကြသည်မှာ ၂၀၀၂ ခုနှစ် ထိုင်းနိုင်ငံ၌ကျင်းပသည့် စတုတ္ထအကြိမ် တိုက်ဂါးဖလားပွဲတွင် ဖြစ်သည်။ ထိုစဉ်က အုပ်စုနောက်ဆုံးအဆုံးအဖြတ်ပွဲစဉ်၌ မြန်မာနှင့် ဗီယက်နမ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဗီယက်နမ်အသင်းက လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ မြန်မာအသင်းက ဦးဆောင်ဂိုး နှစ်ဂိုး သွင်းနိုင်သော်လည်း ဗီယက်နမ်က ပထမပိုင်းတွင် တစ်ဂိုးပြန်ချေကာ ဒုတိယပိုင်းတွင် သုံးဂိုး ထပ်သွင်းသွားခြင်းဖြစ်သည်။

အမျိုးသမီးပြိုင်ပွဲ

မြန်မာနှင့် ဗီယက်နမ်တို့၏ ဘောလုံးယှဉ်ပြိုင်မှုတွင် အမျိုးသမီးလက်ရွေးစင်အသင်းချင်း ဆုံတွေ့ခဲ့မှုကိုလည်း ချန်လှပ်ထား၍မဖြစ်နိုင်ပေ။ မြန်မာအမျိုးသမီး လက်ရွေးစင်အသင်းနှင့် ဗီယက်နမ်အမျိုးသမီးလက်ရွေးစင် အသင်းတို့သည် ငါးကြိမ်ဆုံတွေ့ခဲ့ရာ မြန်မာက သုံးကြိမ်နိုင်ပြီး ဗီယက်နမ်က နှစ်ကြိမ် အနိုင်ခဲ့ရသည်။

၁၉၉၇ခုနှစ် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပသည့် (၁၉)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဆုံတွေ့ခဲ့ရာ မြန်မာက ဗီယက်နမ်ကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ၁၉၉၇ခုနှစ်အတွင်းမှာပင် မလေးရှားနိုင်ငံ၌ကျင်းပသည့် အမျိုးသမီးဖိတ်ခေါ်ဘောလုံးပြိုင်ပွဲတွင် ဗီယက်နမ်က မြန်မာကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

၂၀၀၁ခုနှစ် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအကြို မြန်မာနိုင်ငံ၌ မြန်မာအမျိုးသမီးလက်ရွေးစင်နှင့် ဗီယက်နမ်အမျိုးသမီးလက်ရွေးစင်တို့ ခြေစမ်းပွဲ နှစ်ပွဲ ယှဉ်ပြိုင်ကစားခဲ့ရာ ပထမပွဲတွင် သုံးဂိုး-နှစ်ဂိုး၊ ဒုတိယပွဲတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် မြန်မာအမျိုးသမီးအသင်းက နှစ်ပွဲစလုံးအနိုင်ရရှိခဲ့သည်။ သို့သော်လည်း ၂၀၀၁ခုနှစ် မလေးရှားနိုင်ငံ၌ ကျင်းပသည့် (၂၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အကြိုဗိုလ်လုပွဲ၌ ဆုံတွေ့သောအခါ ဗီယက်နမ် အမျိုးသမီးအသင်းက ပယ်နယ်တီ အဆုံးအဖြတ်တွင် ရှစ်ဂိုး-ခုနစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ပုံမှန်ပွဲကစားချိန် မိနစ် ၉၀ နှင့် အချိန်ပို မိနစ် ၃၀ စုစုပေါင်း မိနစ် ၁၂၀ ယှဉ်ပြိုင်ကစားပြီးသည်အထိ သရေပွဲဖြစ်နေ၍ ပယ်နယ်တီ အဆုံးအဖြတ် ယူခဲ့ခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ရွှေတံဆိပ်ရရှိနိုင်သည်ဟု ထင်ကြေးပေးခြင်းခံခဲ့ရသော်လည်း ဗီယက်နမ်ကို ရှုံးသဖြင့် ကြေးတံဆိပ်ဖြင့်သာ နှစ်သိမ့်ခဲ့ရသည်။

ကလပ်အသင်းချင်းဆုံတွေ့မှု

၁၉၉၇ ခုနှစ် အာရှကလပ်ချန်ပီယံအသင်းများ ဘောလုံးပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဘဏ္ဍာ/အခွန်အသင်းနှင့် ဗီယက်နမ်နိုင်ငံမှ ဒေါင်သက်အသင်းတို့ သူ့မြေကိုယ့်မြေ အပြန်အလှန် ယှဉ်ပြိုင်ကစားခဲ့ကြသည်။ မြန်မာနိုင်ငံတွင် ကျင်းပသည့် ပထမအကျော့တွင် ဘဏ္ဍာ/အခွန်က တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗီယက်နမ်နိုင်ငံ၌ ကျင်းပသည့် ဒုတိယအကျော့တွင်လည်း ဘဏ္ဍာ/အခွန်ကပင် လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

၁၉၉၉ခုနှစ် ဗီယက်နမ်နိုင်ငံ၌ ကျင်းပသည့် အာဆီယံတပ်မတော်များ ချစ်ကြည်ရေးဖလား ဘောလုံးပြိုင်ပွဲတွင် မြန်မာ့တပ်မတော်လက်ရွေးစင်အသင်းနှင့် ဗီယက်နမ်တပ်မတော် လက်ရွေးစင်အသင်းတို့ အုပ်စုပွဲစဉ်၌ ဆုံတွေ့ရာ ဗီယက်နမ်တပ်မတော်က တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ နောက်ဆုံးဗိုလ်လုပွဲတွင် ပြန်လည်ဆုံတွေ့သောအခါ မြန်မာ့တပ်မတော် လက်ရွေးစင်အသင်းက ပယ်နယ်တီ အဆုံးအဖြတ်တွင် လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲခဲ့သည်။

အိုလံပစ်ခြေစစ်ပွဲ

၂၀၀၀ ပြည့်နှစ် ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့၌ ကျင်းပခဲ့သည့် အိုလံပစ်ဘောလုံးပြိုင်ပွဲအတွက် ခြေစစ်ပွဲစဉ်များကို ၁၉၉၉ခုနှစ်အတွင်းက ကျင်းပခဲ့ရာ မြန်မာအိုလံပစ်လူငယ်အသင်း ခြေစစ်ပွဲဝင်ရောက်ခဲ့သည်။ အဆိုပါခြေစစ်ပွဲတွင် မြန်မာ၊ ဗီယက်နမ်နှင့် တရုတ်တို့ တစ်အုပ်စုတည်းကျခဲ့သည်။ ဗီယက်နမ်နိုင်ငံ၌ကျင်းပသည့် ပထမအကျော့ခြေစစ်ပွဲတွင် မြန်မာအိုလံပစ်အသင်းက ဗီယက်နမ်အိုလံပစ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ တရုတ်နိုင်ငံ၌ကျင်းပသည့် ဒုတိယအကျော့ခြေစစ်ပွဲတွင် မြန်မာအိုလံပစ်အသင်းနှင့် ဗီယက်နမ် အိုလံပစ်အသင်းတို့ ဂိုးမရှိသရေကျခဲ့သည်။

လူငယ်ချင်းဆုံတွေ့

မြန်မာလူငယ်နှင့် ဗီယက်နမ်လူငယ်တို့ ဆုံတွေ့ခဲ့မှုမှတ်တမ်းများ အရဆိုလျှင် မြန်မာပရိသတ်များအတွက် အားတက်စရာပင်ဖြစ်သည်။ ၂၀၀၀ ပြည့်နှစ် ဗီယက်နမ်နိုင်ငံ၌ကျင်းပသည့် အာရှ အသက်(၁၆)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲတွင် မြန်မာ(ယူ-၁၆) နှင့် ဗီယက်နမ်(ယူ-၁၆)တို့ တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့သည်။

မြန်မာလူငယ်နှင့် ဗီယက်နမ်လူငယ်တို့နောက်ဆုံးဆုံတွေ့ခဲ့ကြသည်မှာ ၂၀၀၂ ခုနှစ် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပသည့် ပထမအကြိမ်အာဆီယံ အသက်(၁၇)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲတွင်ဖြစ်သည်။ အဆိုပါပြိုင်ပွဲတွင် အုပ်စုအဖွင့်ပွဲစဉ်၌ မြန်မာ(ယူ-၁၇)နှင့် ဗီယက်နမ်(ယူ-၁၇)တို့ ယှဉ်ပြိုင်ကစားရာ မြန်မာ(ယူ-၁၇)က ခြောက်ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အဖွင့်ဂိုးကို ထွန်းမင်းဦးက ခုနစ်မိနစ်အကြာတွင် သွင်းယူခဲ့ပြီး ဘိုဘိုအောင်က နှစ်ဂိုးသွင်းခဲ့သည်။

နိုင်းယှဉ်သုံးသပ်ရသော်

မြန်မာလူငယ်နှင့် ဗီယက်နမ်လူငယ်တို့ ယနေ့ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်အပေါ်သုံးသပ်ရလျှင် အိမ်ရှင်ဆိုသောအချက်ဖြင့် မြန်မာလူငယ်တို့က တစ်ပန်းသာလျက်ရှိသည်။ ဂိုးသွင်းအားတွင် ဗီယက်နမ်လူငယ်က ၁၅ ဂိုး၊ မြန်မာလူငယ်က ၁၄ ဂိုးဖြစ်၍ တစ်ဂိုးပိုသွင်းနိုင်ခဲ့သော်လည်း မြန်မာလူငယ်က သုံးပွဲသာကစားခဲ့ရပြီး ဗီယက်နမ်လူငယ်က လေးပွဲကစားရခြင်းဖြစ်သည်။

မြန်မာလူငယ်အသင်းသည် စင်ကာပူလူငယ်နှင့် ပွဲစဉ်တွင် ပရိသတ်၏ ဖိအားဒဏ်ကို ခံခဲ့ရသော်လည်း လာအိုလူငယ်နှင့်ပွဲမှစ၍ ဖိအားအောက်မှ လွန်မြောက်ခဲ့ပြီဖြစ်သည်။ ထိုင်းလူငယ်အသင်းနှင့် ပွဲတွင် မြန်မာလူငယ်အသင်းကစားခဲ့သော ခြေစွမ်းအရ ချန်ပီယံ ခြေစွမ်းဟုပင် ဆိုနိုင်သည်။ သို့သော်လည်း ဗီယက်နမ် လူငယ်အသင်း၏ ခြေကို မျက်မြင်ကိုယ်တွေ့မကြည့်ရသေးသဖြင့်တပ်အပ်သေချာပြော၍ မရနိုင်ပေ။ ဗီယက်နမ်လူငယ်အသင်းသည် မလေးရှားကို ရှုံးခဲ့သည့်ပွဲမှလွဲ၍ ကျန်သုံးပွဲစလုံးတွင် ဂိုးပြတ်များဖြင့်သာ အနိုင်ရရှိခဲ့သည်။

မြန်မာလူငယ်အသင်းသည်ကစားခဲ့ပြီးသော သုံးပွဲစလုံးတွင် ပွဲစပြီး မကြာမီ အဖွင့်ဂိုးသွင်းနိုင်ပြီး ဂိုးသွင်းသူမှာလည်း ထွန်းမင်းဦးပင်ဖြစ်နေသည်။ ထွန်းမင်းဦးသည် စင်ကာပူနှင့် ပွဲတွင် ပွဲစပြီး ၂မိနစ်၊ လာအိုနှင့် ပွဲတွင်ပွဲစပြီး ၂မိနစ်၊ ထိုင်းနှင့်ပွဲတွင် ပွဲစပြီး ၅မိနစ်တွင် အဖွင့်ဂိုးများသွင်းယူခဲ့သည်။

အာဆီယံ (ယူ-၁၇) ပြိုင်ပွဲတွင်လည်း ဗီယက်နမ်ကို ပွဲစပြီး ၇မိနစ်အကြာတွင် ထွန်းမင်းဦးကပင် အဖွင့်ဂိုးသွင်းယူခဲ့ရာ ယနေ့ပွဲတွင် ထွန်းမင်းဦးအဖွင့်ဂိုးသွင်းနိုင်မသွင်းနိုင် စောင့်ကြည့်ရပေမည်။ မြန်မာလူငယ်အသင်းသည် ပရိသတ်၏တစ်ခဲနက် အားပေးမှုနှင့် အတူ လျင်မြန်သွက်လက်သော ကစားကွက်များဖြင့် တိုက်စစ်ဆင်ပြီး ဂိုးများ သွင်းနိုင်ခဲ့လျှင် ဗိုလ်လုပွဲသို့ ခရီးဆက်နိုင်မည် ဖြစ်ပေသည်။ ။

အာဆီယံ(ယူ-၁၈)အကြိုဗိုလ်လုပွဲ ကြိုတင်လက်မှတ်များရောင်းချပေးမည်

ရန်ကုန် ဇွန် ၁၅

ပထမအကြိမ် အာဆီယံအသက်(၁၈)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များကို ဇွန် ၁၆ ရက် ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ကျင်းပမည်ဖြစ်ရာ ကြိုတင်လက်မှတ်များကို ဇွန် ၁၆ ရက် နံနက် ၇ နာရီမှ ၁၀ နာရီအထိ အောင်ဆန်းအားကစားပြိုင်ဝင်း၊ သိမ်ဖြူတင်းနစ်ကွင်း၊ ပဒုမ္မာအားကစားကွင်း၊ စလင်းအားကစားကွင်းနှင့် ကျိုက္ကဆံအားကစားနှင့် ကာယပညာသိပ္ပံတို့၌ ဆက်လက် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဘရာဇီးရိုနယ်ဒင်ဟို၏အပြောင်းအရွှေ့ ရီးယဲမက်ဒရစ်နှင့်မန်ယူစိတ်ဝင်စား

ဇွန်၁၈ရက်နေ့ ပြင်သစ်နိုင်ငံတွင် စတင်ပြုလုပ်မည့် ကမ္ဘာ့တိုက်ကြီးများအလိုက်(ကွန်ဖက်ဒရေးရှင်း)ဖလား ဘောလုံးပြိုင်ပွဲတွင် ကမ္ဘာ့ချန်ပီယံဘရာဇီးဘောလုံးအသင်း ဗိုလ်စွဲနိုင်ရေးကိုသာ ရာခိုင်နှုန်းပြည့်စိတ်ဝင်စား အာရုံပြုနေသောကြောင့် အသင်းပြောင်းရွှေ့ရေးကိစ္စကို စိတ်မဝင်စားနိုင်သေးပါဟု ကမ္ဘာ့ချန်ပီယံဘရာဇီးဘောလုံးအသင်း အလယ်တန်းလူ ပြင်သစ်ပီအက်စ်ဂျီမှ ရိုနယ်ဒင်ဟိုက ထုတ်ဖော်ပြောသည်။

ဘရာဇီးစိတ်ဝင်စား

ကမ္ဘာ့ချန်ပီယံဘရာဇီးအနေဖြင့် ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲတွင်ချန်ပီယံပြင်သစ်ကို အနိုင်ယူဗိုလ်စွဲရန် ရည်မှန်းချက်ထားရှိသောကြောင့် ဘရာဇီးဘောလုံးသမားအားလုံး ကွန်ဖက်ဒရေးရှင်း ဖလားပွဲကိုသာ စိတ်ဝင်စားနေကြသည်ဟု ဆိုသည်။

နစ္စတယ်ရှိုင်းနှင့်တွဲရန်

ပြင်သစ်ပီအက်စ်ဂျီအသင်းတွင် နှစ်နှစ်တာ ခြေစွမ်းပြကစားနေသူ ဘရာဇီးလက်ရွေးစင် ရိုနယ်ဒင်ဟိုကို အင်္ဂလန်ချန်ပီယံ မန်ချက်စတာယူနိုက်တက်က စိတ်ဝင်စားနေပြီး နည်းပြဆရာကြီးဖာဂူဆန်က ရိုနယ်ဒင်ဟိုကို ဂိုးသွင်းဘုရင်နစ္စတယ်ရှိုင်းနှင့်တွဲဖက်အားဖြည့်ရန် စိတ်ဝင်စားနေသည်ဟု ဆိုသည်။

ဘရာဇီးမှအသက်(၂၃)နှစ်အရွယ်ရှိ ရိုနယ်ဒင်ဟိုက ယခုနှစ် ပြင်သစ်ဘောလုံးရာသီ ကုန်ဆုံးချိန်တွင် ပီအက်စ်ဂျီအသင်းနှင့်ဆက်လက်စာချုပ်ချုပ်ဆိုရန် ငြင်းပယ်နေကာ ကွန်ဖက်ဒရေးရှင်းဖလား ပြိုင်ပွဲပြီးစီးမှသာ အသင်းပြောင်းရွှေ့ရေးကို စိတ်ကူးဆုံးဖြတ်မည်ဟုဆိုသည်။ ပီအက်စ်ဂျီနည်းပြသစ် ဘာဟစ်ဟာလီဟိုဇစ်က ရိုနယ်ဒင်ဟိုကို ပီအက်စ်ဂျီက လက်မလွှတ်သင့်ဟု ပြောဆိုနေသည်။

ရိုနယ်ဒင်ဟိုကို စပိန်မှ နာမည်ကြီး ရီးယဲမက်ဒရစ်ကလည်း တီးခေါက်မေးသကဲ့သို့ ရိုနယ်ဒင်ဟိုကလည်း စိတ်ဝင်စားနေသည်။ စပိန်ပြိုင်ပွဲ မပြီးစီးသေး သောကြောင့် ရီးယဲမက်ဒရစ်ချန်ပီယံရရေးလည်း မသေချာသေးသဖြင့် ရီးယဲမက်ဒရစ်လူခေါ်ရေးကို မလှုပ်ရှားဘဲရှိနေသကဲ့သို့ ရိုနယ်ဒင်ဟိုကလည်း စောင့်ကြည့်နေခြင်းဖြစ်သည်။

အင်္ဂလန်မှ နာမည်ကြီးဘောလုံးသမား အင်္ဂလန်အသင်း ကပ္ပတိန် ဒေးဗစ်ဘက်ခမ်ကို ဗြိတိန်ဘုရင်မမွေးနေ့ အထိမ်းအမှတ် အဖြစ် (အိုဘီအီး)ဘွဲ့ကို ချီးမြှင့်ပေးအပ်လိုက်သည်။ ဘက်ခမ်ကဲ့သို့ (ဂုဏ်ထူးဆောင် အိုဘီအီး)ဘွဲ့ကို အင်္ဂလန်ရောက် ပြင်သစ်ဘောလုံးနည်းပြဆရာနှစ်ဦးဖြစ်ကြသည့် အာဆင်နယ်မှ အာဆင်းဝင်ဂါနှင့် လီဗာပူးမှ ဟိုလီယေးတို့လည်း ရသွားကြသည်။

ယခုရက်များအတွင်း မန်ယူမှ ဒေးဗစ်ဘက်ခမ် ပြောင်းရွှေ့ရန်ပြင်ဆင်နေသည့်သတင်းသည် သတင်းစာမှ ရှေ့ဖုံးနှင့် ကျောဖုံးတို့တွင် ရေပန်းစားကာ ဖော်ပြခဲ့သောသတင်းဖြစ်နေသည်။ စပိန်ဘာဆီလိုနာမှ ဘက်ခမ်ကို ပေါင်သန်း ၃၀ ပေးရန် သဘောတူသည့်သတင်းက လွှမ်းမိုးနေခဲ့သည်။

အင်္ဂလန်ကပ္ပတိန်ဒေးဗစ်ဘက်ခမ်က မန်ယူမှာတစ်သက်လုံးကစားပါမည်ဟု တစ်ခါဖူးမှမပြောခဲ့ဟု ပြောကြားသကဲ့သို့ ဆရာဖာဂူဆန်မှာ သူ့ဘောလုံးဖခင်ဖြစ်သည်ဟုလည်း ပြောကြားသည်။ ဆရာကြီး ဖာဂူဆန်၏ သဘောထား မသိရသေးသော်လည်း ဘက်ခမ်ပြောင်းမည်ဆိုပါက ဘာဆီလိုနာမဖြစ်နိုင်ဘဲ ရီးယဲမက်ဒရစ်သာ ဖြစ်နိုင်သည်ဟုဆိုကြသည်။

ရီးယဲကိုစောင့်ကြည့်နေ

ရီးယဲမက်ဒရစ်ကလည်း ချန်ပီယံဖလားမရသေးသောကြောင့် ငြိမ်နေသကဲ့သို့ ဒေးဗစ်ဘက်ခမ်ကလည်း စောင့်ကြည့်နေဆဲဖြစ်သည်။ ရီးယဲမက်ဒရစ်တွင် နောက်တန်းလူ လိုနေသကဲ့သို့ အလယ်တန်းမှာလည်း လိုနေရာ လူးဝစ္စဖီဂို သို့မဟုတ် ဆိုလာရီကို ဘက်ခမ်းနှင့် အလိုက်ပေးလဲနိုင်သကဲ့သို့ ရိုနယ်ဒင်ဟိုကိုလည်း ခေါ်နိုင်သည်။ **(က-ပ)**

အိုလံပစ်ဂျာနယ် အမှတ်(၁၀၂)ဖြန့်ချိ

ရန်ကုန် ဇွန် ၁၅

အာဆီယံအသက်(၁၈)နှစ်အောက်လူငယ်ဘောလုံးပြိုင်ပွဲမှာ ခြေစွမ်းပြနေတဲ့ မြန်မာလူငယ်အသင်းရဲ့ ပွဲစဉ်များ၊ လူငယ်များအတွက် ဘောလုံးအခြေခံ ကောင်းမွန်စေမည့် မိုင်လိုလူငယ်ဘောလုံးကျွမ်းကျင်မှုပြိုင်ပွဲ၊ ချန်ပီယံသုံးဆုရှင် ဘဏ္ဍာ/အခွန်အသင်း၊ ဒေးဗစ်ဘက်ခမ်နှင့် မန်ယူအကြောင်း တစ်ဝကြီးဖတ်ရှုရမည့် သတင်းဆောင်ပါးများ၊ ယူရို-၂၀၀၄ ခြေစစ်ပွဲအကြိတ်အနယ် ကစား ရပြီ၊ ပန်းဝင်တော့မယ့် စပိန်လာလီဂါ၊ ကွန်ဖက်ဒရေးရှင်းဖလား ပြိုင်ပွဲဝင်အသင်းများ သုံးသပ်ချက်၊ အာဆင်းဝင်ဂါ ရီးယဲမက်ဒရစ်သွားမလား၊ အပြောင်းအလဲလုပ်တော့မည့် ဘာဆီလိုနာနှင့် နိုင်ငံတကာဘောလုံး သတင်းများ ဝေဝေဆာဆာ တင်ဆက်ထားသည့် အိုလံပစ်ဂျာနယ်**(အပေါ်ဝဲပုံ)**ကို ဆင်တောင်ကြီးစာပေမှ မြန်မာတစ်ပြည်လုံးသို့ ယနေ့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(က-ပ)**

ဒုတိယအကြိုဗိုလ်လုပွဲ

ရန်ကုန် ဇွန် ၁၅

ပထမအကြိမ်အာဆီယံအသက်(၁၈)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲ ဒုတိယအကြိုဗိုလ်လုပွဲစဉ်အဖြစ် ဇွန် ၁၆ ရက်(ယနေ့)ညနေ ၆နာရီတွင် လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်း၌ မလေးရှားလူငယ်အသင်းနှင့် စင်ကာပူလူငယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

အားကစားနှင့်ပညာရေး ပေါင်းစပ်သင်တန်းနှင့် အားကစားလေ့ကျင့်ရေးသင်တန်းများဖွင့်ပွဲကျင်းပ

ရန်ကုန် ဇွန် ၁၅

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)၏ (၂၀၀၃/၂၀၀၄) ပညာသင်နှစ် အားကစားနှင့် ပညာရေးပေါင်းစပ်သင်တန်းနှင့် အားကစားလေ့ကျင့်ရေး သင်တန်းများ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်မှူး ဗိုလ်ချုပ်ရဲမြင့်၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်း၊ မန္တလေးတိုင်းအားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်း၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ တိုင်း/ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)ခေတ္တကျောင်းအုပ်ကြီးနှင့် ဆရာ၊ဆရာမများ၊ အားကစားနည်းပြများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးက အမှာစကားပြောကြားပြီး **(အပေါ်ပုံ)**နောက် ဆက်လက်၍ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ရန်ပုံငွေအတွက် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အလှူငွေကျပ်သုံးသိန်း၊ မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီက ငွေကျပ်နှစ်သိန်း၊ အားကစား ဝန်ကြီးဌာန ဇဟိုဝန်ထမ်းသက်သာမှ ငွေကျပ်သိန်း ၂၀၊ ဦးဝင်းမောင်၊ ဦးရွှင်ချောက် (အေသုံးလုံးဘိလပ်မြေစက်ရုံ)၊ ဦးသန်းဝင်း (မန်းမြန်မာ ဆောက်လုပ်ရေး)၊ ဦးကျော်သက်လှိုင် (သူရိယဆောက်လုပ်ရေး)၊ ဦးအောင်ကျော်ဆန်း (ရဲမွန်ဆောက်လုပ်ရေး)တို့ကအလှူငွေကျပ်ငါးသိန်းစီ၊ ဦးအောင်ဝင်းခိုင် (HITECH)၊ ဦးကိုကိုလေး၊ ဦးကျော်ဟိန်း (ချမ်းဟိန်းဆောက်လုပ်ရေး)၊ ဦးအောင်ကျော်မြင့်၊ ဦးစိုးမြင့် (မန္တလာဆေးရုံ)၊ ဦးတင်မောင် (ဂရိတ်ဝေါသကြားစက်)တို့က အလှူငွေကျပ် သုံးသိန်းစီနှင့် အလှူရှင်ရှစ်ဦးတို့၏အလှူငွေကျပ် ၁၆၅၀၀၀၀၊ စုစုပေါင်းအလှူငွေ ကျပ် ရှစ်ဆယ့်လေးသိန်းငါးသောင်းကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး၊ ဝန်ကြီးနှင့် တာဝန်ရှိသူများက လက်ခံကြသည်။

ထို့နောက် တိုင်းမှူးနှင့်ဝန်ကြီးတို့က လူငယ်အားကစားသမားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးကြသည်။ အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)၌ ယခုပညာသင်နှစ်အတွင်း ဘောလုံး၊ ဘော်လီဘော၊ ပြေးခုန်ပစ်၊ အလေးမ၊ လက်ဝှေ့၊ ဂူရှူး၊ ပိုက်ကျော်ခြင်းနှင့် ကျွမ်းဘားအားကစားနည်း ရှစ်မျိုးတွင် သင်တန်းသား၊ သင်တန်းသူစုစုပေါင်း ၁၆၂ ဦးတို့ တက်ရောက်လေ့ကျင့်သင်ကြားကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံဓာတ်ပုံအသင်း အခြေခံဓာတ်ပုံသင်တန်းဖွင့်လှစ်

ရန်ကုန် ဇွန် ၁၅

မြန်မာနိုင်ငံဓာတ်ပုံအသင်း အမှုဆောင်အဖွဲ့က ကြီးမှူး၍ ဓာတ်ပုံပညာပြန့်ပွားရေးအတွက် အခြေခံအဖြူအမည်းနှင့် ရောင်စုံဓာတ်ပုံသင်တန်း အမှတ်စဉ် (၃၂)ဖွင့်ပွဲကို ဇွန် ၁၄ ရက် နံနက် ၉ နာရီခွဲက အသင်းတိုက်တည်ရှိရာ ရန်ကုန်မြို့ ၃၅ လမ်း၊ အမှတ် ၂၇၊ ၂၉ ကျောက်တံတားမြို့နယ်၌ ကျင်းပသည်။

အခမ်းအနားတွင် အသင်းနာယက ဦးမောင်မောင်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ဥက္ကဋ္ဌ ဦးဖေမြင့်ဦးက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် နိုင်ငံကျော် ဓာတ်ပုံပညာရှင်ကြီးများက သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းကာလမှာ သုံးလခန့်ကြာမြင့်မည်ဖြစ်ပြီး သင်တန်းသား ၁၀၅ ဦး တက်ရောက်ကြောင်း သိရသည်။ **(က–ပ)**

မော်လမြိုင်ကုန်စည်ပြပွဲ မြိုင်ရတနာလေးထပ်ဈေး၌ကျင်းပမည်

ရန်ကုန် ဇွန် ၁၅

မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ခွင့်ပြုချက် ဖြင့် Alpha Groupသည်မော်လမြိုင်ကုန်စည်ပြပွဲ(၂၀၀၃)ကို မော်လမြိုင်မြို့၏ အဓိကအချက်အချာအကျဆုံး၊ လူစည်ကားဆုံးနေရာဖြစ်သော မြိုင်ရတနာလေးထပ်ဈေးကြီးတွင် အောက်တိုဘာ ၂၅ရက်မှ၂၉ရက်အထိ အထူးစည်ကားသိုက်မြိုက်စွာ ကျင်းပရန် စီစဉ်လျက်ရှိသည်။

အဆိုပါကုန်စည်ပြပွဲများတွင် အလှကုန်ပစ္စည်းအမျိုးမျိုး၊ စိုက်ပျိုးမွေးမြူရေးသုံး ဆေးနှင့်ဆေးပစ္စည်းအမျိုးမျိုး၊ လျှပ်စစ်နှင့် အီလက်ထရောနစ်ပစ္စည်းအမျိုးမျိုး၊အဝတ်အထည်နှင့်ဖက်ရှင် အသုံးအဆောင်ပစ္စည်းအမျိုးမျိုး၊သောက်ရေသန့်စက်နှင့် ပလပ်စတစ်ပစ္စည်းအမျိုးမျိုး၊ တိုင်းရင်းဆေးဝါးနှင့် အနောက်တိုင်းဆေးဝါးအမျိုးမျိုး၊စက်မှု လက်မှုလုပ်ငန်းသုံးစက်ပစ္စည်းအမျိုးမျိုး၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးစက် နှင့် ဆက်စပ်ပစ္စည်းအမျိုးမျိုး၊ သတင်းနှင့် နည်းပညာဆိုင်ရာပြခန်းများ၊ပညာရေး ဝန်ဆောင်မှုပြခန်းများ၊ စားသောက် ကုန်ပစ္စည်းအမျိုးမျိုးတို့ကို ပြခန်းများ ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်သည်။

အဆင့်မြင့်ထုတ်ကုန်ပစ္စည်းများကို လက်တွေ့သရုပ်ပြကြော်ငြာခြင်းများ၊ အရောင်းမြှင့်တင်ရေးအစီအစဉ်များကို Super Star Model Agency က နေ့စဉ်အခမဲ့ဖျော်ဖြေတင်ဆက်ပေးမည်ဖြစ်ရာ ကုန်ပစ္စည်းသရုပ်ပြကြော်ငြာခြင်းများနှင့် စပ်လျဉ်း၍ Super Star Model Agency ဖုန်း–၀၉၈၀၃၀၁၄၁ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

အရည်အသွေးစံချိန်မီ ထုတ်လုပ်ထားသော အဆင့်မြင့်ထုတ်ကုန် ပစ္စည်းများကို ပြသရောင်းချလိုသော ပြည်တွင်း၊ပြည်ပကုမ္ပဏီများ၊ ပုဂ္ဂလိကတိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ၊ အတတ်ပညာရှင်များသည် Alpha Group -ဖုန်း–၀၉၅၀၀၀၂၄၀၊ ၇၀၁၂၁၅ သို့ ဆက်သွယ်စုံစမ်း၍ ဝင်ရောက်ပြသနိုင်ကြောင်း သိရသည်။ **(က–ပ)**

စီးပွား/ကူးသန်းဂျာနယ် အတွဲ(၃)အမှတ် (၁၁) ဖြန့်ချိ

ရန်ကုန် ဇွန် ၁၅

ခင်မောင်ညို(ဘောဂဗေဒ)၊ဦးဟန်ထွန်း(အကောက်အခွန်)၊ ဦးကျော်အေး၊ မောင်ပုဆိုးကြမ်း တို့၏ စီးပွားရေးဆောင်းပါးများအပြင် ကုမ္ပဏီများနှင့် သက်ဆိုင်သည့် သတင်းများကို ဦးစားပေး ဖော်ပြထားသည့် စီးပွားကူးသန်းဂျာနယ်အတွဲ(၃)၊အမှတ် (၁၁) ကို Media Man ဖြန့်ချိရေးအမှတ် ၁၉၃(ပ) ထပ်၊ ၃၂လမ်း (အထက်ဘလောက်)၊ ပန်းဘဲတန်းမြို့နယ် ရန်ကုန်က တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

(က–ပ)

ပြည်ခရိုင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနက ကြီးကြပ်ဆောင်ရွက်မှုဖြင့် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ပိုစတာပြိုင်ပွဲကို ဇွန် ၁၄ ရက် နံနက် ၉ နာရီက ပြည်မြို့ အခြေခံပညာ အထက်တန်းကျောင်း အောင်သော်ခန်းမတွင်ကျင်းပရာ ပြည်ခရိုင်လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းကြွယ်၊ ပြည်မြို့နယ် ဦးစီးဌာနမှူး ဦးတင်ဇော်ဝင်းနှင့် ဝန်ထမ်းများ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (၄၀၃)

စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိ

ရန်ကုန် ဇွန် ၁၅

နယ်မြေခံထောက်လှမ်းရေးတပ်ဖွဲ့ဝင်များနှင့် မန္တလေးမူးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၄ ရက် ည ၈ နာရီ မိနစ် ၅၀ တွင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မြို့သစ်အမှတ်(၅) ရပ်ကွက် ၆၇ X ၆၈လမ်းကြား မနော်ဟာရီလမ်းနှင့် စိန်ပန်းလမ်းကြား အမှတ်(ခ–၁/၆၆)နေ ကိုကိုဦး(ခ) ထွန်းရှင်၏နေအိမ်ကိုရှာဖွေရာ နေအိမ်တိုင်တွင် ချိတ်ထားသော ကျောပိုးအိတ်အတွင်းမှ ဒဗလျူပိုင် စာတမ်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ ဖမ်းဆီးရမိသည်။

ယင်းဖမ်းဆီးရမိမှုနှင့်ပတ်သက်၍ ဦးသန်းမောင်၏ သား ကိုကိုဦး(ခ) ထွန်းရှင်အား မန္တလေးအမှတ်(၁) ရဲစခန်းက မူးယစ်ဆေးဝါး ပထမ သတင်းပေးတိုင်ချက် အမှတ် ၅/၂၀၀၃၊ မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)အရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမည်ပေးကင်ပွန်းတပ်မင်္ဂလာဆုတောင်း

သမီးငယ်လေး မပြုံးမြတ်စည်သူ၏ ၁၅–၆–၂၀၀၃ မင်္ဂလာရက်မြတ်မှသည် ကောင်းကျိုးချမ်းသာ မြတ်မင်္ဂလာဖြင့် ပညာပြည့်ဝနှလုံးလှလျက် တိုင်းကျိုးပြည်ကျိုး သာသနာ့အကျိုး ထမ်းရွက်သယ်ပိုးနိုင်သော သမီးအလိမ္မာလေးအဖြစ် ပျော်ရွှင်ချမ်းမြေ့သော ဘဝလမ်းကို လျှောက်လှမ်းနိုင်ပါစေ။

ဘိုးဘိုး၊ ဘွားဘွားများ– ဦးတင်လှိုင်–ဒေါ်ခင်လှလှ၊ ဦးဝင်းမြင့်–ဒေါ်နီနီ
ချစ်ဖေဖေ၊ ချစ်မေမေ– ဗိုလ်ကြီးအောင်စည်သူ–ဒေါ်ချယ်ရီလှိုင်
ချစ်သောကိုကို၊ မမ၊ ဦးဦးနှင့် အန်တီများ
ချစ်မမကြီး–မသက်ထားစည်သူ

ပို့ကုန်ပစ္စည်းအများဆုံးတင်ပို့နိုင်သူများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်

ရန်ကုန် ဇွန် ၁၅

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ၂၀၀၂–၂၀၀၃ခု ဘဏ္ဍာ နှစ်အတွင်း ပို့ကုန်ပစ္စည်းအများဆုံး တင်ပို့နိုင်သူများအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားကို ဇွန် ၁၃ ရက် ညနေ ၅ နာရီတွင် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ အဆိုပါဝန်ကြီးဌာန ဆွေးနွေးပွဲခန်းမ၌ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီး ဌာန ဝန်ကြီးဗိုလ်မှူးချုပ်ပြည့်စုံတက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ရှေးဦးစွာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက ၂၀၀၂–၂၀၀၃ခု နှစ်အတွင်း ပို့ကုန်ပစ္စည်း အများဆုံး တင်ပို့နိုင်သူများအား ဂုဏ်ပြုအမှာ စကားပြောကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက ၂၀၀၂–၂၀၀၃ခု ဘဏ္ဍာနှစ် အတွင်း ပို့ကုန်ပစ္စည်း အများဆုံး တင်ပို့နိုင်သူများမှ ပင်လယ်ရပ်ခြား ပို့ကုန်ပစ္စည်းအများဆုံး တင်ပို့မှုပထမဆုရ Asia Winner Industrial Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်နိုင်၊ ဒုတိယဆုရ M.H.L.G. Co.,Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးမျိုးဟိန်း နှင့် တတိယဆုရ Maung Weik & Family Co.,Ltd. မှ မန်နေဂျင်း ဒါရိုက်တာ ဦးမောင်ဝိတ်တို့အား လည်းကောင်း၊ နယ်စပ်ကုန်သွယ်ရေး ပို့ကုန်ပစ္စည်း တင်ပို့နိုင်မှု ပထမဆုရ အေသုံးလုံးကုမ္ပဏီလီမိတက်မှ ဒါရိုက်တာ ဦးကျော်အေး၊ ဒုတိယဆုရကြေးမုံစိမ်းမိသားစု ကုမ္ပဏီလီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်ရန်ကြူဟွမ်နှင့် တတိယဆုရ ခေတ်ဆန်းစိန် ရောင်းဝယ်ရေးမှ အုပ်ချုပ်မှု ဒါရိုက်တာ ဒေါ်ကြူကြူမြင့်တို့အားလည်းကောင်း၊ မြန်မာ့ လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး၏ အကောင်းဆုံး ကုန်သွယ်ဖက် ပထမဆုရ Keongoo Malaysia Sdn Bhd မှ မန်နေဂျင်း ဒါရိုက်တာ Mr.Lee Su Kiang၊ ဒုတိယဆုရ Agrocorp International Pte.,Ltd. မှ ဒါရိုက်တာ Mr. Murali နှင့် တတိယဆုရ Restal Trading, Switzerland မှ ဒါရိုက်တာ Ms. Umbreen Fatima Lalljee တို့အားလည်းကောင်း၊ ပို့ကုန်ပစ္စည်းအကောင်းဆုံး ဆောင်ရွက်နိုင်မှု ပထမဆုရ Keongoo Malaysia Sdn Bhd မှ မန်နေဂျင်းဒါရိုက်တာ Dr. Larry Wong၊ ဒုတိယဆုရ Restal Trading, Switzerland မှ ဒါရိုက်တာ Ms. Umbreen Fatima Lalljee နှင့် တတိယဆုရ Soafrimex, Belgium မှ ဌာနေကိုယ်စားလှယ် ဦးတင်မောင်ထွန်းတို့အား လည်းကောင်း ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဆုရရှိကြသူများကိုယ်စား ကိုယ်စားလှယ်များက ကျေးဇူးတင်စကားပြောကြားကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အထက်မင်းလှမြို့နယ်အသင်း (ရန်ကုန်) ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇွန် ၁၅

ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ် ပတ်လည်အစည်းအဝေးကို ဇူလိုင် ၆ ရက် (တနင်္ဂနွေနေ့)နံနက် ၈ နာရီတွင်မင်းလှမွေ့ရိပ်သာကျောင်း (ဗဟန်းဈေးအနီး) ရေတာရှည်လမ်း ဗဟန်းမြို့နယ်၌ ကျင်းပမည်ဖြစ်၍ အသင်းဝင်မိသားစုများ၊ ရန်ကုန်ရောက် မြို့နယ်သူမြို့နယ်သားများအား ဖိတ်ကြားထားကြောင်း သိရသည်။ **(က–ပ)**

သမဝါယမ စီးပွားရေးကဏ္ဍမှ အောင်မြင်နေသော

တော်ဝင်နန်း သွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်မှု သမဝါယမအသင်း

သူရည့်

နိုင်ငံတော်၏ဈေးကွက်စီးပွားရေး ဖော်ဆောင်ပေးမှုတွင် သမဝါယမ စီးပွားရေးလုပ်ငန်းများသည်လည်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။

သမဝါယမ ဝန်ကြီးဌာနသည် သမဝါယမစီးပွားရေး လုပ်ငန်းများ အကောင်အထည် ဖော်ဆောင်ရာတွင် သမဝါယမအသင်းများကို အခြေခံပြုသည်။ သမဝါယမအသင်းများသည် သမဝါယမဝန်ကြီးဌာန၏ လမ်းညွှန်မှုကို ခံယူကာ နိုင်ငံတော်၏ စီးပွားရေး

တော်ဝင်နန်း သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှု သမဝါယမအသင်းမှ ကျွမ်းကျင်သူပညာရှင်တစ်ဦး ကြွေသွားတု ပြုလုပ်နေစဉ်။

နယ်ပယ်အသီးသီး၌ ပါဝင်လှုပ်ရှား ဆောင်ရွက်ခဲ့သည်။

ယင်းသို့ ဆောင်ရွက်ရာတွင် သမဝါယမ၏အခြေခံမူများ၊ ကျင့်ဝတ်များကိုစောင့်ထိန်းရင်း မိမိတို့၏ စီးပွားရေးလုပ်ငန်းများကို အောင်မြင်တိုးတက်အောင် ကြိုးပမ်းစွမ်းဆောင်ခဲ့ကြသည်။

သမဝါယမ အသင်းများသည် ရောင်းဝယ်မှုလုပ်ငန်းများ၊ ကုန်သွယ်မှုလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ ငွေကြေး ဝန်ဆောင်မှုလုပ်ငန်းများ၊ သားငါးလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းများ၊ စက်မှုကုန်ထုတ်လုပ်ငန်းများအပြင် ကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်းများကိုလည်း အောင်အောင်မြင်မြင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နိုင်ငံတော်တွင် တစ်စတစ်စ လူ့ဦးရေ တိုးတက်များပြားလာလျက်ရှိရာ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာနအပြင် ပုဂ္ဂလိကနှင့် သမဝါယမအခန်းကဏ္ဍများကလည်း ပါဝင်ရွက်ဆောင်လာခြင်း အားဖြင့် နိုင်ငံတော်၏ လူမှုရေးဦးတည်ချက်များကို တစ်ဖက်တစ်လမ်းမှ ပါဝင်ဖြည့်ဆည်းရာ ရောက်ပေသည်။

သို့ကြောင့်လည်း သမဝါယမအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဂုဏ်ယူဝမ်းမြောက်ခြင်းနှင့်အတူ အားပေးမြှင့်တင်ရမည်ဖြစ်သည်။

တလောက သမဝါယမကျန်းမာရေးစောင့်ရှောက်မှု အသင်းတစ်သင်းသို့ ရောက်ရှိခဲ့သည်။

ထိုသမဝါယမအသင်းမှာ တော်ဝင်နန်း သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှု သမဝါယမအသင်းပင် ဖြစ်သည်။ တော်ဝင်နန်း သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှု သမဝါယမအသင်း၏တည်နေရာမှာ ၅၂၃၊ မဟာဗန္ဓုလလမ်း၊ ၂၇ နှင့် ၂၈ လမ်းကြား၊ ပန်းဘဲတန်းမြို့နယ်တွင် ဖြစ်သည်။

ကျွန်တော်ရောက်ရှိသည့်အချိန်တွင် လူနာအနည်းငယ်ရှိနေသဖြင့် အတော်လေးကြာမှ တာဝန်ခံဆရာဝန်ကြီးနှင့် သွားရောက်တွေ့ဆုံခဲ့သည်။ တာဝန်ခံဆရာဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းဝင်းက ကျွန်တော်သိလိုသော အချက်အလက်များကို စိတ်ရှည်လက်ရှည် ရှင်းလင်းပြောပြသည်။

"ကျွန်မတို့ရဲ့ တော်ဝင်နန်း သွားနဲ့ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှု သမဝါယမ အသင်းကို သမဝါယမဝန်ကြီးဌာနရဲ့ ခွင့်ပြုချက်နဲ့ ၁၉၉၇ ခုနှစ် မေလ ၂၅ ရက်နေ့မှာ စတင် ဖွဲ့စည်းခဲ့ပါတယ်။ ကျွန်မတို့ရဲ့ အသင်းမှာ ဒါရိုက်တာအဖွဲ့ဝင် ငါးဦး ပါဝင်ပါတယ်။ ကျွန်မတို့ဟာ သမဝါယမအသင်း တစ်သင်းဖြစ်သည့်အားလျော်စွာ ကျွန်မတို့ရဲ့ သွားနဲ့ခံတွင်း ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်တဲ့အခါမှာ သမဝါယမဝန်ကြီးဌာနရဲ့ လမ်းညွှန်မှုကိုခံယူပြီး ဆောင်ရွက်ခဲ့ပါတယ်။

ကျွန်မတို့ရဲ့ ရည်ရွယ်ချက်ကတော့ သွားနဲ့ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ပီပြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနဲ့ ပြည်သူလူထုအား ကျန်းမာရေး အသိပညာများ ပြန့်ပွားရေးဖြစ်ပါတယ်။ ကျွန်မတို့ဟာ

သွားနဲ့ခံတွင်းရောဂါဟာ ကြိုတင်ကာကွယ်နိုင်မယ်ဆိုရင် ရောဂါဖြစ်ပေါ်မှုနည်းပါးသွားနိုင်

ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ အထူးသဖြင့် သွားနဲ့ခံတွင်း ရောဂါများ ကာကွယ်ကုသရေးနဲ့ သွားတုအမျိုးမျိုးကို ကျွမ်းကျင်တဲ့ ပညာရှင်များနဲ့ ပြည်သူလူထုများ ဈေးနှုန်းချိုသာစွာ သုံးစွဲနိုင်ရေးအတွက် ထုတ်လုပ်ပေးလျက်ရှိပါတယ်"

"ဒေါက်တာ ဒေါ်ခင်စန်းဝင်း ခင်ဗျား၊ သွားနဲ့ ခံတွင်းရောဂါ ကာကွယ်ကုသရေးနဲ့ ပတ်သက်လို့ လက်ရှိ ဆောင်ရွက်ချက်များကို သိပါရစေ"

"သွားနဲ့ ခံတွင်းရောဂါဟာ ကြိုတင်ကာကွယ်နိုင်မယ်ဆိုရင် ရောဂါဖြစ်ပေါ်မှု နည်းပါးသွားနိုင်ပါတယ်၊ ဥပမာ– ချိုလွန်းတဲ့၊ အေးလွန်းတဲ့

တော်ဝင်နန်း သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှု သမဝါယမအသင်းမှ ဆရာဝန်ကြီးများက သွားရောဂါကုသပေးနေစဉ်။

အစားအစာများကို စားပြီးတိုင်း အာလုတ်ကျင်းပေးရပါမယ်၊ ညအိပ်ရာဝင်ခါနီးတိုင်း သွားတိုက်ရပါမယ်၊ သွားတိုက်ခြင်းကို တစ်နေ့နှစ်ကြိမ် ပြုလုပ်ရပါမယ်၊ အစာစားစဉ် (အပူ အအေး သောက်သုံးစဉ်) အနည်းငယ် နာကျင်ခံစားရရင် ဆေးခန်းကို ဆောလျင်စွာ လာရောက်ပြသဖို့ လိုအပ်ပါမယ်။ အကြောင်းအမျိုးမျိုးကြောင့် သွားတစ်ချောင်း နုတ်ရရင် ခြောက်လအတွင်း သွားပြန်စိုက်ရပါမယ်။ အဲဒီလိုပြန်မစိုက်ခဲ့ရင် အခြားသွားများယိုင်နဲ့ပြီး ပျက်စီးသွားတတ်ပါတယ်။ နောက်တစ်ခုက တစ်နှစ်ကို နှစ်ခါ သွားဘက်ဆိုင်ရာ ဆရာဝန်များနဲ့ပြသပြီး ကုသမှုခံယူဖို့ လိုအပ်ပါတယ်။ ဒီအချက်အလက်တွေဟာ ပြည်သူလူထုအနေနဲ့ သိရှိထားရန်လိုအပ်ပြီး အမှန်တကယ် လိုက်နာကျင့်သုံးဖို့ လိုအပ်ပါတယ်။ အဲဒါကြောင့် ကျွန်မတို့ဆီက ဆရာဝန်၊ ဆရာမများဟာ လာရောက်ကုသတဲ့ လူနာတိုင်းကို ဒီအချက်အလက်တွေ

တော်ဝင်နန်း သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှု သမဝါယမအသင်းကို ပြည်သူအများ အားထားကြသည်ကို တွေ့ရစဉ်။

လိုက်နာကျင့်သုံးကြဖို့ အမြဲတမ်း ပညာပေး လှုံ့ဆော်လျက်ရှိပါတယ်။ ပြီးတော့ သွားဖုံးရောင်ရောဂါနဲ့ လာရောက်ပြသကြတဲ့ လူနာတွေကိုလဲ ခေတ်မီ ကျောက်ခြစ်စက်နဲ့ သွားအခြေမှာတည်နေတဲ့ ကျောက်များကို ခြစ်ထုတ်ပေးပြီး ရေစီးကမ်းပြိုရောဂါ မဖြစ်အောင် ကာကွယ်ကုသရမယ့် အချက်အလက်များကို ပညာပေးဟောပြော ဆောင်ရွက်ပေးခဲ့ပါတယ်"

"သြော်– ဒါထက် ဆရာမတို့ဆေးခန်းက သွားတုအမျိုးမျိုး ထုတ်လုပ်နေတယ်ဆိုတာ သိရပါတယ်။ သွားတုနဲ့ ပတ်သက်လို့ အနည်းငယ် သိပါရစေ"

"ဟုတ်ပါတယ်၊ လိုအပ်တဲ့ လူနာတွေ ဈေးနှုန်းချိုသာစွာနဲ့ သွားတုအမျိုးမျိုးကို သုံးစွဲနိုင်ဖို့အတွက် ကျွန်မတို့ဆေးခန်းက ကျွမ်းကျင်တဲ့ အတတ်ပညာရှင်များကိုယ်တိုင် ဦးစီးပြီး သွားတုအမျိုးမျိုး ထုတ်လုပ်ပေးလျက်ရှိပါတယ်။ သုံးစွဲသူများအနေနဲ့ မိမိစိတ်တိုင်းကျ ဝယ်ယူသုံးစွဲနိုင်ဖို့အတွက် နိုင်ငံတကာအဆင့်မီ ကြွေသွားအမျိုးမျိုး၊ သတ္တုအံကပ်အမျိုးမျိုး၊ သွားအလှပြင် ကိရိယာအမျိုးမျိုး၊ ပလတ်စတစ်၊ ပလက်တီနမ်နဲ့ သတ္တုသွားတုအမျိုးမျိုး ထုတ်လုပ်ပေးလျက်ရှိပြီး သွားနဲ့ခံတွင်း ရောဂါရှင်များအတွက် လိုလေသေးမရှိအောင် ဆောင်ရွက်ပေးထားပါတယ်"

"ကျေးဇူးတင်ပါတယ် ခင်ဗျား၊ ဆရာမတို့ဆေးခန်းဟာ သွားနဲ့ခံတွင်းရောဂါရှင်တွေအတွက် လိုလေသေးမရှိအောင် ဆောင်ရွက်ပေးထားတာတွေ့ရတဲ့အတွက် များစွာ ဂုဏ်ယူမိပါတယ်။ နောက်ဆုံးအနေနဲ့ ပြည်သူလူထုကို တင်ပြချင်တာ လေးများ ရှိရင်......?"

"ကျွန်မအနေနဲ့ ပြောချင်တာကတော့ ကျွန်မတို့ဟာ သမဝါယမအသင်းတစ်သင်းဖြစ်သည့်အားလျော်စွာ သမဝါယမ ဝန်ကြီးဌာနရဲ့ လမ်းညွှန်မှုများကို အကောင်အထည်ဖော် ဆောင်ရွက်ရင်း နိုင်ငံတော်ရဲ့ ကျန်းမာရေး ရည်မှန်းချက်တွေကိုလည်း ဖြည့်ဆည်းရပါတယ်။ ဒါကြောင့်မို့လို့ အစစအရာရာ ပိုမိုကောင်းမွန်တဲ့ သွားနဲ့ခံတွင်း ကျန်းမာရေး စောင့်ရှောက်မှု သမဝါယမအသင်း တစ်သင်းဖြစ်အောင် ကြိုးစား ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ကူးစက်ရောဂါ မပြန့်ပွားရေးက အစ ခေတ်မီဆေးဝါးများ သုံးစွဲခြင်း၊ တစ်ခါသုံးအပ်များသုံးစွဲခြင်း၊ ပိုးသတ်ပစ္စည်းများ သုံးစွဲခြင်း စသည်ဖြင့် စနစ်တကျ ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလို ခေတ်မီဆေးဝါးများ သုံးစွဲခြင်း၊ စနစ်ကျခြင်း၊ ဈေးနှုန်းချိုသာခြင်း၊ စေတနာထားခြင်းတို့ကြောင့် ကျွန်မတို့ရဲ့ တော်ဝင်နန်း သွားနဲ့ခံတွင်း ကျန်းမာရေး စောင့်ရှောက်မှု သမဝါယမအသင်းဟာ အောင်မြင်လျက်ရှိပါတယ်။ ဆေးခန်းကိုလဲ နေ့စဉ် နံနက် ၈ နာရီမှ ည ၈ နာရီအထိ ပိတ်ရက်မရှိ နေ့စဉ်ဖွင့်လှစ်ထားပါကြောင်း ပြောကြားလိုပါတယ်"

တော်ဝင်နန်းကား စွမ်းအားအပြည့်နှင့် ရပ်တည်လျက် ရှိပါသည်။

စတင်ဖွဲ့စည်းခဲ့သည့် ၁၉၉၇ ခုနှစ်မှသည် ယနေ့ထိတိုင် ရပ်တည်နိုင်ခြင်းသည် တော်ဝင်နန်း၏ စည်းစနစ်ကျနမှု၊ ကြိုးပမ်းအားထုတ်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ ညီညွတ်မှုတမှု၊ စေတနာထားရှိမှုတို့ကြောင့် ဖြစ်ကြောင်း အထူးပြောပြရန် လိုမည်မဟုတ်ပေ။

မည်သို့ပင်ဆိုစေ တော်ဝင်နန်း သွားနှင့်ခံတွင်း ကျန်းမာရေး စောင့်ရှောက်မှု သမဝါယမအသင်းသည် နိုင်ငံတော်၏ ဈေးကွက်စီးပွားရေး ဖော်ဆောင်မှုတွင် အောင်မြင်နေသော သမဝါယမအသင်း တစ်သင်းဖြစ်ကြောင်း ဇူလိုင်လ ၅ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးစိုးတင့်နှင့် အဖွဲ့ မေ ၇ ရက်က ကနီမြို့ မြစ်ရေတင် မြို့ရေပေးဝေရေးလုပ်ငန်းခွင်၌ရေတင်စက်ရုံဆောင်ရွက်ပြီးစီးမှုကိုကွင်းဆင်း စစ်ဆေးရာ တာဝန်ခံ အင်ဂျင်နီယာ ဦးကျော်စိုးဦးက ရှင်း လင်းပြသစဉ်။ (မြို့နယ်စည်ပင်)

ဇမ္ဗူလုံးဆုတောင်းပြည့်စေတီ ပန္နက်တင်မင်္ဂလာကျင်းပ

အုတ်တွင်း ဇွန် ၆

ပဲခူးတိုင်း အုတ်တွင်းမြို့ ဇမ္ဗူလုံးဆုတောင်းပြည့်စေတီတော်မြတ်ကြီး၏ ပန္နက်တင်မင်္ဂလာအခမ်းအနားကို မေ ၂၅ ရက် ဈေးကျောင်းတိုက်အတွင်း စေတီတော်တည်ထားပူဇော်မည့် မင်္ဂလာမြေနေရာတွင် ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေစန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သာသနာရေးဦးစီးမှူး ဦးသန်းဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်သူများ တက်ရောက် ကြည်ညို ကြသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်လိုက်ပြီး ဓါးဖြူပြင်ကျောင်း ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသူရိယ ထံမှရှစ်ပါး သီလခံယူဆောက်တည်ကြပြီး ရေစက်သွန်းချ အမျှပေးဝေကြသည်။ မင်္ဂလာအချိန် နံနက်၉နာရီမိနစ်၂၀၌ဈေးကျောင်းတိုက်ဆရာတော် ဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တတိလောက ဦးဆောင်၍ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေစန်းနှင့် ဓမ္မမိတ်ဆွေများက သက်ဆိုင်ရာ ထောင့်အသီးသီးတွင်အုတ်မြစ်စီမင်္ဂလာဆောင်ရွက်ကြပြီး ဈေးကျောင်းတိုက် ဆရာတော်က မော်ကွန်းတင် ကျောက်စာနှင့် ရတနာပစ္စည်းများအား မြုပ်နှံပေးသည်။စေတီတော်မြတ်ကြီးမှာအရံစေတီကိုးဆူ၊ ရုပ်ပွားတော် ကိုးဆူပါဝင်ပြီး ဥဏ်တော် ၂၇တောင် တစ်မိုက်ရှိ၍ ကျပ်သိန်း ၁၅၀ခန့် ကုန်ကျမည်ဖြစ်ရာ လှူဒါန်းလိုပါက အုတ်တွင်းမြို့နယ် ဥက္ကဋ္ဌနှင့်မြို့နယ်သာသနာရေး ဦးစီးမှူးတို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၁၁၆)

မြို့သာယာရေးဆောင်ရွက်မှု အမှုဆောင်အရာရှိ ကြည့်ရှုစစ်ဆေး

ကျွန်းလှ ဇွန် ၆

ကျွန်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောမြင့်ထွန်းသည် မေ ၂၉ရက်က တာဝန်ခံအင်ဂျင်နီယာ ဦးသင်းအောင်နှင့် ဝန်ထမ်းများ ကျွန်းလှမြို့တွင်း၌ ပန်းအလှပင်များစိုက်ပျိုးမှု၊ တပင်ရွှေထီး လမ်းမကြီးဝဲ/ယာ သာယာရေးအတွက်လမ်းကပ်တုံးများ ဆောင်ရွက်မှု၊ ပြည်သူနှင့်စည်ပင်ဝန်ထမ်းများပူးပေါင်းကာ ရေနုတ်မြောင်းတူးဖော်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသည်။

(မြို့နယ်စည်ပင်)

မြို့နယ်နှင့်ရပ်ကွက်အဖွဲ့ဝင်များ အင်းတော်မြို့နယ်၌ လုပ်ငန်းညှိနှိုင်းစည်းဝေး

အင်းတော် ဇွန် ၆

အင်းတော်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် ရပ်ကွက်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊စာရေးဝန်ထမ်းများ၏ လပတ်ပုံမှန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၃၀ ရက် နံနက်က မြို့နယ်ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစည်းအဝေးတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးစိန်သောင်းက အမှာစကား ပြောကြားသည်။ ထို့နောက် မြို့နယ် အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီအဖွဲ့ဝင်မြို့နယ်ဥပဒေအရာရှိ ဒေါ်လှကြည်ကအမျိုးသမီးများအကြမ်းဖက်မှုမှ ကာကွယ်ရေးဥပဒေများနှင့်ပတ်သက်၍ လည်းကောင်း၊ မြို့နယ်မြေစာရင်း ဦးစီးမှူး ဦးတင်ဝင်းသိန်းက ရပ်ကွက် ကျေးရွာမြေယာ ကော်မတီများ၏ လုပ်ငန်းရပ်များနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

(၁၃၃)

အမြို့မြို့ အနယ်နယ် သတင်းများ

ကြံစိုက်ကွင်းဧက၁၀၀၌ စုပေါင်းဓာတ်မြေသြဇာကြဲပက်

ရမည်းသင်း ဇွန် ၁၀

ရမည်းသင်းမြို့နယ် မြန်မာ့ကြံလုပ်ငန်းက ဦးစီးလျက် ၂၀၀၂–၂၀၀၃ ခုနှစ် ချက်ကြံသီးနှံစိုက်ပျိုးရာသီတွင် ရမည်းသင်းမြို့နယ်အတွင်း တစ်ဧကအထွက်နှုန်းတိုးရေးအတွက် စုပေါင်းဓာတ်မြေသြဇာကြဲပက်ပွဲကို မြင်းနားကျေးရွာအုပ်စု ကြံစိုက်ကွင်းဧက ၁၀၀ ၌ ဇွန် ၆ ရက်က ကျင်းပသည်။

စုပေါင်းကြဲပက်ရာသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးစန်းမောင်၊အမှတ်(၁) ဒဟတ်ကုန်းစက်ရုံမှူးဒေါ်စိန်မြင့်၊မြို့နယ်ကြံလုပ်ငန်းတာဝန်ခံဦးကျော်သန်းနှင့် ဝန်ထမ်းများ၊တောင်သူများက စုပေါင်းကြဲပက်ကြသည်။ **(ခရိုင် ပြန်/ဆက်)**



ကရင်ပြည်နယ် ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းဆွေ ဦးဆောင်လျက် ဘားအံမြို့ မြို့မဈေးကြီး မီးဘေးလုံခြုံရေးအတွက် မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် ပူးပေါင်းကာ ဓာတ်တိုက်လေ့ကျင့်မှုကို ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ကူးစက်မြန်ပြင်းထန်နမိုးနီးယား(အဆုတ်ရောင်)ရောဂါကာကွယ်ရေး သတိပေးနှိုးဆော်ချက်

၁။ ယခုအခါ ကမ္ဘာ့နိုင်ငံအချို့တွင် ကူးစက်မြန် ပြင်းထန်နမိုးနီးယား (အဆုတ်ရောင်)ရောဂါ ဖြစ်ပွားလျက်ရှိပါသည်။ ဤရောဂါသည် ကိုရိုနာ (Corona) အုပ်စုဝင် ဗိုင်းရပ်(စ်)ပိုးကြောင့် ဖြစ်ပါသည်။ အဆိုပါပိုးသည် လူနာချောင်းဆိုးခြင်း၊ နှာချေခြင်း၊ နှာရည်၊ ချွဲသလိပ်များမှတစ်ဆင့် သော်လည်းကောင်း၊ လူနာအသုံးအဆောင် ပစ္စည်းမှ တစ်ဆင့်သော် လည်းကောင်း၊ အသက်ရှူလမ်းကြောင်းမှ ခန္ဓာကိုယ်အတွင်းသို့ ဝင်ရောက်၍ ရောဂါဖြစ်စေပါသည်။

၂။ ကူးစက်မြန်ပြင်းထန်နမိုးနီးယား (အဆုတ်ရောင်)ရောဂါ၏ လက္ခဏာများမှာ–

(က) ကိုယ်အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ် သို့မဟုတ် ၁၀၀ ဒသမ ၅ ဒီဂရီဖာရင်ဟိုက်ထက် ပို၍ ပြင်းထန်စွာ ဖျားခြင်းနှင့်

(ခ) အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သည့်–

- ချောင်းဆိုးခြင်း၊
- အသက်ရှူမဝခြင်း၊
- အသက်ရှူရခက်ခဲခြင်းနှင့်

(ဂ) အောက်ပါအကြောင်းတစ်ခုခုရှိခြင်း

- ကူးစက်မြန်ပြင်းထန် နမိုးနီးယား (အဆုတ်ရောင်) ရောဂါရှိသူ လူနာ သို့မဟုတ် လူနာနှင့် အနီးကပ်ထိတွေ့သူများနှင့် ထိတွေ့မှုရှိခြင်း၊
- ကူးစက်မြန်ပြင်းထန် နမိုးနီးယား (အဆုတ်ရောင်) ရောဂါ ဖြစ်ပွားနေသည့် နိုင်ငံများမှ လွန်ခဲ့သည့် နှစ်ပတ်အတွင်း ပြန်လည် ရောက်ရှိခြင်းတို့ ဖြစ်ပါသည်။

၃။ ဤရောဂါသည် အသက်အန္တရာယ်မရွေး ဖြစ်ပွားနိုင်သည်။ သို့ရာတွင် အောက်ဖော်ပြသူများတွင် ရောဂါ ပိုမိုဖြစ်ပွားလွယ်သည်။

(က) ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများ၊

(ခ) ဆီးချိုရောဂါရှိသူများ၊

(ဂ) နာတာရှည်အဆုတ်နှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါရှိသူများ၊

(ဃ) ကိုယ်ခံစွမ်းအားကျစေသည့် ဆေးဝါးမှီဝဲသောက်သုံးနေသူများ၊ (ဥပမာ–ကော်တီဆုံး ပါဝင်သည့် ဆေးများ၊ ကင်ဆာဆေးများ စသည်ဖြင့်)

၄။ အသက်ရှူလမ်းကြောင်းမှ ကူးစက်သောရောဂါဖြစ်သဖြင့် ကူးစက်မြန်ပြင်းထန် နမိုးနီးယား (အဆုတ်ရောင်) ရောဂါဖြစ်ပွားမှုမှ ကာကွယ်ရန် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ပါ။

(က) တစ်ကိုယ်ရေသန့်ရှင်းမှုကို ဂရုပြုဆောင်ရွက်ခြင်း၊

(ခ) အာဟာရပြည့်ဝသည့် အစားအစာများ စားသုံးခြင်း၊

(ဂ) ကောင်းမွန်စွာအိပ်စက်အနားယူခြင်း၊

(ဃ) ကိုယ်လက်လှုပ်ရှားမှု မှန်မှန်ပြုလုပ်ခြင်း၊

(င) နှာချေ၊ ချောင်းဆိုးလျှင် လက်ကိုင်ပဝါဖြင့် ဖုံးအုပ်ခြင်း၊

(စ) ကူးစက်မြန်ပြင်းထန်နမိုးနီးယား (အဆုတ်ရောင်) ရောဂါလက္ခဏာ ရှိသူများအား ခွဲစိတ်ခန်းသုံး မျက်နှာဖုံး (Surgical Mask)၊ ဝတ်ရုံ (Gown)၊ ပလတ်စတစ်ရှေ့ဖုံး ခါးစည်း (Apron) နှင့် ပလတ်စတစ်လက်အိတ် (Gloves)အသုံးမပြုဘဲ လူနာနှင့် ထိတွေ့ခြင်း၊ လူနာအသုံးအဆောင် ပစ္စည်းများ ကိုင်တွယ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊

(ဆ) ကူးစက်ရောဂါများကို ထိရောက်စွာကာကွယ်ရန်အတွက် လက်ကိုဆပ်ပြာနှင့် စင်ကြယ်စွာဆေးကြောခြင်း၊

(ဇ) လူထူထပ်သောနေရာများနှင့် ရောဂါဖြစ်ပွားနေသော နိုင်ငံများသို့ ခရီးသွားလာခြင်းမှ ရှောင်ကြဉ်ခြင်း။

၅။ ကိုယ်အပူချိန်ပြင်းထန်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ ခေါင်းကိုက်ခြင်း၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်း၊ မောပန်းခြင်း၊ အသက်ရှူကျပ်ခြင်း၊ ရင်ဘတ်အောင့်ခြင်း စသည့်လက္ခဏာများ ဖြစ်ပွားပါက နီးစပ်ရာ ကျန်းမာရေး ဌာန၊ ဆေးရုံ၊ ဆေးပေးခန်းများတွင်ပြသ၍ ဆေးကုသမှုခံယူရန် သတိပေးနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

မြန်မာ့အသံ

၁၆–၆–၂၀၀၃ (တနင်္လာနေ့)

နံနက်ပိုင်း

၀၇:၀၀ ဦးဥတ္တမသာရဆရာတော်ကြီး၏ မင်္ဂလသုတ်နှင့် ဂုဏ်တော်ကွန်ချာ တရားတော်

နေ့လယ်ပိုင်း

၁၁:၁၅ နိုင်ငံ့စီးပွားလုပ်ငန်းဌာနများ (သဘာဝအသီးအနှံများမှ ထုယ်လုပ်ထားသည့် ဆေးမိတ်ကပ်)

၁၁:၄၀ သီပွဲအကြောင်းသိကောင်းစရာ (နာနိုတက္ကနော်လော်ဂျီ– သီပွဲမှူးတင်)

၁၂:၀၀ တစ်ပတ်အတွင်းသတင်းပဒေသာ

၁၂:၂၅ အားကစားသတင်းပဒေသာ

၁၂:၄၀ ကျန်းမာရေးရာပြန်ကြားလွှာ

၁၃:၁၀ ပညာရေးအစီအစဉ် (မူလတန်းမြန်မာစာ)

ညနေပိုင်း

၁၅:၂၀ ပထမအကြိမ် အာဆီယံ အသက်(၁၈)နှစ်အောက်လူငယ် ဘောလုံးပြိုင်ပွဲ ပထမအကြို ဗိုလ်လုပွဲထုတ်လွှင့်မှုအစီအစဉ် (မြန်မာလူငယ်နှင့် ဗီယက်နမ်အသင်း)

၁၇:၀၅ ပထမအကြိမ် အာဆီယံ အသက်(၁၈)နှစ်အောက်လူငယ် ဘောလုံးပြိုင်ပွဲ ဒုတိယအကြို ဗိုလ်လုပွဲထုတ်လွှင့်မှုအစီအစဉ် (မလေးရှားလူငယ်အသင်းနှင့် စင်ကာပူလူငယ်အသင်း)

တောင်ကုတ်မြို့နယ်ငမောက်ချောင်းကျေးရွာ နိုင်ငံသား စိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ဇွန်၁၀ရက်က ကျင်းပရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနဦးစီးမှူးဦးမြင့်ဆွေက နိုင်ငံသားကတ်ပြားများကို ကျေးရွာဥက္ကဋ္ဌ ဦးလှအောင်ထံ ပေးအပ်စဉ်။ (က–ပ)

ပင်းတယမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းစည်းဝေး

ပင်းတယ ဇွန် ၄

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ နှစ်ပတ်လည်အစည်းအဝေးနှင့် အမှုဆောင်သစ် ရွေးချယ်ပွဲအခမ်းအနားကို မေ ၂၉ ရက် နံနက်က မြို့နယ် ဇော်ဂျီဦးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးလွင်နှင့် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မြမြတို့က အမှာစကား ပြောကြားသည်။ထို့နောက် ဒုဥက္ကဋ္ဌဒေါ်မေနှင်းက နှစ်ပတ်လည် အစီရင်ခံစာကို ဖတ်ကြားပြီး အမှုဆောင်သစ်များကို ရွေးချယ်တာဝန်ပေးအပ်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
၏
၂၀၀၂-၂၀၀၃ ဘဏ္ဍာရေးနှစ်အတွင်း
ရေကြောင်းဖြင့် ပြည်ပသို့ ပို့ကုန်ပစ္စည်းအများဆုံးတင်ပို့နိုင်သော
ဒုတိယဆု
ချီးမြှင့်ခြင်းခံရသည့်

M.H.L Co.,Ltd. ၏ Managing Director ဦးမျိုးဟိန်း

အား
ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း

ဦးဂန်ဂါး	– Chairman –ကိုလေးလုံးကုမ္ပဏီလီမိတက်	ဦးသိန်းလွင်	– M.D,G Seven Co.,Ltd.
ဦးစိုင်းနွံ	– M.D,Potencer Co.,Ltd.	ဦးခင်မောင်ဌေး	– Director,M.H.L.G Co.,Ltd.
ဦးဇော်ဝင်းနိုင်	– M.D,Kanbawza Group of Companies	ဦးအောင်သိန်း	– M.D,Aung Thiha Co.,Ltd.
ဦးကြည်စိုး	– M.D, ရာမင်းကျော်ကုမ္ပဏီလီမိတက်	ဦးခင်ဇော်	– M.D, အောင်မြေရတနာကုမ္ပဏီလီမိတက်

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊အင်းစိန်မြို့နယ်၊ကြို့ကုန်းရိပ်သာ၊တိုက်(၈)၊အခန်း(၄)နေ
ဗိုလ်မှူးဘလှိုင်(အငြိမ်းစား)-(ဒေါ်မြသန်း)တို့၏သားထွေး

မောင်မျိုးမျိုးလှိုင် B.Sc (Geology)Q.
Pacific International Lines (Pte) Ltd., Singapore

နှင့်

ရန်ကုန်မြို့၊လှိုင်မြို့နယ်၊(၈)ရပ်ကွက်၊ပဏ္ဍိတလမ်း၊အမှတ်(၇)နေ
(ဦးကျော်အုန်းမောင်)-ဒေါ်ခင်သန်း(စက်မှု/စားကုန်)တို့၏သမီးငယ်

မသန္တာအောင်ကျော် B.Sc (Hons), M.Sc.M 1 (Chemistry)(Y.U)

စက်မှု(၁)၊ဂျုံလုပ်ငန်း

တို့အား ၁၀-၆-၂၀၀၃ရက်တွင် မင်္ဂလာမော်ကွန်းလက်မှတ်ရေးထိုးပေးပြီး ၁၄-၆-၂၀၀၃ရက် Yuzana Garden Hotel၌ ကျင်းပသော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးသော တရားရုံးချုပ်တရားသူကြီး ဦးခင်မောင်အေးနှင့်ဇနီးဒေါ်ခင်နီတို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးသော သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့်ဇနီး ဒေါ်စန္ဒာအောင်တို့အားလည်းကောင်း၊မင်္ဂလာအခမ်းအနားမှူး ဦးဝင်းတင်၊ မင်္ဂလာပန်းကြဲပေးသော မသီတာလှိုင်၊မင်္ဂလာလက်စွပ်နှင့်မင်္ဂလာပန်းကုံးဗန်းကိုင်ဆောင်ပေးသော မယဉ်မင်းမူယာဇော်၊သတို့သားအရန်များနှင့်သတို့သမီးအရန်များအဖြစ်ဆောင်ရွက်ပေးသော မောင်ဆန်းမင်း၊မောင်ကျော်မြတ်ခိုင်၊ မသွယ်သွယ်လှိုင်၊ မယဉ်ယဉ်နွယ်၊ မင်္ဂလာအခါတော်ပေးသီဆိုပေးသော တေးသံရှင် စိမ်းမို့မို့နှင့် The Aces တေးဂီတအဖွဲ့၊သတို့သမီးဝတ်စုံနှင့်မိတ်ကပ် အောင်အောင်၊ မင်္ဂလာမှတ်တမ်းတင်ပေးသော ဓာတ်ပုံ တက္ကသိုလ်စိန်ဝင်း၊ ဗီဒီယို မောင်မောင်ညွှပ်နှင့်အဖွဲ့၊မင်္ဂလာပွဲဖြစ်မြောက်အောင် ဆောင်ရွက်ပေးသော Yuzana Garden Hotel မှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ မိဘဆွေမျိုးမိတ်သင်္ဂဟများနှင့်အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူများအား လှိုက်လှဲစွာကျေးဇူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
မောင်မျိုးမျိုးလှိုင်-မသန္တာအောင်ကျော်

မင်္ဂလာဆုတောင်း

ကိုတင်မိုး (Diethelm Travel Ltd.) နှင့်
မသူသူစိုး (Phoenix Travel & Tours)

တို့၏ ၁၅-၆-၂၀၀၃ရက်တွင် ကျရောက်သော မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာထိတိုင်အောင် ဘဝခရီးလမ်းသာယာဖြောင့်ဖြူးနိုင်ပါစေ။

ကိုလှရွှေနှင့် မအေးမြမြစိုး

အမည်ပြောင်း

ဦးစိုင်းမောင်စိန်-ဒေါ်ခင်ဝင်းကြည်တို့၏ သမီးဖြစ်သူ အထက-ပလစ(၂) အမရပူရမြို့နယ် မန္တလေးမြို့ ဆဋ္ဌမတန်း(ခ)မှ နန်းအေးမွန်းစံအား နန်းမွန်းမွန်းအေးဟုလည်းကောင်း၊ စတုတ္ထတန်း(က)မှ နန်းနောင်နောင်အား နန်းထက်ဇင်လင်း ဟုလည်းကောင်း ပြောင်းလဲခေါ်ပါရန်။

နန်းမွန်းမွန်းအေး၊ နန်းထက်ဇင်လင်း

အမည်ပြောင်း

ဦးမြင့်အောင်၏သားဖြစ်သူ အထက(၂)ဗဟန်း ဒသမတန်းမှ မောင်ရန်လင်းမောင်အားယနေ့မှစ၍ မောင်အောင်ကိုမြတ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်အောင်ကိုမြတ်

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ပ/၈၆၄၈ လက်ဝယ်ရှိသူမှ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး(ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရ

ကညန၊ရန်ကုန်တိုင်း

မြေ၊ အိမ်
ရောင်း/ဝယ်/ငှား
နေရာကောင်း
ဗဟန်း၊ ကမာရွတ်
ဖုန်း-၀၉-၈၀-၂၀၅၈၀

လုပ်ငန်းမှတ်ပုံတင်သက်တမ်းတိုးမြှင့်ရေးဆောင်ရွက်ရန် နှိုးဆော်ခြင်း

သမဝါယမဝန်ကြီးဌာနအိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတွင် လုပ်ငန်းမှတ်ပုံတင်ထားသော အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများသည် မှတ်ပုံတင်သက်တမ်းတိုးရန် သတ်မှတ်အချိန်ကျော်လွန်နေပါက မှတ်ပုံတင်သက်တမ်းတိုးမြှင့်ခြင်းကို ၂၉-၈-၂၀၀၃ ရက်နေ့ နောက်ဆုံးထား၍ ဤဦးစီးဌာနရုံးခွဲများသို့ ဆက်သွယ်လျှောက်ထားကြပါရန် နှိုးဆော်အပ်ပါသည်။

ယင်းနေ့ရက်အတွင်း လျှောက်ထားသူများအား မှတ်ပုံတင်ကို အမြန်ဆုံးဆောင်ရွက်ပေးမည်ဖြစ်ပြီး နောက်ကျ၍ လျှောက်ထားသူများအား မှတ်ပုံတင်အသစ်လျှောက်ထားခြင်းကဲ့သို့သာ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန
သမဝါယမဝန်ကြီးဌာန

အမှတ်(၁)စက်မှုဝန်ကြီးဌာန
စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ လျှပ်စစ်စစ်ဆေးရေးဌာန

သင်တန်းသားခေါ်ယူခြင်း

လျှပ်စစ်ကျွမ်းကျင်မှုသင်တန်းကို ၃၀-၆-၂၀၀၃ ရက်မှစ၍ ရက်သတ္တ ခြောက်ပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ပါသည်။ အခြေခံအထက်တန်းအောင်မြင်ပြီးသူများသည် သင်တန်းတက်ရောက်လိုပါက အောက်ပါဌာနသို့ ဆက်သွယ်စုံစမ်း၍ ၂၃-၆-၂၀၀၃ ရက် နောက်ဆုံးထားပြီး လျှောက်လွှာတင်သွင်းကြရန် ကြေညာအပ်ပါသည်။

လျှပ်စစ်စစ်ဆေးရေးဌာန
အမှတ် ၃၅၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့
ဖုန်း-၆၆၃၇၅၇၊၆၆၃၇၅၃

FAME ဝမ်းကိုက်ရောဂါကင်းစင်အောင် .....၊ DYSENZI® ကိုဆောင် .....!

ဝမ်းကိုက်ရောဂါသည် မြန်မာနိုင်ငံတွင်အဖြစ်များသည့် အဓိကရောဂါကြီး (၆) မျိုးအနက်တစ်မျိုးအပါအဝင်ဖြစ်သည်။ *Entamoeba histolytica* ပိုးကြောင့်ဖြစ်သောဝမ်းကိုက်ရောဂါသည် အဆိုးဝါးဆုံးဖြစ်ပြီး ထိရောက်စွာ မကုသပါက အသည်းပြည်တည်ခြင်း၊ နာတာရှည်ဝမ်းကိုက်ရောဂါဖြစ်ခြင်းစသည့်နောက်ဆက်တွဲဆိုးကျိုးများ ဖြစ်တတ်ပါသည်။

DYSENZI® (ဝမ်းကိုက်ပျောက်ဆေး)သည် ပိုးကြောင့်ဖြစ်သောဝမ်းကိုက်ရောဂါကို ထိရောက်စွာကုသနိုင်သည့် ရာဇဝင်မှ သိပ္ပံနည်းကျထုတ်လုပ်ထားသောအစွမ်းထက် သဘာဝတိုင်းရင်းဆေးဖြစ်ပါသည်။ တစ်ညတစ်လုံး (၅) ညဆက်တိုက်သောက်ရန် လိုပါသည်။ ဘေးထွက်ဆိုးကျိုးများ မရှိပါ။

GMP & ISO 9001:2000 အသိအမှတ်ပြု

FAME Pharmaceuticals က ထုတ်လုပ်ဖြန့်ချိသည်။

Ph : 01-661606, 662199, 665063, Fax : 95-1-660122, E-mail : drkmi@famespirulina.com.mm

Ph : 01-256236

Ph : 01-705255

Ph : 02-38796, 39465

Ph : 081-24163

(Germany) (France) (Switzerland) (China) (Myanmar)

(LL.B.)

ကျေးဇူးတင်ရှိခြင်း
ဟာဂျီဦးမဟဲရ်အလီ(ခ) ဦးမောင်မောင်
(အနော်ရထာ တာယာဆိုင်)

၁၃-၆-၂၀၀၃ ရက်တွင် အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားသော ကျေးဇူးရှင်ဖခင်ကြီး ဟာဂျီဦးအလီ နာမကျန်းဖြစ်စဉ် အဘက်ဘက်မှ နွေးထွေးစွာပြုစုကုသပေးခဲ့ကြသော အထူးကုဆရာဝန်ကြီးများ၊ Sakuraဆေးရုံကြီးမှ လက်ထောက်ဆရာဝန်များနှင့် သူနာပြုဆရာမများအားလည်းကောင်း၊ ရပ်ဝေးရပ်နီးနှင့် နိုင်ငံခြားမှ တယ်လီဖုန်းဖြင့် ဝမ်းနည်းကြောင်းအားပေးစကား ပြောကြားကြသူများအားလည်းကောင်း၊ သွေးလှူပေးခဲ့ကြသော စေတနာရှင်များအားလည်းကောင်း၊ ဈာပနကိစ္စပြီးမြောက်သည်အထိ အဘက်ဘက်မှ ဝိုင်းဝန်းကူညီအားပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ ဘာသာရေးဆရာကြီးများနှင့် ရပ်ရှင်သရပ်ဆောင် ထပ်ဆင့်အကယ်ဒမီ ကိုနေအောင်နှင့် အနော်ရထာ တာယာဆိုင်မှ ဝန်ထမ်းများအားလုံးကိုလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူ အားလုံးတို့အားလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း။ **ကျန်ရစ်သူမိသားစု**

အမည်ပြောင်း

ပခုက္ကူမြို့နေ ဦးပြုံး-ဒေါ်စန်းကြည်တို့၏သား ကိုခင်မောင်လင်း(PRU-၂၂၂၈၆၄)အားယနေ့မှစ၍ ကိုကောင်းကျော်ထွန်းဟု ပြောင်းလဲခေါ်ပါရန်။

ကိုကောင်းကျော်ထွန်း

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်း တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၄ အီး၊ မြေကွက်အမှတ် ၉၇၊ ဧရိယာ ၀ ဒသမ ၀၄၈ ဧကရှိ (အစိုးရမြေ)၊ အမှတ် ၄၅၊ ၁၆၄ လမ်း၊ တာမွေကြီး(ခ) ရပ်ကွက်၊ တာမွေမြို့နယ်ဟုခေါ်တွင်သောမြေကွက်ကို ဦးထွန်းရှိန်အား မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ နှစ် ၆၀ မြေငှားစာချုပ်ထုတ်ပေးမည်ဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာသည့်နေ့မှစ၍ နှစ်ပတ်အတွင်း ဤဌာနသို့ လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများတင်ပြ၍ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊
ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ရန်ကုန်မြို့

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်စာရင်းရုံး
အခြေခံစာရင်းကိုင်သင်တန်းအမှတ်စဉ် (၁၇)တက်ရောက်ရန်

လျှောက်လွှာခေါ်ယူခြင်း

Basic Accounting Course
(For 2003 October Exam;)

၁။ **သင်တန်းဖွင့်မည့်ရက်**	-	၁၂-၇-၂၀၀၃
၂။ **သင်တန်းတည်နေရာ**	-	ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် စာရင်းရုံး ပင်လုံလမ်း၊ မယက မှတ်တိုင်အနီး
၃။ **သင်တန်းချိန်**	-	**တန်းခွဲ(၁)** စနေ -တနင်္ဂနွေ (နံနက်) ၇:၀၀မှ၁၂:၀၀၊ **တန်းခွဲ(၂)** စနေ-တနင်္ဂနွေ (နေ့လယ်) ၁:၀၀မှ ၆:၀၀၊ **တန်းခွဲ(၃)** တနင်္လာမှသောကြာ (နံနက်)၇:၀၀မှ၉:၀၀၊
၄။ **သင်တန်းကာလ**	-	သုံးလ
၅။ **အနိမ့်ဆုံးပညာအရည်အချင်း**	-	တက္ကသိုလ်ဝင်တန်းအောင်
၆။ **လက်ခံမည့်သင်တန်းသားဦးရေ**	-	တန်းခွဲတစ်ခု ၅၀ ဦးစီ
၇။ **ဆက်သွယ်စုံစမ်းရန်**	-	ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်စာရင်းရုံး ဖုန်း-၅၈၄၂၀၇

ဝမ်းနည်းကြေကွဲခြင်း

ဦးကျော်လွင်

B.Sc (Forestry);M.Sc (U.K)
ဒုမန်နေဂျာ(ငြိမ်း)၊မြန်မာ့သစ်လုပ်ငန်း
အထွေထွေအတွင်းရေးမှူး(ဟောင်း)၊မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း
အသက် (၅၇)နှစ်

မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း၏ အထွေထွေအတွင်းရေးမှူး(ဟောင်း) ဦးကျော်လွင် အသက်(၅၇)နှစ်သည် ၁၂-၆-၂၀၀၃ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

အလုပ်အမှုဆောင်အဖွဲ့၊ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း

ဝမ်းနည်းကြေကွဲပါကြောင်း

ဝမ်းနည်းကြေကွဲခြင်း

မိုးသန္တာခိုင်(ခ)မိုး

အသက် (၂၈)နှစ်

မိုးသန္တာ(ခ)မိုး ၁-၆-၂၀၀၃ ရက်တွင် မမျှော်လင့်ဘဲ ခွဲခွာသွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မိုး-မြင့်မြတ်ရာဘုံဘဝသို့ရောက်ရှိပါစေ။ **အောင်နိုင်ဦး**

ဝမ်းနည်းကြေကွဲခြင်း

ဟာဂျီမဟဲရ်အလီ(ခ)ဟာဂျီ ဦးမောင်မောင်

အသက်(၇၂)နှစ်

(Tyre World Co.,Ltd.)နှင့်အနော်ရထာတာယာရောင်းဝယ်ရေးတို့၏ ကျေးဇူးရှင်ဖခင်ကြီး ဟာဂျီမဟဲရ်အလီ(ခ) ဦးမောင်မောင်သည် ၁၃-၆-၂၀၀၃ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါ၍ ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

Vee Rubber တာယာရောင်းဝယ်ရေး
အောင်ကောင်းစံကုမ္ပဏီလီမိတက်
အကျင်းနှင့်ညီများတာယာရောင်းဝယ်ရေး
ရွှေပြည်ကျော်တာယာရောင်းဝယ်ရေး
ကေရာဇ်တာယာရောင်းဝယ်ရေး
ရွှေအားမာန်တာယာရောင်းဝယ်ရေး
ရွှေမြိုင် တာယာရောင်းဝယ်ရေး
စူပါစတား တာယာရောင်းဝယ်ရေး
ကိုခင်စိန်နှင့်တူများတာယာရောင်းဝယ်ရေး
မော်လမြိုင်တာယာဆိုင်

ဝမ်းနည်းကြေကွဲခြင်း

ဟာဂျီ မဟဲရ်အလီ(ခ)ဟာဂျီ ဦးမောင်မောင်

အသက်(၇၂)နှစ်

Tyre World Co.,Ltd.နှင့် အနော်ရထာတာယာရောင်းဝယ်ရေးတို့၏ ကျေးဇူးရှင် ဖခင်ကြီး ဟာဂျီ မဟဲရ်အလီ(ခ)ဦးမောင်မောင်သည် ၁၃-၆-၂၀၀၃ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါ၍ ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

Tri Star General Trading Co.,Ltd.
Boeing Power Motor Trading Co., Ltd.
Lucky Man Co.,Ltd.
Mandalay (Power) Co.,Ltd.
E.S.T.YGerneral° Trading.
Winner Automobile Co.,Ltd.
Siam Star Co., Ltd.
Win Cherry°Co.,Ltd.
Naing°Brothers°Co.,Ltd.
Light House Enterprises Ltd.
Hla°Myint°Trading°L td.

မဟာသဒ္ဓမ္မဇောတိကဓဇ ဝဏ္ဏကျော်ထင်
ဆရာကြီးဦးကိုလေး (ဇေယျာမောင်)

ဒုအဓိပတိ၊ မန္တလေးတက္ကသိုလ်(ငြိမ်း)
တွဲဖက်ဌာနမှူး၊ ဗုဒ္ဓဒေသနာပြန့်ပွားရေးဌာန၊
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
တွဲဖက်ပါမောက္ခ၊ ပဋိပတ္တိမဟာဌာန၊
အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်
မြန်မာစာအဖွဲ့ဝင်
ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆုရှင်
ဝိဇ္ဇာပညာထူးချွန်တံဆိပ် ပထမဆင့်
အသက်(၉၁)နှစ်

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ၊ ဇေယျာရွှေမြေ ဧည့်ပါမောက္ခရိပ်သာနေ(ဒေါ်သန်းခင်)၏ခင်ပွန်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၅ ရပ်ကွက်၊ အမှတ် ၆၂၈ နေ ဦးမျိုးမြင့်(ဆသရ၊ ငြိမ်း)–ဒေါ်ခင်မလေး (အထပြ၊ အထက–၃၊ ဒဂုံမြောက်)၊ ဦးမြင့်သိန်းထွေး(ဒါရိုက်တာ၊ Top Line Technics. Linn Thar Oo ဧည့်ရိပ်သာ၊ ငပလီ)–ဒေါ်လှလှသိန်းတို့၏ကျေးဇူးရှင်မွေးသဖခင်၊ မောင်မျိုးသီဟ(ငယ်/ယာ၊ အမှတ်–၂၊ သံမဏိစက်ရုံ)–ဒေါ်ကေသီဆွေ(သရုပ်ပြ၊ သတ္တဗေဒဌာန၊ ရန်ကုန်ဆေးတက္ကသိုလ်–၁)၊ ဦးရဲထွဋ်(ငယ်/ယာ၊ သာထွန်းပြန့်)–ဒေါ်ခင်သန္တာမျိုး(သရုပ်ပြ၊ ပထဝီဝင်ဌာန၊ ဒဂုံတက္ကသိုလ်)၊ မဖြိုးမို့မို့မျိုး(PGDMA-3)၊ မောင်ချမ်းထွန်းအောင်(ပနှစ်၊ ကွန်ပျူတာတက္ကသိုလ်)၊ မစုလဲ့ရည်အောင်(ဒသမတန်း၊ အထက–၅၊ မရမ်းကုန်း)တို့၏အဘိုး ဆရာကြီးဦးကိုလေး(ဇေယျာမောင်)သည် ၁၅–၆–၂၀၀၃ရက် နံနက် ၉:၃၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇–၆–၂၀၀၃ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးတင်ထွန်း(ခ)ဦးထွန်းထွန်း

(ဇေယျစက်မှုလုပ်ငန်း၊မြေနီကုန်း)
အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ အမှတ် ၂၇၊ မဟာဘောဂလမ်း၊ မြေနီကုန်းတောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်နေ (ဦးစစ်နီ–ဒေါ်တင်လှ)(ဇေယျစက်မှုလုပ်ငန်း)တို့၏သား၊ ဒေါ်တင်တင်အေး၊ ဦးဥာဏ်ခင်–ဒေါ်ခင်စိုး၊ ဦးသိန်းလှ–ဒေါ်အုန်းချစ်ကျော်၊ (ဦးလှငွေ)–ဒေါ်မြကြည်တို့၏ညီ/မောင်၊ ဦးမြင့်စိုး–ဒေါ်သန်းနွယ်၊ ဦးမြသန်း–ဒေါ်ညွန့်ညွန့်ဆွေ၊ ဦးမောင်မောင်သန်း–ဒေါ်သီတာအေး၊ ဦးကျော်ကျော်ခိုင်–ဒေါ်စုစုထွေး၊ ဦးအေးသန်း–ဒေါ်နီနီတင်၊ ဒုတိယဗိုလ်မှူးကြီးသိမ်းထူး(လေ)–ဒေါ်မေမေအုံးတို့၏အစ်ကိုသည် ၁၅–၆–၂၀၀၃ရက် နံနက် ၇:၃၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၇–၆–၂၀၀၃ရက် ညနေ ၃ နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)
ကျန်ရစ်သူမောင်နှမတစ်စု။

နှစ်ဆန်းလိပ်စာပြောင်းရွှေ့ဖွင့်လှစ်ခြင်း

Pennant Co., Ltd (Media & Advertising) အား ...

Pennant Co., Ltd.

ဆည်မြောင်းဥပဒေလိုက်နာပါ

၁။ တူးမြောင်းများ၊ ရေနုတ်မြောင်းများကို ဖျက်ဆီးခြင်း၊ ပိတ်ဆို့ခြင်း၊ ချဲ့ထွင်ခြင်း၊ ရေကိုတိုးစေခြင်း၊ လျော့စေခြင်း၊ ရေစီးရေလာဟန့်တားစေမည့် တရားမဝင်ပိတ်ဆို့ခြင်း၊ ငါးဖမ်းပိုက်များချခြင်း၊ ယင်းချခြင်း၊ မြှုံးထောင်ခြင်း၊ ငါးဖမ်းခြင်းမပြုလုပ်ရ။
၂။ တူးမြောင်းအတွင်းရှိ ရေကိုညစ်ညမ်းအောင်မပြုလုပ်ရ၊ စိုက်ထူထားသော မှတ်တိုင်များကို ဖျက်ဆီးခြင်း၊ ပြောင်းရွှေ့ခြင်း မပြုလုပ်ရ။
၃။ တူးမြောင်းပေါင်များပေါ်တွင် တိရစ္ဆာန်နှင့် လှည်းများ ဖြတ်ကျော်သွားလာခြင်း၊ ကျွဲ နွား တိရစ္ဆာန်စားကျက်များထားရှိခြင်း မပြုရ။
၄။ တူးမြောင်းများ၊လယ်ကြားမြောင်းများမှ ရေကိုခွင့်ပြုချက် မရှိဘဲ သွယ်ယူခြင်း၊ အကျိုးမဲ့ စီးဆင်းစေခြင်း မပြုလုပ်ရ။
၅။ လယ်ကြားမြောင်းများကို ရေအလေအလွင့်နည်းရန်နှင့် ရေစီးရေလာကောင်းမွန်အောင် နှစ်စဉ် တူးဖော်ရှင်းလင်းရမည်။
၆။ နိုင်ငံတော်သို့ သတ်မှတ်ထားသော ရေခွန်များ ပေးဆောင်ရမည်။

ဦးမြင့်ကြည်

ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း)ဆောက်လုပ်ကုန်သွယ်ရေး
အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ အမှတ် ၉၂၊ သံလွင်လမ်းနေ ဒီးဒုတ်ဦးဘချို–ဒေါ်လှမေတို့၏သားသမက်၊ ဦးပိန်းဖီ–ဒေါ်နုတို့၏သား၊ ဒေါ်ခင်ခင်ဦး၏ခင်ပွန်း၊ ဒေါက်တာဒေါ်ခင်လှချို၊ Capt.ဇော်မြင့်ချို (HUB Line)–ဒေါ်စိုးစိုးဝေ၊ ဦးသန့်ဇင်ချို–ဒေါ်စပယ်၊ Capt. သန့်ဇော်ချို (RCL)–ဒေါ်မြတ်သပြေ၊ ဒေါ်ခင်မြင့်ချို၊ ဦးမင်းမြင့်ချို–ဒေါ်မင်းစုစုမြင့်တို့၏ဖခင်၊ မြေး ငါးယောက်တို့၏ အဘိုးသည် ၁၄–၆–၂၀၀၃ရက်(စနေနေ့)ည ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆–၆–၂၀၀၃ရက် (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
ဒေါ်သန်းတင် (ကွမ်းခြံကုန်း)

အသက်(၆၈)နှစ်

ရန်ကုန်တိုင်း၊ ကွမ်းခြံကုန်းမြို့နယ်၊ ဈေးပိုင်းရပ်ကွက်နေ (ဦးစံတင့်–ဒေါ်အေးမေ)တို့၏သမီး၊ (ဦးဟံစိန်–ဒေါ်ညွန့်ရီ)တို့၏သမီးချွေးမ၊ ဦးသန်းတင့်၏ဇနီး၊ Dr.ဝင်းမြင့်–ဒေါ်ခိုင်ခိုင်ဦး၊ ဦးစိန်ငွေး–ဒေါ်ချိုချိုအောင်၊ Dr.စစ်ခင်–ဒေါ်အေးအေးတင့်၊ ဒေါ်မော်မော်အောင်တို့၏မိခင်၊မြေးရှစ်ယောက်တို့၏အဘွားသည် ၁၄–၆–၂၀၀၃ရက်(စနေနေ့) နံနက် ၆:၃၀နာရီတွင် အာရှတော်ဝင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၆–၆–၂၀၀၃ရက် (တနင်္လာနေ့) မွန်းလွဲ၁၂:၃၀ နာရီတွင် ကွမ်းခြံကုန်းသုသာန်သို့ပို့ဆောင်သဂြိုဟ်ပါမည်။ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဦးအော်ပု (မြိတ်) အသက်(၈၄)နှစ်

မြိတ်မြို့နေ ဦးလှဝင်း–ဒေါ်အေးအေးသွယ်(ဇင်ယော်မင်းကုမ္ပဏီလီမိတက်)တို့၏ဖခင် ဦးအော်ပုသည် ၁၁–၆–၂၀၀၃ရက်တွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။
ဦးအင်ငယ်–ဒေါ်ထွေးညို၊ အင်ငယ်ဆေးမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဦးအော်ပု (မြိတ်) အသက်(၈၄)နှစ်

မြိတ်မြို့နေ ဦးလှဝင်း–ဒေါ်အေးအေးသွယ်(ဇင်ယော်မင်းကုမ္ပဏီလီမိတက်)တို့၏ဖခင် ဦးအော်ပုသည် ၁၁–၆–၂၀၀၃ရက်တွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။
ကိုသန့်ဇင်–မသန္တာဦး၊ အောင်သူရစက်လှေမိသားစု။

ကျေးဇူးတင်လွှာ

ကွယ်လွန်သူ ဒေါ်အုန်းမြ အသက်(၅၆)နှစ် နာမကျန်းစဉ်က ပြုစုစောင့်ရှောက်ပေးကြသော အထွေထွေရောဂါကုဆေးရုံသစ်ကြီးမှ ပါမောက္ခဆရာဝန်ကြီးနှင့် ဆရာဝန်၊ ဆရာမများ၊ သူနာပြုများအား ကျေးဇူးဥပကာရတင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်စီပို့ (မြစ်ကျိုး)

အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ၄၁ ရပ်ကွက်၊ တိုး/ချဲ့ မဟာမြိုင်အိမ်ရာ၊ တိုက်အမှတ် ၄၃၊ အခန်း ဒီ(၂)နေ (ဦးကျင်ဟန် – ဒေါ်မှျင်)တို့၏ သမီး၊ (ဦးမောင်နီ၊ လေယာဉ်မောင်ချုပ်၊ ငြိမ်း)–ဒေါ်မေမေခင်တို့၏ညီမ၊ ဦးလှအောင် (စီးပွား/ကူးသန်း၊ ငြိမ်း)–ဒေါ်မြမြမူ (အကောက်ခွန်၊ ငြိမ်း)၊ ဦးခင်မောင်ကြည် (MEIC၊ ငြိမ်း) – ဒေါ်တင်တင်ဝင်း (ပုဇွန်တောင်ဈေး)တို့၏အစ်မ၊ မောင်ဝင်းနိုင်–မသန္တာအောင် (ပသအ)တို့၏အဒေါ်၊ တူ တူမ ကိုးယောက်တို့၏ကြီးတော်သည် ၁၅–၆–၂၀၀၃ရက် နံနက် ၇:၅၀ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၇–၆–၂၀၀၃ရက် (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီး မိတ်ဆွေအပေါင်းအားအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)
ကျန်ရစ်သူမိသားစု။

ဒေါ်ကြည် (သာဂရ)

အသက်(၇၄)နှစ်

ပဲခူးတိုင်း၊ရေတာရှည်မြို့နယ်၊သာဂရမြို့၊ ဈေးတန်းရပ်နေ (ဦးရိုး)၏ ဇနီး၊ ဦးအေးကျော် (ဌာနခွဲမှူး၊ မြန်မာ့စက်ရုံနှင့်အဆောက်အအုံလုပ်ငန်း၊ စက်မှု–၂)၊ ဒေါ်တင်တင်ဆင့်၊ ဒေါ်ခင်မမကြီး၊ ဗိုလ်ကြီးကျော်ကျော်လှိုင်၊ ဒေါ်နီနီလှတို့၏မိခင်၊ မောင်ထွန်းထွန်းဝင်း၊ မောင်မျိုးမင်းကျော်၊ မောင်အောင်မြတ်သူ၊ မအေးအေးဆင့်တို့၏အဘွားသည် ၁၄–၆–၂၀၀၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၆–၆–၂၀၀၃ရက်(တနင်္လာနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။ (အမှတ် ၄–က၊ ကန်ရိပ်သာလမ်း၊ မရမ်းကုန်းမြို့နယ် နေအိမ်မှကားများ မွန်းလွဲ ၂:၃၀ နာရီတွင်ထွက်ခွာပါမည်။)
ကျန်ရစ်သူမိသားစု။

ဒေါ်အန်ကြူးမား(ခ)ဒေါ်အမီနာ (မော်လမြိုင်)

အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ သာကေတ၊ ၃ ရပ်ကွက်၊ ရန်ပြေ ၁၉ လမ်း၊ အမှတ် ၃၀/က နေ [ဦးလှမြင့်(ခ)ဦးဝါဟတ်]၏ဇနီး၊ ဦးကစ်စနား–မခင်ကြည်(ဦးသန်းရွှေ)၊ ဦးမောင်မောင်–ဒေါ်ဖဒီဒါဘီဘီ၊ ဦးလှမြင့်–ဒေါ်ရင်မေ၊ဦးလှရွှေ–ဒေါ်လှလှဝင်းတို့၏မိခင်၊ မြေး ၁၇ ယောက်တို့၏ အဘွားသည် ၁၃–၆–၂၀၀၃ရက် (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့အာစရ်အပြီးတွင် ရေဝေး ကဘာရ်စတန်၌ဒါဖနာပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟများအား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
ဟာဂျီရရှစ်(ခ)ပူနူးဘိုင်(ခ) ဦးလှရွှေ

အသက်(၄၈)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၆၂၊ အနော်ရထာလမ်းနှင့် ၂၄၉ အနော်ရထာလမ်းနေ[အာမက်ဟာဂျီအဗ္ဗဒူလာမက်ထရိဝါလာ(ခ)ဦးအုန်းရွှေ – နူးရ်မားဘီ(ခ)ဒေါ်ကြည်လှ]တို့၏ သား၊ အဇီဇာဘီ(ခ)ဒေါ်မြင့်မြင့်ဝင်း၏ခင်ပွန်း၊ အာမာရ်ရှာရစ်(ခ)သားကြီး(ခေတ္တ–U.S.A)၊ရှာဖစ်(ခ)လှဝင်းသူတို့၏ ဖခင်၊ (အေရှာကူရ်)–ရဟီမားဘီ(ခ)ဒေါ်ခင်အုန်းကြွေ၊ [ရှရီဒါရ်ဘီ(ခ)ဒေါ်လှရီ]တို့၏ ညီ/မောင်၊ ဟာဂျီမိုဟာမက် ဟာရွန်(ခ)ဟာဂျီဦးခင်မောင်–ဆိုက်ဒါဘာနူး (ခ)ဒေါ်ချိုချိုမာ (လကမ္ဘာလျှပ်စစ်)၊ နဂျမာဘီ(ခ)ဒေါ်ခင်သန်းနွဲ့–ဟာဂျီရက်ကိစ်(ခ)ဟာဂျီဦးကျော်အေး (ရွှေခြင်္သေ့ လျှပ်စစ်)၊ အာဇန်ဘိုင်(ခ)ဦးယဉ်ထွေး၊ ဟာဂျီ အက္ကာဘား(ခ)ဦးချစ်ဆွေ–ဘီလ်ကစ်(ခ)ဒေါ်စန္ဒာဝင်းတို့၏အစ်ကို၊ တူ တူမ ၁၉ ယောက်တို့၏ဦးလေးသည် ၁၂–၆–၂၀၀၃ရက် (ကြာသပတေးနေ့) နံနက် ၆:၃၀ နာရီတွင်အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ၎င်းနေ့ ဇဟိုနမာဇ်အပြီး ရေဝေး ကဘာရ်စတန်တွင် ဒါဖနာပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊ဒါယိကာမကြီး
ဒေါ်ကျင်ရင် (တောင်ငူ)

အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ၂၀၄–ဘီ၊ မြေညီထပ်၊ မဟာဗန္ဓုလလမ်းနှင့် လမ်း ၅၀ ထိပ်နေ (ဦးစိန်–ဒေါ်အေးချို) တို့၏သမီး၊ (ဦးကွမ်ညွန့်ရီ)၏ဇနီး၊ ဦးလှမောင်–(ဒေါ်ခင်ခင်)၏အစ်မ၊ ဦးခင်မောင်ကြည်–ဒေါ်ခင်စိန် (ဝင်းအအေးဆိုင်)၏မိခင်၊ (ဦးထွန်းရင်)၊ ကိုဝင်းအောင်–မခင်ခင်လှိုင်၊ ကိုစံသိန်း–မယဉ်ယဉ်အေး၊ ကိုသိန်းဝင်း–မစန်းစန်းမြင့်တို့၏ အဘွား၊မင်းမြတ်သူ၊ နေဝင်းလှိုင်တို့၏ အဘွားသည် ၁၃–၆–၂၀၀၃ရက် (သောကြာနေ့) နံနက် ၂နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌သဂြိုဟ် ပြီးစီးပါကြောင်း။

ကွယ်လွန်သူအား ရည်စူး၍ ၁၉–၆–၂၀၀၃ရက် (ကြာသပတေးနေ့) တွင် ရက်လည်ဆွမ်းကျွေး တရားနာယူရန် နံနက် ၇နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးတိုးအောင် (စန္ဒရား)

ပြည်ထောင်စုဘဏ်၊
လ/ထကြီးကြပ်ရေးမှူး(ငြိမ်း)
အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ ဦးအုန်းခင် (မော်ကွန်းထိန်း၊ ငြိမ်း၊ တပ်မတော် မော်ကွန်းတိုက်)–သခင်မကြီး(ဒေါ်စောရင်)(ဥက္ကဋ္ဌ ဝိပဿနာအဖွဲ့ချုပ်)တို့၏သား၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ တိုက် ၄၊ အခန်း ၁၁ နေ ဒေါ်မြမြအေး(ခ)ဒေါ်ဝင်း၏ခင်ပွန်း၊ (မောင်ကျော်ဘုန်းမြင့်)၊ မခိုင်နန္ဒာ (Konica ချောစုဓာတ်ပုံ)၊ ဦးပေါ်ဦး–ဒေါ်ဝင်းဝင်းစော(Vision Lab)တို့၏ဖခင်၊ မဝင်းရတနာဦး၊မထက်ထက်လှိုင်တို့၏အဘိုးသည် ၁၅–၆–၂၀၀၃ရက် (တနင်္ဂနွေနေ့) နံနက် ၅:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇–၆–၂၀၀၃ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးတင်ထွန်း(ခ) ဦးထွန်းထွန်း

(ဇေယျစက်မှုလုပ်ငန်း၊မြေနီကုန်း)
အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ အမှတ် ၂၇၊ မဟာဘောဂလမ်း၊ မြေနီကုန်းတောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်နေ (ဦးစစ်နီ–ဒေါ်တင်လှ) (ဇေယျစက်မှုလုပ်ငန်း)တို့၏သား၊ ဒေါ်သန်းရွှေ၏ခင်ပွန်း၊ မစန္ဒာထွန်း၊ မောင်ဥက္ကာ၊ မောင်အောင်မွန်တို့၏ဖခင်သည် ၁၅–၆–၂၀၀၃ရက် နံနက် ၇:၃၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၇–၆–၂၀၀၃ရက် ညနေ ၃ နာရီတွင်ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်စိုးစိုးမြင့်

လဝက(ငြိမ်း)၊မရမ်းကုန်း
သန်မြန်သူ(ရုံးချုပ်)
အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ရွှေပြည်သာမြို့နယ်၊ဇီးကုန်းကျေးရွာနေ (ဦးမောင်အုံး–ဒေါ်သိန်းခင်) တို့၏သမီး၊ မရမ်းကုန်းမြို့နယ်၊ ရွှေထီးအိမ်ရာ၊ တိုက် ၂၊ အခန်း ၃၀၆ နေ ဗိုလ်မှူးတင်အောင်(ငြိမ်း)၏ဇနီး၊ ကိုငြိမ်းချမ်း(CMA)၊ ဗိုလ်နေသွေး၊ မောင်ကျော်လင်းအောင်၊ မယဉ်မြတ်မွန်တို့၏ မိခင်သည် အမှတ်(၁)တပ်မတော်ဆေးရုံကြီး မင်္ဂလာဒုံ၌ ၁၅–၆–၂၀၀၃ရက် နံနက် ၇:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇–၆–၂၀၀၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် တပ်မတော်ဆေးရုံ အအေးတိုက်မှ မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ပို့ဆောင်မြေမြှုပ် သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

ရက်လည်ဆွမ်းကျွေး တရားနာကို ၂၁–၆–၂၀၀၃ရက် (စနေနေ့)တွင် အထက်ပါနေအိမ်၌ ပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်ဆွေများအား ဖိတ်ကြားအပ်ပါသည်။
ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

တောင်ပြင်ထီးလင်းတိုက်ပတ္တမြားကျောင်းဆရာတော်
ဘဒ္ဒန္တ သောဘိတ မဟာထေရ်
သက်တော်(၇၆)နှစ်၊ သိက္ခာတော်(၅၆)ဝါ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ တောင်ပြင်ထီးလင်းတိုက်၊ ပတ္တမြားကျောင်း ဆရာတော် ဘဒ္ဒန္တ သောဘိတ မဟာထေရ်သည် ၁၃၆၅ခုနှစ် နယုန်လဆန်း ၁၄ ရက် (၁၃–၆–၂၀၀၃ရက်) ကြာသပတေးနေ့ ညနေ ၆ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၅ခုနှစ် နယုန်လပြည့်ကျော် ၅ ရက် (၁၉–၆–၂၀၀၃ရက်) ကြာသပတေးနေ့ မွန်းလွဲ ၂ နာရီတွင် တောင်မြင့်သုသာန်သို့ပင့်ဆောင်၍ အန္တိမအဂ္ဂိဈာပနသဘင် ဆင်ယင်ကျင်းပမည် ဖြစ်ပါသောကြောင့် ရပ်ဝေးရပ်နီးရှိ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။
ဈာပနကော်မတီနှင့်တပည့်ဒါယကာ၊ဒါယိကာမများ။

မဟာသဒ္ဓမ္မဇောတိကဓဇ ဝဏ္ဏကျော်ထင်
ဆရာကြီးဦးကိုလေး (ဇေယျာမောင်)

အသက်(၉၁)နှစ်

သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ဗုဒ္ဓဒေသနာပြန့်ပွားရေးဌာန တွဲဖက်ဌာနမှူး မဟာသဒ္ဓမ္မဇောတိကဓဇ ဝဏ္ဏကျော်ထင် ဦးကိုလေး(စာရေးဆရာကြီး ဇေယျာမောင်)သည် ၁၅–၆–၂၀၀၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉:၃၁ နာရီ တွင် ဆရာကြီးနေထိုင်ရာ ကမ္ဘာအေးကုန်းမြေ ဧည့်ပါမောက္ခရိပ်သာ၌ ကွယ်လွန်သွားပါသဖြင့် ၁၇–၆–၂၀၀၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ သာ/ထွန်း/ပြန့်ဦးစီးဌာန။

ဦးခင်မောင်သန်း

(ရဲအုပ်၊အငြိမ်းစား)
အသက်(၆၄)နှစ်

ပြင်ဦးလွင်မြို့နေ (ဦးသန်း–ဒေါ်ရှိန်)တို့၏သား၊ ဒေါ်ခင်မြင့်–(ဦးခင်မောင်ဝင်း)၊ (ဦးမောင်မောင်ကြီး)–ဒေါ်ခင်ဖြူ၊ ဗိုလ်မှူးခင်မောင်လေး – ဒေါ်သိန်းကျော်တို့၏ ညီ/မောင်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မြို့သစ် ၁လမ်း၊ အမှတ် ၂၄ နေ ဒေါ်ခင်ခင်ဆင့်၏ခင်ပွန်း၊ ဒုရဲမှူးသန်းဦး (မြို့နယ်မှူး၊ ဒဂုံ/မြောက်)–ဒေါ်သူဇာသန်း၊ဦးအောင်ဇော်မိုး၊ဦးတင်အောင်ထွေး၊ ဦးတင်မောင်မောင်သန်း (Uniteam Marine)၊ ဒေါ်သိမ့်သိမ့် (ရေသန့်/စည်ပင်)၊ ဦးဖုန်းဆက်တို့၏ ဖခင်၊ မြေး လေးယောက်တို့၏ အဘိုးသည် ၁၅–၆–၂၀၀၃ရက် ညနေ ၄:၃၀ နာရီတွင် ဗဟိုစည်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၇–၆–၂၀၀၃ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သဂြိုဟ်ပါမည်။
ကျန်ရစ်သူမိသားစု။

ဦးတင်အေး

ဒုအထွေထွေမန်နေဂျာ(ငြိမ်း)၊
ဆေးနှင့်ဆေးကိရိယာရောင်းဝယ်ရေး၊
ဒါရိုက်တာ၊ မြန်မာမျက်မှန်၊
ရန်ကုန်မြို့
အသက်(၆၂)နှစ်

ပဲခူးတိုင်း၊ သနပ်ပင်မြို့နယ်၊ မင်းရွာနေ ဦးမြအောင်–ဒေါ်အေးစီတို့၏သား၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ၄၁ ရပ်ကွက်၊ မဟာမြိုင်အိမ်ရာ၊ တိုက်အမှတ် ၂ (စီ–3)နေ ဒေါ်အေးအေးအောင်၏ခင်ပွန်းသည် ၁၅–၆–၂၀၀၃ ရက် နံနက် ၃ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၉–၆–၂၀၀၃ရက် (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးတင်အေး

ဒုအထွေထွေမန်နေဂျာ(ငြိမ်း)၊
ဆေးနှင့်ဆေးကိရိယာရောင်းဝယ်ရေး၊
ဒါရိုက်တာ၊ မြန်မာမျက်မှန်၊
ရန်ကုန်မြို့
အသက်(၆၂)နှစ်

ပဲခူးတိုင်း၊ သနပ်ပင်မြို့နယ်၊ မင်းရွာနေ ဦးမြအောင်–ဒေါ်အေးစီတို့၏သား၊ ရန်ကုန်မြို့၊တာမွေမြို့နယ်၊အမှတ် ၄၁၊ အင်းဝလမ်းနေ ဗိုလ်ကြီးအောင်အောင်လွင် – ဒေါ်စန္ဒာတို့၏ဖခင်၊ မြေး နှစ်ယောက်တို့၏အဘိုးသည်၁၅–၆–၂၀၀၃ ရက် နံနက် ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉–၆–၂၀၀၃ရက် (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။
ကျန်ရစ်သူမိသားစု။

ကိုဝင်းနိုင် (ဈေးကလေး)

အသက်(၃၂)နှစ်

ရန်ကုန်တိုင်း၊ကြည့်မြင်တိုင်မြို့နယ်၊ အမှတ် ၁၁၊ ဈေးကလေး ၆ လမ်း၊ အောက်ကြည့်မြင်တိုင်မြို့နယ်နေ ဦးတင်မောင်(ကပရ၊ အငြိမ်းစား)–(ဒေါ်ငြိမ်းယဉ်)တို့၏ တစ်ဦးတည်းသော သား၊ မအေးအေးမြင့်၊ မစန်းစန်းလွင်(ဗဟိုဘဏ်)တို့၏မောင်သည် ၁၄–၆–၂၀၀၃ ရက် (စနေနေ့) ည ၉:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆–၆–၂၀၀၃ ရက် (တနင်္လာနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်သဂြိုဟ်ပါမည်။(နေအိမ်မှကားများမွန်းလွဲ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ကျိုက်လတ်မြို့နယ်အသင်း
ဦးတင်

အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ၁၄၁ လမ်း၊ အမှတ် ၇၁ နေ ကျိုက်လတ်(ဦးဘတူ–ဒေါ်မိမိကြီး)တို့၏သား၊ (ဦးထွန်းလွင်–ဒေါ်မြင့်မြင့်)တို့၏အစ်ကို (ရာ/အသင်းဝင်) ဦးတင်(မြို့တော်စည်ပင်၊ ရာဖြတ်ဌာန၊ ငြိမ်း)သည် ၁၀–၆–၂၀၀၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၁–၆–၂၀၀၃ ရက် (ဗုဒ္ဓဟူးနေ့)၌ အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များ သိစေအပ်ပါသည်။ အမှုဆောင်အဖွဲ့။

ခေတ္တရာအသင်း
ဒေါ်ခင်မမတင် (ပြည်)

အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၀၂ (J)၊ အနော်ရထာအိမ်ရာ၊ ပြည်လမ်းနေ (ဦးမောင်မောင်တင်၊ BOC)၏ ဇနီး ရာသက်ပန်(၃၉၀) ဒေါ်ခင်မမတင်သည် ၁၃–၆–၂၀၀၃ရက်တွင် ကွယ်လွန်ပြီး ၁၅–၆–၂၀၀၃ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များအား အသိပေးအပ်ပါသည်။ အမှုဆောင်အဖွဲ့။

ဒုအရာခံဗိုလ်စန်းမောင်(ငြိမ်း)

ကပအမ–၂၅၆၆၉
အသက်(၇၅)နှစ်

မြိတ်မြို့နေ(ဦးဘိုးဝေ–ဒေါ်ကြင်လှိုင်)တို့၏သား၊ ပင်လည်ဘူးမြို့နေ (ဦးဘကျော်–ဒေါ်မြား)တို့၏သားသမက်၊ အိမ်အမှတ် ၃/၁/၁၈၊ စိုက်/မွေး(၁)၊ ဒဂုံမြို့သစ် (တောင်ပိုင်း)နေ ဒေါ်ကြည်ကြည်လှိုင်၏ခင်ပွန်း၊ဦးတင်မောင်ထွန်း၊ ဦးမြင့်သိန်း–ဒေါ်စန်းမြင့်ကြည်(အထက–၃၊ ကြည့်မြင်တိုင်) ဒေါ်ညိုညိုစန်း၊ ဗိုလ်ကြီးကျော်တင်ထွန်း–ဒေါ်ခင်ခင်ညို၊ ဦးအေးမင်းသူ (UMW., Co)–ဒေါ်စန်းရင်ကြည်၊ ဦးမောင်ငွေး–ဒေါ်မေမြတ်မိုး၊ ဒုတပ်ကြပ်ကျော်ကျော်ထွန်း–မနော်လှလှမိုးတို့၏ဖခင်၊ မြေး ခုနစ်ယောက်တို့၏ အဘိုးသည် ၁၄–၆–၂၀၀၃ရက် (စနေနေ့) နံနက် ၇:၂၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၆–၆–၂၀၀၃ ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် နေအိမ်မှ လေးထောင့်ကန်သုသာန်သို့ ပို့ဆောင် ဂူသွင်းသဂြိုဟ်ပါမည်။
ကျန်ရစ်သူမိသားစု။

ကိုဝဏ္ဏဇော်မြင့်

(မင်းဓာဏီကုမ္ပဏီ)
အသက်(၃၃)နှစ်

ရန်ကုန်မြို့၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၅ ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်း၊ အိမ်အမှတ် ၁၄၅ နေ ဦးသိန်းမြင့် (ကြေးမုံ သတင်းစာတိုက်)–ဒေါ်ကြင်ကြင်မြတ်တို့၏ သားထွေး၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၃ ရပ်ကွက်နေ ဦးထွန်းကြွယ်–ဒေါ်ငွေးတင်(ခ) ဒေါ်ငယ်လေးတို့၏ သားသမက်၊ ကိုကျော်ရွှေသောင်း–မစိန်ငွေးရီ၊ ကိုမြို့လေး–မဥမ္မာမြင့်၊ (ကိုခင်မောင်ဦး) – မသော်တာမြင့်၊ ကိုကျော်စွာမြင့်–မနီနီဝင်းတို့၏ ညီ/မောင်၊ မခင်ခင်ငွေး၏ခင်ပွန်း၊ မောင်ရဲထက်၏ဖခင်သည် ၁၅–၆–၂၀၀၃ ရက်(တနင်္ဂနွေနေ့)ညနေ ၄:၁၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၇–၆–၂၀၀၃ရက်(အင်္ဂါနေ့)မွန်းလွဲ ၂ နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။ R. 488

ကျိုက်ထီးဆောင်းဆံတော်ရှင်စေတီတော်၊ ကြောင်တစ်ရာစေတီတော်နှင့် မြစာရံစေတီတော် ရွှေထီးတော်တင်လှူပူဇော်ပွဲအခမ်းအနားများ အတွင်းရေးမှူး(၁)တက်ရောက်ကြည်ညို စေတီတော်များအား ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော် တင်လှူပူဇော်

တင်လှူပူဇော်

ကျိုက်ထီးဆောင်းဆရာတော် ဦးဆောင်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် ကျိုက်ထီးဆောင်းဆံတော်ရှင်စေတီတော်မြတ်ကြီး၏ အထွတ်တွင် ငှက်မြတ်နားတော်ကို တင်လှူပူဇော်စဉ်။

(သတင်းစဉ်)

ရန်ကုန် ဇွန် ၁၅

မွန်ပြည်နယ် သထုံခရိုင် ဘီးလင်းမြို့နယ် ဇုတ်သုတ်ကျေးရွာရှိ ကျိုက်ထီးဆောင်းဆံတော်ရှင်စေတီတော်မြတ်ကြီး၏ ရွှေထီးတော်တင်လှူပူဇော်ပွဲမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၈ နာရီ ၄၅ မိနစ်တွင် အဆိုပါစေတီတော်ပရဝဏ်ရှိ နှစ်ကျိပ်ရှစ်ဆူဓမ္မာရုံ၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ကြည်ညိုပြီး ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို တင်လှူပူဇော်သည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သရက်ဆရာတော် ဘဒ္ဒန္တကေသရ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ကလေးဝတောရစာသင်တိုက်ပဓာနနာယကဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ ကျိုက်ထီးဆောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဒီပ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ *စာမျက်နှာ ၈ ကော်လံ ၁* ▼

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို ပင့်ဆောင်၍ ကျိုက်ထီးဆောင်းဆံတော်ရှင်စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်အပူဇော်ခံစဉ်။

(သတင်းစဉ်)

မြန်မာနှင့်ဗီယက်နမ်ဘောလုံးပွဲစဉ် တိုက်ရိုက်ထုတ်လွှင့်ပြသမည်

ရန်ကုန် ဇွန် ၁၅

ပထမအကြိမ် အာဆီယံ အသက်(၁၈)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲစဉ်အဖြစ် ဇွန် ၁၆ ရက် (ယနေ့) ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ မြန်မာလူငယ်နှင့် ဗီယက်နမ်လူငယ်တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ ယှဉ်ပြိုင်ကစားကြပုံများကို မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

SARS ရောဂါ ကြိုတင်ကာကွယ်ရေး

- ✻ မြန်မာနိုင်ငံတွင် SARS ရောဂါ ဖြစ်ပွားခြင်းမရှိပါ။
- ✻ ပြည်ပမှ ကူးစက်လာခြင်းမရှိအောင်လည်း ကြိုတင်ကာကွယ်ဆောင်ရွက်မှုများ ပြုလုပ်နေသည်။
- ✻ ပြည်သူများကပါ ပူးပေါင်းကူညီ ဆောင်ရွက်ကြပါ။

နေသာချိန်ရှိမည်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေသာချိန်ရှိပြီး မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ယနေ့ထုတ်စောင်ရေ– ၂၁၁၉၀၈

မြန်မာလူငယ်အသင်း အနီရောင်ဝတ်စုံဖြင့်ကစားမည်

ရန်ကုန် ဇွန် ၁၅

ပထမအကြိမ် အာဆီယံအသက်(၁၈)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲစဉ်အဖြစ် ဇွန် ၁၆ ရက် (ယနေ့) ညနေ ၃ နာရီခွဲတွင် မြန်မာလူငယ်အသင်းနှင့် ဗီယက်နမ်လူငယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ မြန်မာလူငယ်အသင်းက အင်္ကျီအနီရောင်၊ ဘောင်းဘီအနီရောင်နှင့် ခြေအိတ်အနီရောင်တို့ကို ဝတ်ဆင်ကစားမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**